# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၃၃)


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)ကျင်းပ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား






လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ် စ ရာ**

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံကြရာဝယ်** — ဆောင်းပါး (စာ - ၆)

**ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူဆက်လက်လျော့နည်းကျဆင်းလာ** — နိုင်ငံတကာသတင်း (စာ - ၁၃)

မြန်မာ့အလင်း

## အကြမ်းဖက်မှုများ၏ ရေသောက်မြစ် ထောက်ပံ့ကူညီမှုများကို ဖော်ထုတ်

NUG ၊ CRPH ၊ PDF အမည်ခံ အဖွဲ့အစည်းများကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူလျက်ရှိသည်။ ၎င်းအဖွဲ့အစည်းများမှာ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းများဖြစ်ပြီး ၎င်းတို့ ကျူးလွန်ထားသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးများတွင် ဥပဒေနှင့်အညီ တရားစွဲဆိုထားကာ နိုင်ငံရပ်ခြားသို့ ထွက်ပြေးတိမ်းရှောင်နေပါကလည်း တရားရုံးမှ ထုတ်ပြန်သည့် ဖမ်းဝရမ်းများကို နိုတီပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့သို့ ပေးပို့ထားကြောင်း သိရသည်။

အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ပေါ်စေခြင်း၊ အစိုးရကို အကျဉ်းအကျပ်ကျစေရန်၊ ဖိအားပေးရန် ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်ပွဲ၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် တခြားပြုလုပ်မှုများသည်လည်းကောင်း၊ အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကို ဖြစ်စေ ဆိုးရွားစွာ ထိခိုက်စေသည့် အကြမ်းဖက်မှုများသည်လည်းကောင်း၊ အကြမ်းဖက်မှုတွင် ပါဝင်ရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများသည် လည်းကောင်း၊ အကြမ်းဖက်သမားကို ခိုလှုံခွင့်၊ ပုန်းအောင်းခွင့်၊ တည်းခိုခွင့်ပြုမှုသည် လည်းကောင်း၊ အဆောက်အအုံနှင့် နေရာတစ်ခုခု အသုံးပြုခွင့်၊ စုဝေးခွင့်၊ သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ပေးရန် ဆောင်ရွက်မှုများ၊ ငွေကြေး၊ ပစ္စည်းတို့ ထောက်ပံ့ပေးမှုများသည်လည်းကောင်း အကြမ်းဖက်မှုများပင်ဖြစ်သည်။ သို့ဖြစ်ရာ ကျန်းမာရေးဝန်ထမ်း၊ ပညာရေးဝန်ထမ်းများကို သတ်ဖြတ်သူများ၊ အရပ်သားများကို သူလျှို ဒလန်စွပ်စွဲ၍ သတ်ဖြတ်သူများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဌာနဆိုင်ရာ အဆောက်အအုံများကို မီးရှို့သူ၊ ဖျက်ဆီးသူ၊ ဖောက်ခွဲသူများ၊ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နောက်ကွယ်မှ စီမံသူ၊ ငွေကြေးထောက်ပံ့သူ၊ လက်နက်ခဲယမ်းများ ကူညီပံ့ပိုးသူများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများမှာ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများပင်ဖြစ်သည်။

အကြမ်းဖက်မှုများနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရာ အကြမ်းဖက်သမားတို့အဖို့ ပြေးစရာမြေမရှိဟုပင် ဆိုရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၈/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် အကြမ်းဖက်အဖွဲ့အစည်းများကို နောက်ကွယ်မှ ငွေကြေးများ၊ ပစ္စည်းများ ထောက်ပံ့နေသည့်ကိစ္စများကို သေချာစနစ်တကျ စိစစ်ဖော်ထုတ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအကြမ်းဖက်မှုများနှင့် ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိအောင် သတင်းထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်နေကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးတစ်ဦးက ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများ ကျူးလွန်နေသည့် အကြမ်းဖက်လုပ်ရပ်များ၏ ရေသောက်မြစ်မှာ ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုများပင် ဖြစ်သည်။ ရေသောက်မြစ် ဖြတ်တောက်ပါက ပင်မ၊ ပင်စည်သည် ကြာမြင့်စွာ ဆက်လက်မရှင်သန်နိုင်သည့်အလျောက် အကြမ်းဖက်မှုများ၏ နောက်ကွယ်မှ ထောက်ပံ့နေမှုများကို ဝိုင်းဝန်းကူညီဖော်ထုတ်၍ အကြမ်းဖက်လုပ်ရပ်များ ဖယ်ရှားရှင်းလင်းနိုင်ကြပါစေကြောင်း။ ။

## အသိပေးကြေညာချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်**

အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် တိုးမြှင့်သတ်မှတ်ကြေညာထားသော ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ နေ့ရက်များအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)တွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဌာနဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား အမှတ်(၄၉)၊ စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းရုံးခွဲ)၌ ဖွင့်လှစ်ထားသည့် One Stop Services-OSS ရုံးတွင်လည်းကောင်း ရုံးချိန်အတွင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် စက်တင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါး/ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## သီပေါမြို့နယ်၌ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်

**သီပေါ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်လူနာများနှင့် အောက်ဆီဂျင်အသုံးပြုနေရသူများ အောက်ဆီဂျင်လိုအပ်မှုကို လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် တရုတ်နိုင်ငံမှ မှာယူခဲ့သော အောက်ဆီဂျင်ထုတ်စက်သည် ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့်ထားရှိမည့် ဝိုင်းကောင်မြို့ဟောင်း ကျေးရွာဒုဋ္ဌဝတီမြစ်အရှေ့ဘက်ကမ်း အောက်ဆီဂျင်အဆောက်အအုံသို့ ယနေ့နံနက်က ရောက်ရှိလာသည်။

အဆိုပါအောက်ဆီဂျင်စက်သည် တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အလုံး ၁၂၀ ဖြည့်တင်းထွက်ရှိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ စက်တန်ဖိုးမှာ ငွေကျပ် ၇၇၅ သိန်းဖြစ်၍ စက်ရုံတည်ဆောက်ခြင်း၊ လမ်းခင်းခြင်း၊ လျှပ်စစ်သွယ်တန်းခြင်းစသည့် အသေးစိတ်လုပ်ငန်းများအပါအဝင် ငွေကျပ်သိန်း ၂၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း မြို့နယ်အောက်ဆီဂျင်ဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဦးစိုင်းဇော်ဝင်းက ပြောသည်။

ယခုရက်ပိုင်းအတွင်း အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သဖြင့် သီပေါမြို့နယ်မှ အောက်ဆီဂျင်လိုအပ်သော လူနာများအပြင် အခြားမြို့နယ်များမှ ပြည်သူများအတွက် လိုအပ်သော အောက်ဆီဂျင်များ တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**စိုင်း(သီပေါ)**



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၁-၈-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection – Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 8 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 9 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာ ဒေါ်သီတာဦးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်ကို၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

❖ **လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းရပ်များ ဆောင်ရွက်နေသည့် ကော်မတီတစ်ရပ်ဖြစ်သည့် အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးစခန်း များ၌ လုံခြုံရေးဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေဖြစ်သဖြင့် မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှုအပြည့်အဝရှိရန် လိုအပ်မှုအခြေအနေ၊ သစ်တောမြေများနှင့် ပတ်သက်၍ စနစ်တကျအသုံးပြုရန် လိုအပ်မှုနှင့် စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုခြင်းများ မပြုလုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများ စီမံခန့်ခွဲရေးတွင် ရေရှည်အတွက်စဉ်းစား၍ စီမံဆောင်ရွက်ရန် လိုအပ်မှု အခြေအနေ၊ နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြား**

**အကျယ်တဝင့် ရှင်းလင်းမှာကြား**

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းရပ်များ ဆောင်ရွက်နေသည့် ကော်မတီတစ်ရပ်ဖြစ်သည့် အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေဖြစ်သဖြင့် မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှု အပြည့်အဝရှိရန် လိုအပ်မှုအခြေအနေ၊ သစ်တောမြေများနှင့် ပတ်သက်၍ စနစ်တကျအသုံးပြုရန် လိုအပ်မှုနှင့် စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုခြင်းများ မပြုလုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများ စီမံခန့်ခွဲရေးတွင် ရေရှည်အတွက် စဉ်းစား၍ စီမံဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

**ဖြည့်စွက်ရှင်းလင်းပြောကြား**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးချုပ်များက သက်ဆိုင်ရာ ကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် Oxygen Plant ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဩဂုတ် ၃၁**

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၃) ကုန်သည်လမ်းနှင့် စန္ဒကူးလမ်းထောင့်၌ တည်ဆောက်ထားသော Oxygen Plant ဖွင့်ပွဲအခမ်းအနားကို အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**အခမဲ့ဖြန့်ဝေ**

အဆိုပါ Oxygen Plant သည် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိပြီး အရည်အသွေးမီ Full Medical Grade Oxygen အား တစ်နေ့လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုး ၈၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၊ Tourism Clinic နှင့် အောက်ဆီဂျင်လိုအပ်လျက်ရှိသော နေရာများကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဖွဲ့စည်းတည်ထောင်ခြင်း (၅၄) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖိလစ်ပိုင်နိုင်ငံခရီးသွားလာရေးဌာနမှ တာဝန်ယူ၍ “ASEAN Tourism Towards Recovery and Resiliency” ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဖိုရမ်သို့ Video Conferencing စနစ်ဖြင့် Online မှ ချိတ်ဆက်တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် Oxygen Plant ဖွင့်ပွဲအခမ်းအနားတွင် အွန်လိုင်းမှတစ်ဆင့် အမှာစကားပြောကြားစဉ်။

ဖိုရမ်တွင် ဖိလစ်ပိုင်နိုင်ငံခရီးသွားလုပ်ငန်းဌာန အတွင်းရေးမှူး Ms. Bernadette Romulo Puyat၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Satvinder Singh နှင့် ပြည်ထောင်စုဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**ဆွေးနွေးပွဲတစ်ရပ်ဖြစ်**

ပြည်ထောင်စုဝန်ကြီးက ယခု ဖိုရမ်သည် “ASEAN Tourism Towards Recovery and Resiliency” ဟူသောဆောင်ပုဒ်ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာစေရေးအတွက် အလေ့အကျင့်ကောင်းများနှင့် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ၏ စုပေါင်းအားထုတ်နေမှုတို့ကို မျှဝေရေးအတွက် ထိရောက်ကောင်းမွန်သော ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ငံတော်မှ ကူညီပံ့ပိုးပေး**

အဆိုပါ ဖိုရမ်သို့ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်ကြားရေးလုပ်ငန်းများအပါအဝင် Tourism Stakeholder များနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများမှ စုစုပေါင်း ကိုယ်စားလှယ် ၆၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည် ဖွင့်လှစ်နိုင်မည့်အခြေအနေ၊ စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေမှုနှင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၃၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရွှေကျင်မြို့တွင် ၇ ဒသမ ၀၅ လက်မ၊ မဒေါက်မြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၃ ဒသမ ၇၅ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၇၁ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပြင်ဦးလွင်မြို့နှင့် လှိုင်းတက်တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ မန္တလေး(ချမ်းအေးသာစံမြို့နယ်)တွင် ၁ ဒသမ ၈၁ လက်မ၊ ဝမ်းတွင်းမြို့တွင် ၁ ဒသမ ၇၉ လက်မနှင့် မန္တလေး(ချမ်းမြသာစည်မြို့နယ်)တွင် ၁ ဒသမ ၇၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၃၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံရှိ Cityline ပတ်လည်စက် စက်ကြွခိုင်ရေးဆောင်ရွက်နေမှု၊ Oliver ရွက်ထိုးစက်ဖြင့် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သိုလှောင်ရုံတွင် ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် CTP ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ပုံနှိပ်စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### တီထွင်ကြံဆလုပ်ဆောင်ကြရမည်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် နိုင်ငံ့ဝင်ငွေ တိုးတက်စေမည့် လုပ်ငန်းများ ပိုမိုလုပ်ကိုင်၍ စက်စွမ်းအားပြည့် ဆောင်ရွက်ပေးရန်နှင့် ဝင်ငွေတိုးတက်ရှာဖွေနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပုံနှိပ်လုပ်ငန်းများ အမှားအယွင်း မရှိစေရေးနှင့် ပစ္စည်းများ လုံခြုံစွာ ထိန်းသိမ်းရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံရေး အခင်းအကျင်းနှင့် ဖြစ်ပေါ်နေသည့် အခြေအနေများတွင် နိုင်ငံတော်ဘက်မှ ရပ်တည်၍ ပါဝင်ဆောင်ရွက်ရသော အရေးကြီးသည့် ဌာနတစ်ခုဖြစ်သည်ဟု ခံယူဆောင်ရွက်ကြစေ လိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အစဉ်အလာကောင်းများ ဖန်တီးပေးအပ်ချင်ကြောင်း၊ ထို့ကြောင့် လုပ်နည်းလုပ်ဟန် အဟောင်းများ၊ ခေါက်ရိုးကျိုးနေသည့် လုပ်ငန်းပုံစံများအစား ပိုမိုသစ်လွင် ကောင်းမွန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် တီထွင်ကြံဆလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် အလွှာအသီးသီး၊ နယ်ပယ်အသီးသီးနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသည့်အတွက် ၎င်းတို့အား စိတ်ကျေနပ်မှုရစေမည့် ဝန်ဆောင်မှုများ ပေးရန်နှင့် ပြည်သူလူထု၏ အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ရုံတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရန်နှင့် လျှပ်စစ်မီးလိုင်း၊ မီးကြိုးများ ပေါက်ပြဲမှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်မရှိစေရေး အမြဲမပြတ်စစ်ဆေး ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

### သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်မောင်ဦး၊ အတွင်းရေးမှူး ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးရဲနိုင်စိုးနှင့် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးခင်မောင်အေး (KMA)၊ ဒေါက်တာ အေးမင်း၊ ဦးမောင်မောင်မြင့်အေး၊ ဦးစိုးမင်း၊ ဦးတင်မောင်ထွေး၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ချိုအိဇင် (ခေါ်) နွေဦးလင်း၊ ဦးနေလင်း (မောင်ချိုဝေ) တို့ တက်ရောက်ကြသည်။

### နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါ

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပညာရှင်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသောကဏ္ဍမှ ပါဝင်နေသည့်အတွက် ၎င်းတို့နှင့် ပေါင်းစပ်၍ တိုင်းပြည်၏ အနာဂတ်ကောင်းအောင် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ပါဟု လမ်းညွှန်ထားပါကြောင်း၊ ယနေ့ အခြေအနေတွင် မသမာသူများ၊ ကျင့်ဝတ်မဲ့မီဒီယာများကြောင့် လူငယ်အချို့၏ ဘဝများ ထိခိုက်ဆုံးရှုံးမှုများ ရှိနေပါကြောင်း၊ ထို့ကြောင့် ပြည်သူများအား အသိမှန်၊ အမြင်မှန်၊ အလုပ်မှန်စေရန် သတင်းမီဒီယာသမားများက မှန်ကန်သည့် မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ အနာဂတ် မျိုးဆက်များသည် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း။

အိမ်စောင့်အစိုးရသည် နိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် ချမှတ်၍ နိုင်ငံနှင့် နိုင်ငံသားတို့အကျိုးအတွက် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များသည် အသက်အရွယ်အရ လည်းကောင်း၊ အသိအမြင် အတွေ့အကြုံအရ လည်းကောင်း ရင့်ကျက်သူများဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်းနှင့် မိမိတို့၏ မြန်မာ့လူ့အသိုင်းအဝိုင်းကို အေးချမ်းတည်ငြိမ်ပြီး သာယာပျော်ရွှင်ဖွယ်ကောင်းသည့် လူ့အသိုင်းအဝိုင်းကြီးတစ်ခု ဖြစ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ သတင်း မီဒီယာကောင်စီဝင်များက ကူညီဖော်ဆောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

### မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များက မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သတင်းမီဒီယာသမားများအတွက် ကူညီထောက်ပံ့ရေး ကိစ္စများ၊ သင်တန်းဖွင့်လှစ်ရေးကိစ္စများ၊ မီဒီယာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကိစ္စများ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်လွှင့်လျက်ရှိသည့် မီဒီယာလုပ်ငန်းများအပေါ် အကြံပြုချက်များ ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

သတင်းစဉ်

---

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဩဂုတ် ၃၁**

မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ တိပိဋကလင်္ကာရစာသင်တိုက်၊ ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက်ရှိ အာသောကရာမစာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဥယျာဉ် ပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အောင်မင်္ဂလာနမ့်ဆန် ကျောင်းတိုက်၊ ရက္ခဝတီတောရတပ်ဦးကျောင်းတိုက်နှင့် အထက်မန်အိုင်လွယ်ဝိန်း ကျောင်းတိုက်များရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**မော်လမြိုင် ဩဂုတ် ၃၁**

မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတ စေတနာ့ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးမှုကို မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှု၍ အားပေးသည်။ **(ယာပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

မွန်ပြည်နယ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ကိုးသောင်း ငါးထောင်အား ထိုးနှံပေးခဲ့ပြီဖြစ်ရာ ယခုထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို မော်လမြိုင်မြို့နယ် အပါအဝင် သက်ဆိုင်ရာမြို့နယ်များအလိုက် သတ်မှတ်စုရပ်နေရာများ၌ ဩဂုတ် ၂၇ ရက်မှစ၍ ဒုတိယအကြိမ်အဖြစ် ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ရာမည အားကစားကွင်းတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေကျပ် ၈၇၂ သန်းဖြင့် မီတာ ၄၀၀ Synthetic ပြေးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် စံချိန်၊ စံညွှန်းပြည့်မီစွာ တည်ဆောက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၃၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာ

မိမိတို့အနေဖြင့် လိုအပ်သည့် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်းနှင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြပ်မတ်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ယခုလအကုန်တွင် ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျအောင် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဩဂုတ် ၁ ရက်တွင် ပိုးတွေ့လူနာ ၃၁၈၀ ၊ ဩဂုတ် ၂၂ ရက်နေ့တွင် ၈၉၉၁ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာ ၂၁၇၃ ဦးရှိခဲ့သဖြင့် ရာခိုင်နှုန်းအရ ၂၄ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ရောဂါကူးစက်မှုနှုန်း ကျဆင်းရခြင်းမှာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီအသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၃၀-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅၅/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည်–

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

( ခ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏ လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

( ဂ ) ကုန်ထုတ်စွမ်းအား မကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့်လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်၊

( င ) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

( စ ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away) ဖြင့်သာ ရောင်းချရန်၊

( ဇ ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(ဈ ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း (Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေး အစီအမံများ မဖြစ်မနေဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့် ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

( ဋ ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) လိုက်နာဆောင်ရွက်ရန်၊

( ဌ ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊

( ဍ ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID–19 ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အခြေခံအိမ်ထောင်စုဝင်များအတွက် စားသောက်ကုန်ဆန်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများသည် မြို့နယ်များအတွင်းရှိ အခြေခံအိမ်ထောင်စုဝင်များအတွက် အခြေခံစားသောက်ကုန်ဆန်များကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ၁၂ လမ်းနှင့် ၇၇ လမ်းထောင့်၊ ဓမ္မနိဗဒ္ဓထားဝယ်ဓမ္မာရုံကြီးနှင့် ၈၆ လမ်း၊ ၁၃ လမ်းနှင့် ၁၄ လမ်းကြား၊ ကိုးခန်းဓမ္မာရုံ၌ ထောက်ပံ့ပေးအပ်သည်။



ထိုသို့ ထောက်ပံ့ပေးမှုအစီအစဉ်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အိမ်ထောင်စုဝင်များအား တွေ့ဆုံ၍ထောက်ပံ့ပေးရခြင်းရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရောဂါကူးစက် သေဆုံးမှု သိသာစွာကျဆင်းလာမှုများ၊ ပြည်သူများအနေဖြင့် ကိုဗစ်ကာကွယ်ရေး လမ်းညွှန်ချက်များကို တိကျစွာ ဆက်လက်လိုက်နာရန် အချက်များ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများကို မြို့နယ်အလိုက် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နေသည့် အစီအမံများနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။(ဓာတ်ပုံ)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အနေဖြင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၈ အုပ်စု၊ အိမ်ထောင်စု ၄၈၇၀၈ စု၊ လူဦးရေ ၂၀၅၆၈၀ တို့အတွက် ငွေကျပ် ၂၂၅၀၅၂၃၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၂၁၇၇ အိတ်ကို ထောက်ပံ့ပေးမည်ဖြစ်ရာ ယနေ့ ထောက်ပံ့ပေးအပ်ပွဲတွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၂၄၇ စု၊ လူဦးရေ ၄၈၈၈ ဦးအတွက် ငွေကျပ် ၅၀၇၇၇၆၅ တန်ဖိုးရှိ ဆန်အိတ် ၃၁၁ အိတ်ကျော်ကို ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ကျန်ရှိမြို့နယ်များကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံကြရာဝယ်

မင်းလှိုင်ထော

**ကိုဗစ် –၁၉ ၏ အစွမ်းနှင့် နောက်ဆက်တွဲ ဒုက္ခပင်လယ်ဝေခဲ့ရမှုသည် တတိယလှိုင်းတွင် ပို၍ထင်သာမြင်သာ ရှိခဲ့ကြလေသည်။ မိမိ ချစ်သူခင်သူ မြတ်နိုးရသူတို့ အနားမှာ မရှိနိုင်ကြတော့ပေ။ ကိုဗစ် ပြင်းထန်ရောဂါ အခြေအနေမှ လွတ်မြောက်လာခဲ့လျှင်လည်း နာလန်ထူရန် အချိန်ပေးရသေးသည်။ ကိုဗစ် –၁၉ ရောဂါကြောင့် လူမှု၊ စီးပွားနှင့် ဘဝများစွာ ဆုံးရှုံးခဲ့ရသည်။ နစ်နာခဲ့ရလေသည်။ ရှေ့ရင်ဆို့ မျက်ရည်ဆို့ခဲ့ရသော၊ ပူလောင်ခဲ့ရသော အဖြစ်အပျက်များ မိသားစုကိုယ်စီနှင့် မိမိပတ်ဝန်းကျင်တို့တွင် ရှိခဲ့ပြီးလေသည်။ ထို့ကြောင့်...ထို့ကြောင့်... ထို အတိတ်ဆိုး၊ ကိုဗစ် ၁၉ ရန်သူဆိုး၏ အောင်နိုင်ရာ လက်နက်မှာ ကာကွယ်ဆေးပင်ဖြစ်ပါသည်။**



### အမျိုးအစားများစွာရှိ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization–WHO) က အသိအမှတ်ပြုထားသော၊ နိုင်ငံပေါင်းများစွာက ထုတ်လုပ်ထားသော ကိုဗစ် –၁၉ ကာကွယ်ဆေး အမျိုးအစားများစွာ ရှိလေသည်။ သို့သော် ကိုဗစ် –၁၉ ကာကွယ်ဆေး အမျိုးအစားများထဲမှ မိမိကြိုက်နှစ်သက်သော အမျိုးအစားကို စိတ်ကြိုက် ရွေးချယ်ထိုးနှံရန် လက်ရှိအခြေအနေတွင် ခက်ခဲနေသေးသည်။ ရွေးချယ်ရန်မရှိသောကြောင့် Something is better than nothing အချို့တစ်ဝက်က ဘာမှ မရှိတာထက် ပိုကောင်းပါသည်။ ထို့ကြောင့် ကိုဗစ် –၁၉ ကို အနိုင်တိုက်ရန် ကာကွယ်ဆေးကို ထိုးနှံကြပါစို့လို့ တိုက်တွန်းလိုပါသည်။

ယခုအခါ ကိုဗစ် –၁၉ ကာကွယ်ဆေးကို အစိုးရအစီအစဉ်ဖြင့် အသက် ၆၅ နှစ်နှင့်အထက် လူကြီးများကို စတင်ထိုးနှံပေးနေလေသည်။ ထို့ပြင် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ကာကွယ်ဆေးရရန် အကောင်အထည်ဖော်နေကြလေသည်။ မဝေးတော့တဲ့ အချိန်တစ်ခုမှာ ကာကွယ်ဆေးထိုးနှံခွင့်ရရှိရန် ကြိုးစားကြရပေမည်။

### အတည်ပြု ယုံကြည်စေလို

ကိုဗစ် –၁၉ သည် မာယာများသော ပိုးဖြစ်သည်။ လူတို့ကို ခြောက်လှန့် ထိုးနှက်ဖို့ ရောက်ရှိလာသည်မှာ အချိန်ကာလအားဖြင့် နှစ်နှစ်ပင် မပြည့်သေးပါ။ ထို့ကြောင့် ဆေးပညာရှင်များသာမက လူထုအတွက် အရာရာသည် အဆန်းတကြယ် ဖြစ်နေပေသည်။ သူ့အကြောင်းကို လုံးစေ့ပတ်စေ့ မသိနိုင်သေးပါ။ မသိရှိခြင်း၏ နောက်ဆက်တွဲသည် ၎င်းကို ကြောက်လန့် စိုးရိမ်ခြင်းဖြစ်သည်။ ကိုဗစ် –၁၉ အကြောင်းသာမက ကိုဗစ် –၁၉ ကာကွယ်ဆေးသည်လည်း အတူတူပင်ဖြစ်သည်။ ကိုဗစ်ကာကွယ်ဆေးနှင့်ပတ်သက်၍ အခြေအမြစ်မရှိသော ပတ်ဝန်းကျင်မှ မှတ်ချက်များကို အတည်မယူစေလိုပါ။ နားလည်တတ်ကျွမ်းသော ကျန်းမာရေးဝန်ထမ်းများကိုသာ ဆွေးနွေးတိုင်ပင် မေးမြန်းသင့်ပါသည်။ (တရားဝင်) ထုတ်ပြန်ထားသော ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ကြေညာချက်များကိုသာ အတည်ပြု ယုံကြည်ကြစေလိုသည်။

### ဆေးအတုကြောင့် ရောဂါကူးစက်နိုင်ခြေများ

ယခုလက်တစ်ကမ်းတွင်ရှိသော ကိုဗစ် –၁၉ ကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားသောကြောင့် ယုံကြည်မှုရှိကာ သံသယရှင်းစေချင်သည်။ တရားမဝင် တင်သွင်းလာခဲ့သော ကာကွယ်ဆေးများကို မယုံကြည်ကြစေလိုပါ။ တရားမဝင် သယ်ဆောင်လာရသောကြောင့် စစ်မှန်မှု၊ အရည်အသွေးပိုင်းဆိုင်ရာနှင့် ငွေကြေးတန်ဖိုးများကို (အပြည့်အဝ) ယုံကြည်မှု ရရှိနိုင်ရန် မဖြစ်နိုင်ကြောင်း သတိပြုစေလိုပါသည်။ ထို့ပြင် နောက်ဆက်တွဲအနေဖြင့် ရောဂါကာကွယ်မှုပိုင်းဆိုင်ရာ မအောင်မြင်မှုသည် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်သည်။ သတိချပ်ရန် လိုပါသည်။ မိမိမှာ ကာကွယ်ဆေးထိုးပြီး၍ ယုံကြည်မှုလွန်ကဲကာ ကိုဗစ် –၁၉ ကာကွယ်မှုဆိုင်ရာများကို ပေါ့လျော့သွားတတ်ပြီး ကိုဗစ်ကာကွယ်ဆေးအတုကြောင့် ရောဂါပိုမိုကူးစက်နိုင်ခြေများသွားလေသည်။

ကာကွယ်ဆေး မထိုးမီ ဂရုပြုရမည့်အချက်များကို တင်ပြလိုပါသည်။

၁။ ကိုဗစ်ကာကွယ်ဆေးထိုးနှံရတော့မည် ဆိုလျှင် မိမိထိုးရမည့် ကာကွယ်ဆေးမှာ မည်သည့် ကာကွယ်ဆေးအမျိုးအစားဖြစ်သလဲ၊ ဘယ်နိုင်ငံက ထုတ်လုပ်ထားသလဲဆိုတာ သိရှိသင့်သည်။

၂။ ကိုဗစ်ကာကွယ်ဆေးက ဘယ်လို ထုတ်လုပ်ထားကြောင်းလဲ သိရန်လိုပါသည်။ (သက်မဲ့ပိုးမှ ထုတ်လုပ်ထားခြင်း၊ သက်ရှိပိုးမှ ထုတ်လုပ်ထားခြင်း၊ ပိုးအခွံ ပိုးအပိုင်းအစကို သုံး၍ ထုတ်လုပ်ထားခြင်း စသည်ဖြင့် အမျိုးမျိုးရှိနိုင်သည်။) သာမန်နေကောင်းကျန်းမာနေသူအဖို့ အဆိုပါအချက်က အရေးမကြီးသော်လည်း အောက်ပါရောဂါအခံ ရှိသူတို့အဖို့ အရေးကြီးသည်။

(က) အေအိုင်ဒီအက်စ်နှင့် အေအာရ်တီဆေး ပုံမှန်သောက်နေရသူများ

( ခ ) စတီးရိုက် ဆိုသော ဆေးများကို ထိုးဆေး၊ သောက်ဆေးတို့ဖြင့် ပုံမှန်ဆေးကုသမှု ခံယူနေရသူများ

( ဂ ) ကင်ဆာရောဂါဝေဒနာရှင်များ

(ဃ) သွေးမခဲဆေး ပုံမှန်သောက်နေရသူများ

( င ) ခုခံမှုစံလွဲ၊ ခုခံမှု ပုံမှန်မဟုတ်သော ရောဂါရှင်များနှင့် လေးဖက်နာရောဂါ ဝေဒနာရှင်များ

( စ ) နာတာရှည် ရောဂါဝေဒနာတစ်ခုခု ရှိသူများ

(ဆ) ကိုယ်ဝန်ဆောင်မိခင်များ

ထိုးနှံရန် သင့် မသင့်၊ လက်ရှိသောက်နေရသော ဆေးတို့နှင့် တည့်/ မတည့်၊ ကာကွယ်ဆေး ဆေးစွမ်း/မစွမ်း တို့မှာ အရေးကြီးသည်။ သက်ဆိုင်ရာ အထူးကုဆရာဝန်နှင့် တိုင်ပင်ပြီး အကြံဉာဏ်ယူသင့်သည်။

၃။ ကိုဗစ်ကာကွယ်ဆေးသည် လူတိုင်းလက်လှမ်းမီရန် ခက်ခဲသောကြောင့် အစိုးရမှတစ်ဆင့် ဖြစ်စေ၊ (တရားဝင်) ပုဂ္ဂလိက ကျန်းမာရေးဌာနတွင်ဖြစ်စေ ကိုဗစ်ကာကွယ်ဆေး ရနိုင်မည်ဆိုလျှင် Appointment ရက်ချိန်းကို မဆိုင်းမတွဘဲ မြန်မြန်ရယူစေလိုသည်။ ကိုဗစ်ကာကွယ်ဆေးကြောင့် ရရှိနိုင်သော ဆိုးကျိုးများရှိနိုင်သည်။ ဆိုးကျိုးများရှိတိုင်း မိမိမှာ ကေန်မုချ ဖြစ်လာနိုင်သည်ဟူ၍ အတွေးမမှားစေလိုပါ။ စိုးရိမ်စိတ်သောကများ မများစေလိုပါ။ ကာကွယ်ဆေးထိုးနှံရာတွင် ကြုံတွေ့လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ဖြေရှင်းပေးရန် ကာကွယ်ဆေးထိုးနှံရာတွင် လုပ်ကိုင်ဆောင်ရွက်ရသော ကျန်းမာရေးဝန်ထမ်းများက သေသေချာချာ ပြင်ဆင်ပြီး ကူညီဖို့ အသင့်ရှိနေပါသည်။ ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးနှံရမည့်ရက်တွင် လုပ်ဆောင်ရမည့် အလုပ်များ၊ ဆောင်ရွက်စရာများကို "ကိုဗစ်ပြဿနာသည် ယခုအချိန်တွင် အရေးကြီးဆုံး ပြဿနာဖြစ်ကြောင်း" စိတ်ထဲမှတ်ယူပြီး ခဏတာ နောက်ဆုတ် (သို့မဟုတ်) ရွှေ့တိုးထားကာ အစီအစဉ်များ ကြိုတင်၍ ပြင်ဆင်ထားရမည်။ ကာကွယ်ဆေးထိုးရမည့်အချိန်၊ ရက်တို့ကို သိရှိရပြီးလျှင် ထိုနေ့၊ထိုအချိန်၊ ထိုနေရာကို အချိန်မီ အရောက်သွားနိုင်မည့် နည်းလမ်းကို ကြိုတင် စီစဉ်ထားရဦးမည်။ မိမိညွှန်းဆိုရရှိသော နေရာကို သတ်မှတ်ထားသောအချိန်ထက် အနည်းဆုံး ၁၅ မိနစ်ခန့် စောရောက်စေလိုသည်။ အဘယ့်ကြောင့်ဆိုသော် ကိုဗစ်ကာကွယ်ဆေး မထိုးနှံမီ စာရင်းဖြည့်သွင်းခြင်း၊ ထိုးနှံပြီးကြောင်း လက်မှတ်အတွက် အချက်အလက် ဖြည့်သွင်းခြင်း၊ ရောဂါရာဇဝင်အကျဉ်းမေးမြန်းရန်နှင့် လိုအပ်ပါက စမ်းသပ်ရန်အတွက် ပြင်ဆင်လုပ်ဆောင်ရန် ကိစ္စများလည်း ရှိသေးသည်။

၄။ မိမိမှာ ခတ်မတည့်တတ်သော ရောဂါနှင့် သွေးမတိတ်တတ်သောရောဂါအပါအဝင် တခြားသော ရောဂါရာဇဝင်နှင့် လက်ရှိသောက်နေရသော ဆေးများကို အတိုဆုံးနှင့် သေသေချာချာ ပြောဆိုတတ်ရန် ပြင်ဆင်ထားသင့်သည်။ လိုအပ်ပါက တာဝန်ကျဆရာဝန်က တောင်းယူကြည့်သည့်အခါ ချက်ချင်းပြသနိုင်ရန် နောက်ဆုံးပြသထားသော ဆေးမှတ်တမ်းနှင့် လက်ရှိသောက်သုံးနေရသော ဆရာဝန်ဆေးညွှန်းစာများကိုလည်း တစ်ပါတည်းယူသွားနိုင်ရန် ပြင်ဆင်ထားရမည်။

၅။ ကိုဗစ်ကာကွယ်ဆေးမထိုးမီ တခြားသော ရောဂါကာကွယ်ဆေးထိုးခြင်းကို အတူတကွ ထိုးနှံခြင်း (လုံးဝ) မပြုလုပ်ရပါ။ ခေတ္တခဏ အချိန်ကို ရွှေ့တိုးနောက်ဆုတ် လုပ်ရပေမည်။ သက်ဆိုင်ရာ အထူးကုဆရာဝန်ကို ကိုဗစ်ကာကွယ်ဆေးနှင့် တခြားကာကွယ်ဆေး အချိန်ခြားရမည့်ကိစ္စကို သေသေချာချာ တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ယေဘုယျအားဖြင့် မတူသော ကာကွယ်ဆေး ၂ ခုသည် အနည်းဆုံး ၂ ပတ်ခြားပြီးမှ ထိုးနှံသင့်ပါသည်။ ကိုဗစ်ကာကွယ်ဆေးသည် ယခုအချိန်တွင် တခြားအမျိုးအစား ရောဂါကာကွယ်ဆေးထက် ပိုမိုအရေးကြီးပါသည်။

၆။ ကိုဗစ်ကာကွယ်ဆေး ထိုးနှံရမည့်ရက်တွင် ကျန်းမာလန်းဆန်းစေရန် အိပ်ရေးဝဝ အိပ်ရန်လည်း အရေးကြီးသည်။

ကိုဗစ်ကာကွယ်ဆေးထိုးနှံရမည့်ရက်တွင် ပြင်ဆင်၊ သတိပြုရမည့် အချက်များ–

၁။ ကာကွယ်ဆေးထိုးနှံရမည့်ရက်တွင် အိပ်ရေးဝဝဖြင့် နိုးထစေချင်သည်။

၂။ မိမိနှင့် သက်ဆိုင်သော မှတ်ပုံတင်၊ အိမ်ထောင်စုဇယားနှင့် လိုအပ်သော စာရွက်စာတမ်းများကိုလည်း တပါတည်း မမေ့မလျော့ ယူဆောင်သွားရမည်။ လက်ကိုင်အိတ်တစ်ခုထဲ ကြိုတင်စုစည်း ထားသင့်ပါသည်။

၃။ လူစုလူဝေး ရှိနိုင်သောကြောင့် မိမိ၏ နှာခေါင်းစည်း၊ ပါးစပ်စည်းကို မိမိအိမ်မှ ထွက်သွားသည့်အချိန်မှစ၍ ဆေးထိုးပြီး အိမ်ရောက်သည်အထိ သေသေချာချာ တပ်ဆင်ထားသင့်သည်။ နှာခေါင်းစည်း၊ ပါးစပ်စည်းကို သေသေချာချာ ဝတ်ဆင်ထားခြင်းအပြင် ဖြစ်နိုင်လျှင် မျက်နှာအကာ (Face Shield )နှင့် ခေါင်းစွပ်များ ဝတ်ဆင်သွားသင့်သည်။

၄။ မိမိမှာ အမြင်အာရုံချို့တဲ့ပြီး ကောင်းမွန်စွာ၊ ပေါ့ပါးစွာ မလှုပ်ရှားနိုင်ပါက အကူ၊ အဖော်တစ်ယောက်ကို ကာကွယ်ဆေးထိုးနှံရာနေရာသို့ တစ်ပါတည်း ခေါ်ဆောင်သွားသင့်သည်။

၅။ ကာကွယ်ဆေး ထိုးနှံမှုသည် အချိန်ခဏသာဖြစ်သော်လည်း အများနှင့် လုပ်ကိုင်ရပြီး စာရင်းဇယားဖြည့်သွင်းရသောကြောင့် အချိန်စုစုပေါင်း မိနစ် ၃၀ ခန့် (အနည်းဆုံး) ကြာနိုင်ပါသည်။ တစ်ခါတစ်ရံ အခန့်မသင့်ပါက ပိုမိုအချိန် စောင့်ဆိုင်းရနိုင်ဖွယ်ရှိသောကြောင့် ၁ နာရီလောက်အထိ အချိန်ပေးရနိုင်သည်။

*စာမျက်နှာ ၇ သို့*

**❑ ကိုဗစ်ကာကွယ်ဆေးကြောင့် ရရှိနိုင်သော ဆိုးကျိုးများရှိနိုင်သည်။ ဆိုးကျိုးများရှိတိုင်း မိမိမှာ ကေန်မုချ ဖြစ်လာနိုင်သည်ဟူ၍ အတွေးမမှားစေလိုပါ။ စိုးရိမ်စိတ်သောကများ မများစေလိုပါ။ ကာကွယ် ဆေးထိုးနှံရာတွင် ကြုံတွေ့လာနိုင်သည့် ကျန်းမာ ရေးပြဿနာများကို ဖြေရှင်းပေးရန် ကာကွယ်ဆေး ထိုးနှံရာတွင် လုပ်ကိုင်ဆောင်ရွက်ရသော ကျန်းမာရေး ဝန်ထမ်းများက သေသေချာချာ ပြင်ဆင်ပြီး ကူညီဖို့ အသင့်ရှိနေ**

# ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စည်းဝေး

မြစ်ကြီးနား ဩဂုတ် ၃၁

**ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် ရေတို၊ ရေရှည်စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်နိုင်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးတို့အတွက် ရေတို၊ ရေရှည် အကောင်အထည် ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ လျာထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များဖြစ်သည်နှင့်အညီ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုအတွက် ပြည်သူများကို တိုက်ရိုက်အကျိုးပြုဖြစ်ထွန်းနိုင်မည့် လုပ်ငန်းများဖြစ်စေရေးနှင့် ရေရှည်အတွက် နယ်မြေအခြေအနေနှင့် ကိုက်ညီပြီး အကောင်အထည်ဖော်ဆောင်သွားရမည့် လုပ်ငန်းများဖြစ်စေရေးကို စီမံချက်ရေးဆွဲ၍ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်ဘဏ္ဍာ၊ ပြည်ထောင်စုဘဏ္ဍာများဖြင့် ရေတို၊ ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိတ္ထီလာမြို့၌ လူမှုဖူလုံရေး အာမခံအစီအစဉ်တွင် ပါဝင်သည့် စက်ရုံ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား ဩဂုတ် ၃၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပထမအကြိမ် ထိုးနှံပေးစဉ်။

ချမ်းသာ ( မိတ္ထီလာ)






# ပဲခူးမြို့အတွင်း အထူးလျှော့ဈေးဖြင့် ကြက်ဥ၊ ဘဲဥ၊ ဆန်၊ ကြက်သွန်နီနှင့် သား ငါး ကုန်စိမ်းများကို ဈေးကားဖြင့် လှည့်လည်ရောင်းချ

ပဲခူး ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူးမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ကာလအတွင်း စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန်အတွက် အထူးလျှော့ဈေးဖြင့် ယနေ့နံနက်ပိုင်းက မြို့အတွင်း ဈေးကားငါးစီးဖြင့် လှည့်လည်ရောင်းချလျက်ရှိသည်။



ထိုသို့ ရောင်းချရာတွင် ဆန်တစ်ပြည် ငွေကျပ် ၁၀၀၀ ဖြင့် အိမ်ထောင်စုတစ်စုလျှင် ငါးပြည်နှုန်းဖြင့် လည်းကောင်း၊ ကြက်ဥ/ဘဲဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် လည်းကောင်း၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ငါး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လည်းကောင်း၊ Stay At Home ကာလ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပို့လျှံသည့် အခြေခံစားသုံးကုန်ပစ္စည်းများအား မှာယူကာ အထူးလျှော့ဈေးဖြင့် မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ Social Distancing နှင့်အညီ ရောင်းချပေးခြင်းဖြစ်သည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီတို့မှ ကြီးကြပ်၍ ပဲခူးမြို့ပေါ်အတွင်း အထူးလျှော့ဈေးဖြင့် ကြက်ဥ၊ ဘဲဥ၊ ဆန်၊ ကြက်သွန်နီနှင့် သား ငါး ကုန်စိမ်းများကို ရောင်းချပေးမှုသည် ဇူလိုင် ၂၀ ရက်မှစ၍ နေ့စဉ် လှည့်လည် ရောင်းချပေးနေခြင်းဖြစ်ပြီး တစ်နေ့လျှင် ဆန်အိတ် ၅၀ ခန့်၊ ကြက်ဥ/ဘဲဥ အလုံး ၂၀၀၀၊ ကြက်သွန်နီပိဿာ ၁၀၀ နှင့် သား ငါး ပိဿာ ၅၀ ခန့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

ထို့ကြောင့် ရေ၊ အစားအစာတို့ကို ကြိုတင်ဖိုက်ပြည့်အောင် စီမံထားသင့်သည်။ ကြိုတင် အစားအသောက်များ စားထားစေလိုသည်။ ကာကွယ်ဆေးထိုးသော နေရာတွင်မှ ရေ၊ အစားအသောက်တို့ကို စားသောက်ပါက နှာခေါင်းစည်း၊ ပါးစပ်စည်းကို ဖြုတ်ရလျှင် အဆင်မပြေပေ။ ရောဂါပိုးကူးစက်နိုင်သော ဝင်ပေါက်ကို ဖွင့်ပေးလိုက်သလို ဖြစ်သွားနိုင်သည်။ အိမ်ကမထွက်ခင် ရေအိမ်ဝင်ပြီး အပေါ့အလေးကိစ္စကိုလည်း ကြိုတင်လုပ်ထားလျှင် ပိုကောင်းသည်။

၆။ (မဖြစ်မနေ) ရေမလို လက်သန့်ဆေးရည် အသေးတစ်ဘူးကိုလည်း လိုအပ်လျှင် သုံးနိုင်ရန် တစ်ပါတည်း ယူဆောင်သွားသင့်သည်။

၇။ အဝတ်အစားနှင့် ပတ်သက်လျှင် အရမ်းကျပ်ထုပ်နေသော Fitting ခန္ဓာကိုယ်တိုင်းနှင့် အတိဖြစ်နေသော အဝတ်အစားကို ရှောင်သင့်သည်။ ပွယောင်းယောင်း၊ ပေါ့ပေါ့ပါးပါးဖြစ်သော အဝတ်အစားကိုသာ ရွေးချယ်ဝတ်ဆင်သင့်သည်။ လက်ရှည် အင်္ကျီ (လုံးဝ) မဝတ်သွားသင့်ပေ။ လက်မောင်းနေရာတွင် ဆေးထိုးမည်ဖြစ်သောကြောင့် ဆေးထိုးပေးမည့် ကျန်းမာရေးဝန်ထမ်းက ဆေးထိုးရမည့်နေရာအတွက် အလွယ်တကူ စမ်းသပ်ပြီး ဆေးထိုးနှံပေးနိုင်ရန်အတွက်ဖြစ်သည်။ မိမိမှာ အေးတတ်သည်၊ ပတ်ဝန်းကျင် ရာသီဥတုက အေးနေချိန်တွင် အင်္ကျီလက်ရှည်မဝတ်သွားဘဲအပေါ်က အနွေးထည်ဝတ်သွားပြီး အောက်ခံအင်္ကျီမှာ လက်တို၊ လက်ပြတ်သာ ဖြစ်သင့်သည်။ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ်ဝတ်သွားသင့်သေးသည်။ သို့မှသာ မိမိဓာတ်ပုံမှတ်တမ်းထဲတွင် လှပသပ်ရပ်နေပေမည်။

၈။ ကိုဗစ်ကာကွယ်ဆေးထိုးပြီးလျှင် တချို့မှာ နောက်ဆက်တွဲကျန်းမာရေး ပြဿနာ အသေးအဖွဲ ရနိုင်သည်။ ဥပမာ- ထိုးနှံထားသော နေရာတွင် နာခြင်း၊ ဖျားခြင်း၊ အော့အန်ခြင်းတို့ဖြစ်နိုင်သည်။ ထိုပြဿနာများ ခံစားရမည် စိုးရိမ်သောကြောင့် ပါရာစီတမောဆေး၊ အကိုက်အခဲပျောက်ဆေးများ ကြိုတင်သောက်ထားခြင်းမျိုး ရှောင်ရှားသင့်သည်။ ဆေးထိုးပြီး လက္ခဏာခံစားရမှသောက်စေချင်သည်။ ဆေးထိုးပြီးနောက် ခံစားရသော ဝေဒနာသည် ပြင်းထန်၍ မိမိမှာ မခံစားနိုင်လောက်အောင်ဖြစ်လျှင်၊ စိုးရိမ်ကြီးလျှင် နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းနှင့် သွားရောက်ပြသသင့်ပါသည်။

၉။ ကာကွယ်ဆေးထိုးပြီးနောက် ရက်အနည်းငယ်အတွင်း ပြင်းထန်သော အားကစားများ၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်သင့်သေးသည်။ သွေးလှူခြင်းကိုလည်း ချက်ချင်းမလုပ်သင့်သေးပေ။ ကာကွယ်ဆေးထိုးပြီး နောက်ထပ် ၂၄ နာရီအတွင်း (တချို့မှာ) အင်အားနုံးချည့်နေတတ်သည့်အတွက် အလုပ်များစွာ ချက်ချင်းမလုပ်သင့်ပေ။ နားနားနေနေနေပြီးမှ မိမိ၏ ပုံမှန်လူမှုဘဝကို ပြန်လည်စတင်သင့်သည်။

၁၀။ အရေးကြီးဆုံးအချက်မှာ ကိုဗစ်ကာကွယ်ဆေးကို သတ်မှတ်ထားတဲ့ အကြိမ်အရေအတွက်အတိုင်း ပြည့်ပြည့်စုံစုံ ထိုးနှံသင့်ပါသည်။ ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီး နောက်ပိုင်းတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကိုဗစ်ရောဂါကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို ဆက်လက်လိုက်နာ ဆောင်ရွက်ကြရပေမည်။ အဘယ့်ကြောင့်ဆိုသော် ကာကွယ်ဆေးထိုးပြီးနောက် ချက်ချင်းခုခံအားပေါ်ကာ မကာကွယ်နိုင်သကဲ့သို့ ဆေးအောင်/ မအောင်လည်း မသေချာသေးပေ။

ကာကွယ်ခြင်းသည်ကား ကုသခြင်းထက် ပိုမိုကောင်းမွန်ပါသည်။ လာမည့်ဘေး ပြေးတွေ့ဆိုသော မြန်မာစကားပုံ ရှိပါသည်။ သို့သော် ကိုဗစ်သည် ပြေးတွေ့ကာ ကူးစက်ခံသင့်သော အမျိုးအစားတွင် မပါဝင်ပါ။ ထို့ကြောင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်ကို အနိုင်ပိုင်းဖို့ မိမိချစ်သူ၊ ခင်သူ၊ မြတ်နိုးတန်ဖိုး ထားရသူတို့အတွက် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံကြပါရန် အကြံပြုအပ်ပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**

အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး အတွက် ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များ သည် ပုသိမ်တပ်နယ်အတွင်းရှိ နယ်မြေခံတပ်များတွင် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ (ယာပုံ)

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်း ရောင်းချရန် အခက်အခဲဖြစ်ပေါ် လျက်ရှိသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှသီးနှံများကို နယ်မြေခံတပ်မတော်သား များက ဒေသပေါက်ဈေးအတိုင်း ဝယ်ယူပေးလျက် ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ် မြို့နယ် ရေငံကျေးရွာရှိ ဒေသခံတောင်သူများထံမှ ကြက်သွန်နီ ၁၈၀၀၀ ပိဿာကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက ဒေသ ပေါက်ဈေးအတိုင်း သွားရောက်ဝယ်ယူအားပေးခဲ့ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများကို ဈေးနှုန်း မှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ် ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေး အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု ဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲ တန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက် လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန် သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီ လက်ကား ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၆ ခုမှ အိမ်သုံးဆေးဝါး ၂၁၄ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၅၁ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချ ခဲ့သည်။

အလားတူ ပထမအစီအစဉ် အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက် ရှိသည့် အလုံမြို့နယ် ကမ်းနား လမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈) နေရာ၌ လည်း ၁၂ ရက်မြောက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိ ပြီး ယနေ့တွင် ငွေကျပ် ၄ သိန်း ကျော်တန်ဖိုးရှိ ဆေးနှင့် ဆေး ပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီက ရွေ့လျား ဈေးကားဖြင့် သားငါးများ ရောင်း ချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့် စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော် ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ် ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင် ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီး သည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင် ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီး ဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူ များနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ် များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**အလှူငွေများပေးအပ်**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများ နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူး များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူ ငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**အသီးသီးလက်ခံထားရှိ**

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက် ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြော ရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့် ရမည့်သူ အမျိုးသား ၁၃၁ ဦးနှင့် အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၂၁၅ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေး နှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၅၀ ကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့ လူနာအမျိုးသား ၂၂ ဦး နှင့် အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၃၃ ဦးတို့ကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲ အတည်ပြုပိုးတွေ့လူနာများ၏နေထိုင်စားသောက် ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မြေနိမ့်ပိုင်းရှိ ကျေးရွာများမှ အိမ်ထောင်စုများ ရေဘေးလွတ်ရာသို့ပြောင်းရွှေ့

**မင်းဘူး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ရေဝတီ မြစ်ကမ်းတစ်လျှောက်ရှိ မြေနိမ့် ပိုင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ အချို့ မြစ်ရေဝင်ရောက်မှုများ ကြောင့် ဩဂုတ် ၃၁ ရက် မွန်းလွဲ ပိုင်းအချိန်ထိ အိမ်ထောင်စုပေါင်း ၂၀၁ စု၊ လူဦးရေ ၃၉၃ ဦးတို့ကို သံကန်တန်း၊ ကျောက်ကုန်း၊ အောက်ကျောင်း၊ သရက်တော ဘုန်းကြီးကျောင်း၊ ညောင်ဇင် ဘုန်းကြီးကျောင်းနှင့် ပဒေသာ ကျွန်းကျေးရွာ စသည့် ရေဘေး လွတ်ရာနေရာများတွင် ယာယီ ပြောင်းရွှေ့နေရာချထား ဆောင် ရွက်ပေးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနမှ သိရသည်။

မြစ်ရေ ဝင်ရောက်မှုကြောင့် ထုံးမကြီးကျေးရွာမှ အိမ်ထောင်စု ပေါင်း ၁၀၁ စု၊ လူဦးရေ ၂၇၂ ဦး၊ တရွာကျေးရွာမှ အိမ်ထောင်စု ခုနစ်စု၊ လူဦးရေ ၂၈ ဦး၊ နိဗ္ဗာန် ကျွန်းကျေးရွာမှ အိမ်ထောင်စု ၉၃ စု၊ လူဦးရေ ၉၃ ဦးနှင့် ကျွဲ နွားတိရစ္ဆာန် အကောင်ရေ ၉၀၀ ကျော် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ အလားတူ မင်းဘူးမြို့ အမှတ်(၄) ကမ်းနား လမ်းတစ်လျှောက် သူဌေးကုန်း၊ ရွှေဝါကုန်း၊ သစ်ချိုကုန်း ရပ်ကွက်များတွင်လည်း မြစ်ရေ များ စတင်ဝင်ရောက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှင့် ရပ်ကွက် များသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူ များက မြစ်ရေဝင်ရောက်မှု အခြေ အနေများကို ကွင်းဆင်းကြည့်ရှု ကာ ရေဘေးလွတ်ရာသို့ ကြိုတင် ပြောင်းရွှေ့နေထိုင်ရေးနှင့် ပြောင်း ရွှေ့ရပါက ထောက်ပံ့ငွေများရရှိ ရေး ဆောင်ရွက်ပေးမည့် အခြေ အနေများကို ရှင်းလင်းပြောကြား သည်။



မင်းဘူး (စကု) မြို့နယ်၌ ရေဝတီမြစ် စိုးရိမ်ရေအမှတ်မှာ ၁၇၀၀ စင်တီမီတာဖြစ်ပြီး ယနေ့ ၁၅၄၂ စင်တီမီတာအထိ ရောက် ရှိသောကြောင့် စိုးရိမ်ရေအမှတ်သို့ ရောက်ရှိရန် ၁၅၈ စင်တီမီတာ သာလိုကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# အကြမ်းဖက်မှုများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူနှင့် ဖမ်းဆီးသူများအား ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၃၁**

၁။ အကြမ်းဖက်အုပ်စုများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် ယင်းက အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုနိုင်စေရန်အတွက် အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားစေရန်၊ ပြည်သူလူထုအား ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပါသည်။

၂။ အကြမ်းဖက်မှုများသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ၊ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

၃။ အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတို့နှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပါက အကြမ်းဖက်မှု ကျူးလွန်ရာရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်-

(က) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(ခ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ၀ှက်ထားခြင်း၊

(ဂ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု တစ်ခုခုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရပါမည်။

၅။ အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးပါသဖြင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်း၍ သိရှိထားသည့် သတင်းများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘုတ်တို့တွင် လုပ်ကြံဖန်တီးထားသော သတင်းမှားများ ထုတ်လွှင့်နေသူများကို သက်ဆိုင်ရာ ရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးရန် လိုအပ်ပါသည်။ သတင်းပေးသည့် တာဝန်သိပြည်သူများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) သတင်းပေးသူသည် မိမိ၏ အမည်၊ နေရပ်တို့ကို ဖော်ပြခြင်းမပြုဘဲ သတင်းပေးနိုင်ပါသည်၊

(ခ) သတင်းပေးသူအား အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး စစ်ဆေးမေးမြန်းခြင်း၊ သက်သေခံစေခြင်း လုံးဝပြုလုပ်မည် မဟုတ်ပါ၊

(ဂ) သတင်းပေးသူ၏ လုံခြုံမှု၊ ၎င်းနှင့် ဆက်စပ်ပတ်သက်သူများ၏ လုံခြုံမှုတို့ကို တာဝန်ယူပေးမည် ဖြစ်ပါသည်၊

(ဃ) သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုအပေါ်မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား ငွေပမာဏ ကန့်သတ်မထားဘဲ ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များမရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ တင်သွင်းခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် ထီးခီးကုန်သွယ်ရေးစခန်း လေးခုတို့တွင် ကုမ္ပဏီ ၁၀ ခုမှ ယာဉ်စီးရေ ၁၇ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင် (အိုးခွံ) ၂၃၂၂ ခု၊ အောက်ဆီဂျင် Plant ၁၁ ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံး Oxygen Con-centrator ၃၅၃ ခု၊ Test Kit ၁၀၀၊ လက်အိတ် ရှစ်တန်နှင့် နှာခေါင်းစည်း(Mask) တန် ၁၀၀ တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ၁၁ ခုမှာ ရန်ကုန်မြို့သို့ ရှစ်ခု၊ မကွေး၊ မော်လမြိုင်နှင့် ဒေးဒရဲမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အောက်ဆီဂျင် (အရည်) တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန် သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ကာ အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၃၁ ရက်နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

၁။ အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၁-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် လုပ်ငန်းတာဝန်များရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး (ရန်ကုန်) တို့မှ Online စနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# မိမိအိမ်နီးချင်းနိုင်ငံမှာ ရောဂါဖြစ်ပွားမှုကျသွားလေလေ ပိုပြီးလုံခြုံစိတ်ချရလေ ဖြစ်ပါတယ်

ဒေါက်တာ သန်းနိုင်စိုး

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

## ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၃၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ ကိုဗစ် - ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေမှု အခြေအနေကို ပြောကြားပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး။** ။ လက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေ၊ အာဆီယံဒေသအတွင်းနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဒေသကြီးတွေအခြေအနေ၊ ကျွန်တော်တို့ဆီမှာ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေအားလုံးကို ခြုံငုံသုံးသပ် တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး တင်ပြချင်တာက ဩဂုတ် ၂၈ ရက် ည (၈) နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၈၁၈၉ ခုကို စစ်ဆေးတဲ့အခါ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၃၂ ဦး တွေ့ရပြီး ပိုးတွေ့ရှိနှုန်းက ၁၆ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက် ပိုးတွေ့ရှိနှုန်းတွေ တဖြည်းဖြည်းကျလာတဲ့ သဘောရှိပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတို့မှာ ဓာတ်ခွဲအတည်ပြု လူနာပေါင်း ၃၈၉၁၃၄ ဦးရှိပြီး သေဆုံးသူပေါင်း ၁၅၀၇၇ ဦး ရှိပါတယ်။ ဒါတွေက လတ်တလော တွေ့ရှိရတဲ့ အချက်တွေ ဖြစ်ပါတယ်။

ရောဂါကူးစက်မှုလှိုင်းနဲ့ ကာလကိုကြည့်ရင် ပထမလှိုင်းကာလက ၁၄၆ ရက် ကြာခဲ့ပါတယ်။ ဒုတိယလှိုင်းကာလက ၂၈၄ ရက် ကြာခဲ့ပြီး ရောဂါဖြစ်ပွားသူပေါင်း ၁၄၂၉၄၄ ဦးနဲ့ သေဆုံးသူပေါင်း ၃၂၁၀ ရှိခဲ့ပါတယ်။ ကူးစက်မှုနှုန်းမြန်ပြီး ရောဂါဖြစ်ပွားမှုပြင်းထန်တဲ့ မျိုးဗီဇပြောင်းလဲမှုရှိတဲ့ ပိုးတွေနဲ့အတူ တတိယလှိုင်းကာလက မေလ ၂၇ ရက်ကနေ ဩဂုတ်လ ၂၈ ရက်အထိ ၉၄ ရက်တာ ကာလရှိခဲ့ပြီဖြစ်ပါတယ်။ တတိယလှိုင်းကာလအတွင်း ပိုးတွေ့ရှိသူပေါင်း ၂၄၅၈၁၆ ဦးရှိပြီး သေဆုံးသူပေါင်း ၁၁၈၆၁ ဦးရှိကာ သေဆုံးမှုနှုန်းအနေနဲ့ ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတို့ကို ပေါင်းလိုက်ရင် စုစုပေါင်းလူနာ ၃၈၉၁၃၄ ဦး၊ သေဆုံးသူပေါင်း ၁၅၀၇၇ ဦး၊ သေဆုံးမှုနှုန်းအနေနဲ့ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိတာကို ပထမဦးဆုံး အနေနဲ့ တင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ တတိယလှိုင်းကာလကို ခြုံငုံပြီး ပြန်လည်တင်ပြပါမယ်။ မေလ ၂၇ ရက်မှာ စစ်ဆေးသူပေါင်း ၁၇၈၈ ဦးအနက် ၉၆ ဦး အစုလိုက်၊ အပြုံလိုက်အနေနဲ့ စတင်တွေ့ရပြီး ပိုးတွေ့ရာခိုင်နှုန်း ၅ ဒသမ ၃၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါက တတိယလှိုင်းအစလို့ ပြောလို့ရပါတယ်။ အဲဒီကနေ တဖြည်းဖြည်းနဲ့ ပိုးတွေ့ရှိနှုန်းက ဇူလိုင်လ ၂၃ ရက် စစ်ဆေးသူပေါင်း ၁၀၄၈၇ ဦးမှာ ပိုးတွေ့သူပေါင်း ၅၅၀၆ ဦး၊ ပိုးတွေ့နှုန်းက ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းဆိုတဲ့အတွက် ၄၁ ရာခိုင်နှုန်းနီးပါးအထိ တက်သွားတာကို တွေ့ရပါတယ်။ နောက်ပိုင်း နိုင်ငံတော်က Stay at Home မြို့နယ်တွေ ကြေညာတယ်၊ ရုံးပိတ်ရက်ရှည်တွေ သတ်မှတ် ပေးတယ်၊ တစ်ဖက်ကလည်း ပြည်သူတွေ၊ လူမှုရေး အသင်းအဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသ အာဏာပိုင်အဖွဲ့အစည်းတွေက နည်းစနစ်တကျ ကြပ်မတ်ထိန်းကျောင်းပေးမှု၊ အားလုံး အတူတကွ ပူးပေါင်း ဆောင်ရွက်မှုတွေကြောင့် ပိုးတွေ့ရှိနှုန်းတွေ တဖြည်းဖြည်းနဲ့ ကျဆင်းလာတာကို တွေ့ရပါတယ်။

ဇူလိုင်လ ၂၃ ရက်မှာ ရောဂါပိုးတွေ့နှုန်း ၄၁ ရာခိုင်နှုန်းနီးပါးတက်ခဲ့ရာကနေ ဩဂုတ်လ ၃ ရက်မှာ ၃၀ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ပြန်ပြီးကျလာတာကို



ထန်းတပင်မြို့နယ်အတွင်း ပြည်သူများအား ကိုဗစ်– ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးစဉ်။

တွေ့ရပါတယ်။ ဩဂုတ်လ ၂၈ ရက် အနေအထားက ၁၆ ဒသမ ၁၂ ရာခိုင်နှုန်းအထိ ပြန်ကျလာတာက ကောင်းတဲ့အချက်ဖြစ်ပါတယ်။ တတိယလှိုင်းရဲ့ ရောဂါဖြစ်ပွားမှု တကယ့်ထိပ်ဆုံးထိပ်ဖျားကို ကျော်လွန်လာခဲ့တဲ့ အနေအထားမျိုး၊ ပိုးတွေ့ရှိနှုန်းနဲ့ ရောဂါဖြစ်ပွားမှုကျဆင်းလာတဲ့ အနေအထားကို တွေ့ရှိလာရပါတယ်။

ရုံးပိတ်ရက်ရှည်တွေနဲ့ ပတ်သက်ပြီး တင်ပြရရင် ရုံးပိတ်ရက် ကာလက ခြောက်ပတ်ထဲကို ရောက်လာပြီ။ ဒီရုံးပိတ်ရက် မသတ်မှတ်မီ တစ်ပတ် (ဇူလိုင်လ ၁၄ ရက်ကနေ ၂၀ ရက်အထိ)ကို အခြေခံပြီး ကိန်းဂဏန်းအတက်အကျ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကြည့်တဲ့အခါမှာ နံပါတ်တစ် အနေနဲ့ ရောဂါဖြစ်ပွားမှု အကျဆင်းဆုံးလို့ ပြောရပါမယ်။ ဒါက ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည်သတ်မှတ်ပြီး ပထမအပတ်မှာပဲ ရန်ကုန်တိုင်းဒေသကြီးက ၂၂ ရာခိုင်နှုန်းအထိ ကျသွားပါတယ်။ ဒုတိယအပတ်မှာ ၄၅ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၆၈ ရာခိုင်နှုန်း၊ စတုတ္ထ အပတ်မှာ ၇၇ ရာခိုင်နှုန်းအထိကျပြီး ပဥ္စမ အပတ်ဖြစ်တဲ့ ဩဂုတ်လ ၂၄ ရက်မှာ ၈၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ရန်ကုန် တိုင်းဒေသကြီးက ရောဂါဖြစ်ပွားမှု တော်တော်ကြီးကို ကျဆင်းသွားတာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။

ဒုတိယအကျဆင်းဆုံး တိုင်းဒေသကြီးက စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည် သတ်မှတ်ပြီးတဲ့အခါ ပထမအပတ်မှာ ၇ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၂၆ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၅၈ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၅၇ ရာခိုင်နှုန်းနဲ့ ပဥ္စမအပတ်မှာ ၇၂ ရာခိုင်နှုန်း အထိ ရောဂါဖြစ်ပွားသူဦးရေ ကျဆင်းလာတာကို တွေ့ရပါတယ်။

ပဲခူးတိုင်းဒေသကြီးအနေနဲ့ ပဥ္စမအပတ် (ဩဂုတ်လ ၁၈ ရက်ကနေ ၂၄ ရက်အထိ) ကာလအတွင်းမှာ ရုံးပိတ်ရက်မသတ်မှတ်မီ တစ်ပတ်ကာလ ကိန်းဂဏန်းတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ၇၁ ရာခိုင်နှုန်းအထိ ကျလာတာကို တွေ့ရပါတယ်။ ဒီလိုရောဂါဖြစ်ပွားမှုနှုန်းကျဆင်းနေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တို့ ဖြစ်ပါတယ်။

ရုံးပိတ်ရက်အစပိုင်းမှာ သိပ်မကျသေးဘဲ နောက်ပိုင်းမှာကျလာတဲ့ ပြည်နယ်/တိုင်းဒေသကြီးတွေအနေနဲ့ ကချင်ပြည်နယ်က ရုံးပိတ်ရက်ရှည်သတ်မှတ်တဲ့ ပထမအပတ်မှာ ၄၅ ရာခိုင်နှုန်းနဲ့ ဒုတိယအပတ်မှာ ၁၄ ရာခိုင်နှုန်းအထိ ဆက်တက်နေပါတယ်။ တတိယအပတ်မှာ ၆ ရာခိုင်နှုန်း ပြန်ကျလာပါတယ်။ စတုတ္ထအပတ်မှာ ၁၅ ရာခိုင်နှုန်းအထိ ကျလာပြီး ပဥ္စမအပတ်မှာ ၂၆ ရာခိုင်နှုန်းအထိ ကျသွားတာကို တွေ့ရပါတယ်။ အစပိုင်းမှာ နည်းနည်းတက်ခဲ့ပေမယ့် နောက်ပိုင်းမှာ ကျလာတာကို တွေ့ရပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ရုံးပိတ်ရက်ရှည်သတ်မှတ်တဲ့ ပထမအပတ်မှာ ၃၃ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၃၃ ရာခိုင်နှုန်းနဲ့ တတိယအပတ်မှာ ၆၄ ရာခိုင်နှုန်းအထိ တက်သွားပါတယ်။ စတုတ္ထအပတ်မှာ ၁၄ ရာခိုင်နှုန်းနဲ့ ပဥ္စမအပတ်မှာ ၃၈ ရာခိုင်နှုန်းအထိ ကျလာပါတယ်။

ရုံးပိတ်ရက်ရှည် ငါးပတ်ကျော် ခြောက်ပတ်ထဲ ရောက်ရှိလာတာတောင် ဆက်ပြီးတက်နေသေးတဲ့ သို့မဟုတ် ဖြစ်ပွားတာတန်းနေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် သုံးခု ရှိပါတယ်။ အဓိက ရှမ်းပြည်နယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ပထမအပတ်မှာ ၅ ရာခိုင်နှုန်း တက်ပါတယ်။ ဒုတိယအပတ်မှာ ၂ ရာခိုင်နှုန်း ပြန်ကျပါတယ်။ တတိယအပတ်မှာ ထူးခြားမှု မရှိပါဘူး။ စတုတ္ထအပတ်မှာ ၄ ရာခိုင်နှုန်း တက်ပြီး ပဥ္စမအပတ်မှာ တန်းနေတဲ့သဘောရှိပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ဆက်လက်ပြီး ရောဂါဖြစ်ပွားရာ ဇာစ်မြစ်နဲ့ ရောဂါဖြစ်ပွားမှုများပြားတဲ့ မြို့နယ်၊ ဒေသ၊ ရပ်ကွက်၊ ကျေးရွာအထိ ဆင်းပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ ကုသရေးတွေကို တိုးမြှင့်ဆောင်ရွက်ဖို့လိုပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ ပထမအပတ်မှာ ၄၃ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၁၁၅ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၁၂၅ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၁၁၇ ရာခိုင်နှုန်းနဲ့ ပဥ္စမအပတ်မှာ ၈၈ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားတဲ့ လူဦးရေအရ တက်နေတုန်းဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ တက်တဲ့အထဲမှာပါနေဆဲဖြစ်ပါတယ်။ ရောဂါဖြစ်ပွားသူ လူဦးရေတက်နေမှု အများဆုံးက ကယားပြည်နယ် ဖြစ်ပါတယ်။ ကယားပြည်နယ် အနေနဲ့ ပထမအပတ်မှာ ၆၆ ရာခိုင်နှုန်း၊ ဒုတိယအပတ်မှာ ၈၈ ရာခိုင်နှုန်း၊ တတိယအပတ်မှာ ၁၄၁ ရာခိုင်နှုန်း၊ စတုတ္ထအပတ်မှာ ၁၈၀ ရာခိုင်နှုန်းနဲ့ ပဥ္စမအပတ်မှာ ၂၂၂ ရာခိုင်နှုန်း တက်နေပါတယ်။ ကယားပြည်နယ်က ဖြစ်ပွားတဲ့လူဦးရေအရ တွက်ကြည့်ရင် နည်းတဲ့အတွက် ကိန်းဂဏန်း အနေနဲ့ ၂၀ ကနေ ၄၀ တက်သွားတာမျိုး၊ ၁၀၀ ကနေ ၂၀၀ ဖြစ်သွားတာမျိုးဖြစ်လို့ တော်သေးတယ်လို့ ပြောရပါမယ်။ အခြေခံကိန်းဂဏန်းက သောင်းဂဏန်းနဲ့ရှိပြီး နှစ်ဆသာတက်ရင် စိတ်ပူရမယ့် အနေအထားပါ။ ကယားပြည်နယ်အနေနဲ့ ဖြစ်ပွားတဲ့လူဦးရေက အစကတည်းက နည်းပါတယ်။ အစကတည်းက နည်းတဲ့သဘောကနေ နောက်ပိုင်း နှစ်ဆတက်လာတဲ့သဘောရှိပါတယ်။

ဒီလိုမျိုးရောဂါဖြစ်ပွားမှုတွေ တက်လာရင် တက်နေတဲ့နေရာတွေမှာ တက်လာတဲ့ကိန်းဂဏန်းကို ပြန်ပြီး Break Down ချရပါတယ်။ ဘယ်မြို့နယ်က တက်သလဲ၊ မြို့နယ်ထဲက ဘယ်ရပ်ကွက်/ ကျေးရွာက တက်သလဲ၊ ရပ်ကွက်/ ကျေးရွာထဲက ဘယ်လမ်းက တက်သလဲနဲ့ နောက်ဆုံး ဘယ်အိမ်က ဖြစ်သလဲအထိ ရောဂါဖြစ်ပွားမှုကို နောက်ကနေလိုက်ရပါတယ်။ ကိန်းဂဏန်း တစ်ခုတက်လာရင် သူ့ရဲ့နောက်မှာ ရောဂါရာဇဝင်ရှိပါတယ်။ ဒီရာဇဝင်ကိုလိုက်ပြီး သူနဲ့ ဆက်စပ်ထိတွေ့တဲ့သူတွေ ရှာရပါတယ်။ ဒါက ရောဂါကွင်းဆက်ဖြတ်ခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေရှိပါတယ်။ ကာကွယ်ရေးလုပ်ငန်းတွေကို အားလုံးစုပေါင်းလုပ်ဆောင်ကြဖို့ ကျန်းမာရေး အသိပညာမြှင့်တင်ပေးရတဲ့ အပိုင်းတွေရှိတယ်။ ဒါတွေကို ပူးပေါင်းပြီးဆောင်ရွက်ရင် ဖြစ်ပွားမှုတက်နေတဲ့နေရာတွေလည်း လျော့သွားမှာဖြစ်တဲ့ အပြင် ကုသရေးစနစ်အပေါ် သက်ရောက်လာနေတဲ့ လူနာအင်အားများပြားနေတဲ့ကိစ္စတွေ တဖြည်းဖြည်း လျော့ပါးလာပြီး တတိယလှိုင်းကို ကောင်းစွာဆက်လက် ကျော်ဖြတ်နိုင်မယ့် အနေအထားကို ရရှိလာမှာဖြစ်ပါတယ်။ ဒါတွေက မြန်မာနိုင်ငံရဲ့အခြေအနေကို ဦးစွာတင်ပြခြင်း ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကရင်ပြည်နယ်အတွင်း ကိုဗစ်အလွန်ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး ခရီးစဉ်ဒေသများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ



**ဘားအံ ဩဂုတ် ၃၁**

ကရင်ပြည်နယ်အတွင်း ကိုဗစ်အလွန်ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ခရီးစဉ်ဒေသများဖြစ်သည့် ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့၏ မိုးတွင်းကာလ ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှု စစ်ဆေးကြသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ရှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူတော်ကြီးဓမ္မာရုံ၌ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒအား သွားရောက် ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ဂွန်းဘုရား ဂူတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓဆင်းတုတော်များ၊ ရှေးဟောင်း ဗုဒ္ဓဝင်ကျောက်ဆစ်ပန်းပုလက်ရာများ၊ ဂူနံရံပေါ်ရှိ အုတ်ခွက်ဘုရားများအား လှည့်လည် ဖူးမြော်ကြည်ညိုခဲ့ကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ဂူတော်ကြီး၏ သမိုင်းကြောင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ကိုဗစ်ကာလမတိုင်မီ ခရီးသည်ဝင်ရောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကော့ဂွန်းဂူတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသည်များ ဘေးကင်းလုံခြုံချမ်းမြေ့စေရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ရသေ့ပျံဂူသို့ သွားရောက်ပြီး ဂူအတွင်းရှိ ရှေးဟောင်း အုတ်ခွက်ဗုဒ္ဓဆင်းတုများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ အုတ်ခွက်ဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ရသေ့ပျံ သဘာဝရေလိုဏ်ဂူနှင့် ရသေ့ပျံတောင်အား စက်တပ်လှေငယ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ မြိုင်ကလေးပြည်သူ့ဆေးရုံတွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီး၍ သတ်မှတ်ရက်ပြည့်ပြီးသူများအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမှုကို ကြည့်ရှုအားပေးကာ ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ကာကွယ်ဆေးထိုးနှံပေးနေသည့် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် နှစ်သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

● *ကျောဖုံးမှ*

သို့မဟုတ် မေလဆန်းတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားပြီး ဆီးဂိမ်းပြိုင်ပွဲကို ယင်းကာလအတိုင်း ကျင်းပဖြစ်ပါက အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း နှစ်လယ်ပိုင်းတွင် ပြုလုပ်ဖွယ်ရှိနေသည်။ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် ဆက်လက်ကျင်းပကာ ဆီးဂိမ်းအိမ်ရှင်နိုင်ငံကပင် အိမ်ရှင်အဖြစ် ဆက်လက် လက်ခံကျင်းပခြင်းဖြစ်သည်။ ၂၀၀၁ ပြိုင်ပွဲကို မလေးရှား၊ ၂၀၀၃ ပြိုင်ပွဲကို ဗီယက်နမ်၊ ၂၀၀၅ ပြိုင်ပွဲကို ဖိလစ်ပိုင်၊ ၂၀၀၈ ပြိုင်ပွဲကို ထိုင်း၊ ၂၀၀၉ ပြိုင်ပွဲကို မလေးရှား၊ ၂၀၁၁ ပြိုင်ပွဲကို အင်ဒိုနီးရှား၊ ၂၀၁၄ ပြိုင်ပွဲကို မြန်မာ၊ ၂၀၁၅ ပြိုင်ပွဲကို စင်ကာပူ၊ ၂၀၁၇ ပြိုင်ပွဲကို မလေးရှားနိုင်ငံတို့တွင် ကျင်းပခဲ့ပြီး ၂၀၂၀ ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရသည်။

မြန်မာ မသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်း ခုနစ်မျိုး၌ ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

မြန်မာ မသန်စွမ်းအားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ် ၁၈၁ ခု၊ ငွေတံဆိပ် ၁၃၂ ခု၊ ကြေးတံဆိပ် ၁၄၄ ခု ဆွတ်ခူးရရှိထားကြောင်း မှတ်တမ်းများအရ သိရသည်။

**ရဲရင့်လွင်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ကယ်လီဖိုးနီးယား၌ တောမီးကြောင့် အမျိုးသားသစ်တောများကို ပိတ်ထားမည်

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၃၁**

အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးနှင့်သစ်တောဌာနသည် ဩဂုတ် ၃၁ ရက်ညမှစတင်ကာ ကယ်လီဖိုးနီးယားရှိ အမျိုးသားသစ်တောများကို အများပြည်သူများ လာရောက်ခွင့် နှစ်ပတ်ပိတ်ထားမည်ဟု ကြေညာသည်။

ကယ်လီဖိုးနီးယားတွင် တောမီးပြဿနာကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လုံခြုံစိတ်ချရမှုနှင့် အများပြည်သူများအတွက် လုံခြုံစိတ်ချရစေရေး အာဏာပိုင်များက ယခုလိုခက်ခဲသည့် ဆုံးဖြတ်ချက် ချမှတ်ရခြင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယားဒေသ သစ်တောအမှုထမ်းဖြစ်သူ ဂျနီဗာအမ်အီဘာလီအန်က ပြောသည်။

ဩဂုတ် ၃၁ ရက်ညပိုင်းမှ စက်တင်ဘာ ၁၇ ရက်အထိ အမျိုးသားသစ်တောများကို ပိတ်သွားမည်ဟု သတ်မှတ်ခဲ့သည်။ ဩဂုတ် ၃၀ ရက်ကြေညာချက်အရ ကယ်လီဖိုးနီးယားတစ်လွှားတွင် တောမီးလောင်မှုပေါင်း ၆၈၀၀ ကျော် ဖြစ်ပွားပြီး ဧကပေါင်း ၁ ဒသမ ၇သန်း မီးလောင်ခဲ့ရသည်ဟု သိရသည်။ **ဆင်ဟွာ**



ကယ်လီဖိုးနီးယား၌ တောမီးလောင်မှုကို တွေ့ရစဉ်။

# တုပ်ကွေးကဲ့သို့သော အဖျားရောဂါဖြင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ၃၉ ဦး သေဆုံး

**နယူးဒေလီ ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဥတ္တရာပရာဒေ့ရှ်တွင် ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း ကလေးများအပါအဝင် ၃၉ ဦးထက်မနည်း တုပ်ကွေးရောဂါကဲ့သို့သော အဖျားရောဂါဖြင့် သေဆုံးခဲ့သည်ဟု ဩဂုတ် ၃၀ ရက်တွင် မီဒီယာများ၌ ဖော်ပြကြသည်။

ဖီရိုဇာဘတ်ခရိုင်နှင့် အနီးအနားဒေသတို့တွင် သေဆုံးမှုများ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ကလေးငယ် ၃၂ ဦးနှင့် အရွယ်ရောက်ပြီးသူ ခုနစ်ဦးတို့ သေဆုံးခဲ့သည်ဟု ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအဒစ်ရာနက်က အတည်ပြုပြောကြားခဲ့သည်။ တုပ်ကွေးကဲ့သို့ အဖျားရောဂါဖြင့် သေဆုံးခဲ့ရသူများ၏မိသားစုဝင်များထံ ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ခဲ့ပြီး လိုအပ်သည့် အကူအညီများ ပေးသွားမည်ဟု ပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ယင်းကဲ့သို့ ရောဂါလက္ခဏာ ပြသသည့် ကလေးများ ဆေးရုံတက်ရာ ဒေသခံဆေးရုံသို့လည်း သွားရောက်ခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

# ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးကို ခေတ္တပိတ်ထားဦးမည်ဟု အမေရိကန်ကြေညာ

**ဝါရှင်တန် ဩဂုတ် ၃၁**

အာဖဂန်နစ္စတန် ကဘူးလ်မြို့ရှိ အမေရိကန် သံရုံးကို ခေတ္တပိတ်ထားဦးမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် က ကြေညာခဲ့သည်။





အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်

ကဘူးလ်မြို့မှ သံရုံးဝန်ထမ်းများကို ကာတာနိုင်ငံဒိုဟာမြို့တွင် ပြောင်းရွှေ့တာဝန်ချထားမည်ဟု ဩဂုတ် ၃၀ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဘလင်ကန်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လုံခြုံရေးမသေချာမှုများနှင့် နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများကြောင့် ယခုလိုပြုလုပ်ရခြင်းဖြစ်ကြောင်း သံရုံးလုပ်ငန်းများ ဆိုင်းငံ့ရခြင်းနှင့် ပတ်သက်ပြီး ဘလင်ကန်က ကာကွယ်ပြောဆိုခဲ့သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်၏ တာဝန်များမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ နောက်ထပ်သံတမန်လုပ်ငန်းတာဝန်သစ် စတင်ပြီဖြစ်ကြောင်း ၎င်းက ပြောသည်။ အာဖဂန်နိုင်ငံအတွင်း ရောက်ရှိနေကြသည့် အမေရိကန်နိုင်ငံသားများနှင့် ဒေသခံလုပ်ဖော်ကိုင်ဖက် ၂၀၀ ကျော်မှာ နိုင်ငံအတွင်းမှ ထွက်ခွာသွားလိုကြသည်ဟု ဘလင်ကန်က ပြောသည်။

အာဖဂန်နစ္စတန်တွင် ကျန်ရှိနေသည့် အမေရိကန်နိုင်ငံသားများနှင့် အခြားသော နိုင်ငံသားများကို ကယ်တင်နိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟုလည်း ၎င်းက ပြောသည်။

ထို့ပြင်အမျိုးသမီးများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်လည်း အလေးထား ဆောင်ရွက်သွားမည်ဟု ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်၌ ကိုဗစ်- ၁၉ ကူးစက်မှုများ များပြားနေသည့်အတွက် လုံခြုံစိတ်ချရသည့် ခရီးသွားနိုင်ငံစာရင်းမှ အီးယူပယ်ဖျက်

**ဘရပ်ဆဲလ် ဩဂုတ် ၃၁**

အမေရိကန်၌ ကိုဗစ် – ၁၉ ကူးစက်မှုများ များပြားနေသည့်အတွက် အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမေရိကန်မှလာသော ခရီးသွားများအပေါ် ကန့်သတ်မှုများ ပြန်လည်ချမှတ်ရန် ဥရောပသမဂ္ဂကောင်စီက ပြောသည်။ ဇွန်လအတွင်းက ဥရောပသမဂ္ဂကောင်စီသည် နွေရာသီအားလပ်ရက်အမီ လုံခြုံစိတ်ချရသည့် ခရီးသွားနိုင်ငံများစာရင်းတွင် အမေရိကန်ကို ထည့်သွင်းခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း အမေရိကန်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၉၇၇၉၄၇ ဦးရှိပြီး သေဆုံးသူ ၇၃၉၄ ဦးရှိခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ အမေရိကန်ပြည်ထောင်စုအပြင် အစ္စရေး၊ လက်ဘနွန်၊ မွန်တီနီဂရိုးနှင့် မြောက်မက်ဆီဒိုးနီးယားတို့ကိုပါ ကိုဗစ် – ၁၉ လုံခြုံစိတ်ချရသည့် နိုင်ငံစာရင်းမှ ဖယ်ရှားခဲ့သည်။

အဆိုပါနိုင်ငံများမှလာသော ခရီးသွားများ အီးယူနိုင်ငံများသို့ လာရောက်ပါက အသွားအလာကန့်သတ်မှုအပါအဝင် စိစစ်မှုများကိုလက်ခံရမည်ဖြစ်သည်။ ခရီးသွားရန် လုံခြုံစိတ်ချရသည့် နိုင်ငံများစာရင်းတွင် အာမေးနီးယား၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်းဒါရူဆလင်၊ ကနေဒါ၊ ဂျပန်၊ ဂျော်ဒန်၊ နယူးဇီလန်၊ ကာတာ၊ ဆော်ဒီအာရေးဗီးယား၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဆာဘီးယား၊ ယူကရိန်းနှင့် တရုတ်နိုင်ငံတို့ကို ထည့်သွင်းထားသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ပြင်းထန်လူနာအရေအတွက် များပြား

**တိုကျို ဩဂုတ် ၃၁**

တိုကျိုတွင် ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ကျဆင်းနေပြီဖြစ်သော်လည်း ရောဂါဝေဒနာပြင်းထန်သည့် အရေအတွက်မှာမူ များပြားနေဆဲဖြစ်သည်။

ဩဂုတ် ၃၀ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၁၉၁၅ ဦး တွေ့ရှိခဲ့သည်။ တစ်လကျော်အတွင်း နေ့စဉ်ကူးစက်ခံရသူ ၂၀၀၀ အောက် ပထမဆုံးအကြိမ် ကျဆင်းသွားခြင်းဖြစ်သည်။

သို့သော်လည်း ဆေးရုံများတွင်မူ အကျပ်အတည်းများအောက် ရှိနေဆဲဖြစ်သည်။ လူနာ ၃၀၀ နီးပါးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေဆဲဖြစ်သည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် ဆေးရုံ၏ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးနိုင်မည်ဟု အစိုးရက မျှော်လင့်ထားသည်။

လူဦးရေ၏ ၅၅ ရာခိုင်နှုန်းကျော်မှာ အနည်းဆုံးတစ်ကြိမ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်သည်။ တိုင်းပြည်တစ်ဝက်နီးပါးမှာ အရေးပေါ်အခြေအနေ ကြေညာထားမှုအောက်တွင် ရှိသည်။

စားသောက်ဆိုင်များနှင့် ဘားများတွင် အရက်ရောင်းချခြင်း မပြုရန် အစိုးရက တိုက်တွန်းထားသည်။ ဂျပန်နိုင်ငံတစ်လွှား ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၃၀၀၀ ကျော် တွေ့ရှိခဲ့ပြီး သေဆုံးသူ ၄၆ ဦး ရှိသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



ကိုဗစ်- ၁၉ လူနာအခန်းသို့ဝင်ရန် ပြင်ဆင်နေကြသည့် သူနာပြုများကို တွေ့ရစဉ်။

# ဗီယက်နမ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၆၀၇ ဦး တိုးလာပြီး စုစုပေါင်း ၄၆၂၀၉၆ ဦးအထိရှိလာ



ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာယူနေသည်ကို တွေ့ရစဉ်။

ဟနွိုင်း ဩဂုတ် ၃၁

**ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၆၀၇ ဦး တိုးလာကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့ထဲတွင် ၁၂၅၉၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကာ ၁၆ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။**

ထပ်မံအတည်ပြုခဲ့သော ကိုဗစ်-၁၉ ကူးစက်မှုအသစ်များကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြု ကူးစက်ဖြစ်ပွားသူပေါင်းမှာ ယခုအခါ ၄၆၂၀၉၆ ဦးအထိ ရှိလာခဲ့ပြီး ၁၁၀၆၄ ဦး ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှု အများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၅၄၄၄ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၅၃၀ နှင့် ဒွန်နိုင်ပြည်နယ်မှ ၆၃၄ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၂၃၈၈၆၀ ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း သန်း ၂၀ ကျော်လွန်လာပြီဖြစ်သည်။

ဩဂုတ် ၃၁ ရက်က ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်က သက်ဆိုင်ရာ ပြည်နယ်ဒေသများတွင် ကိုဗစ်-၁၉ ကူးစက်မှုကို ကာကွယ်ထိန်းချုပ်ရန် ဆောင်ရွက်ချက်များကို ပိုမိုလုပ်ဆောင်ရန် တိုက်တွန်းထားသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ပို့ဆောင်

**မနီလာ ဩဂုတ် ၃၁**

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လှုပ်ရှားမှုကို ကူညီထောက်ပံ့ရန် တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး နောက်တစ်သုတ်ကို ဩဂုတ် ၃၁ ရက်က ထပ်မံပေးပို့လိုက်သည်။

တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၂၈ ရက်မှစကာ ပထမဆုံး ကိုရိုနာဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ပေးပို့ခဲ့ပြီး မတ် ၁ ရက်တွင် စတင်သော ကာကွယ်ဆေးထိုး လှုပ်ရှားမှုကို ကူညီပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၃၃ သန်းကို ထိုးပေးပြီးဖြစ်သည်။ လူဦးရေ ၁၃ ဒသမ ၈ သန်းကျော် ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးဖြစ်သည်။ အစိုးရသည် ယခုနှစ်တွင် လူဦးရေ သန်း ၇၀ အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားသည်။

ယနေ့အချိန်အထိ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်သူများထံမှ ကိုဗစ်-၁၉ ကာကွယ်ဆေး ၅၂ သန်း နီးပါးကို လက်ခံရရှိထားသည်။ တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးအများဆုံး ထောက်ပံ့ပေးခဲ့သည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ် ၃၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၉၈၉၈၅၇ ဦးရှိပြီး ၎င်းတို့အနက် ၃၃၄၄၈ ဦး သေဆုံးခဲ့သည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူ ဆက်လက်လျော့နည်း ကျဆင်းလာ

**ဘန်ကောက် ဩဂုတ် ၃၁**

ထိုင်းနိုင်ငံတွင် ဩဂုတ် ၃၁ ရက်က ကိုဗစ်-၁၉ ကူးစက်သူအသစ် ၁၄၆၆၆ ဦး တိုးလာပြီး ၁၉၀ ထပ်မံ သေဆုံးခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲရေးဌာန (စီစီအက်စ်အေ)က ဖော်ပြလိုက်သည်။

ဇူလိုင် ၂၇ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက်မှုအသစ် အနည်းဆုံးဖြစ်သည်။ နိုင်ငံ၏ ဒေသအတော်များများတွင် လချီကြာသည့် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ခြင်း၏ ရလဒ်ကြောင့် ယခုလို အကျိုးရလဒ်ဖြစ်ထွန်းပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်အစောပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းကစ၍ ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၂၀၄၇၂၉ ဦးရှိပြီး သေဆုံးသူပေါင်းမှာလည်း ၁၁၅၈၉ ဦး အထိ ရှိလာခဲ့သည်။

ထပ်မံကူးစက်သော ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၄၆၆၆ ဦး ရှိသည့်အနက် ဘန်ကောက်နှင့် အနီးဝန်းကျင် ဒေသများတွင် ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်သူ အရေအတွက်သည် ထပ်မံကူးစက်သော ကိုဗစ်-၁၉ လူနာ အရေအတွက်၏ ထက်ဝက်နီးပါး ခန့်ရှိသည်။

ဧပြီလအစောပိုင်းကတည်းက နောက်ဆုံး ကိုဗစ်-၁၉ ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၁ ဒသမ ၇ သန်း ရှိလာပြီဖြစ်သည်။

လူဦးရေသန်း ၇၀ နီးပါးရှိသည့်အနက် ၁၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အပြည့်အဝထိုးပြီး ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် နိုင်ငံ့လူဦးရေ၏ သန်း ၇၀ ခန့်ကို ယခုနှစ်ကုန်တွင် ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင် ရောဂါလက္ခဏာ မပြင်းထန်သော ကိုဗစ်-၁၉ လူနာများ ဆေးရုံမှ ဆင်းသွားပြီးဖြစ်ရာ ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် ဆက်လက် ကျဆင်းလာဖွယ်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၃ သန်းနီးပါးရှိလာ

**နယူးဒေလီ ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၃၀၉၄၁ ဦး အပါအဝင် ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၂၇၆၈၈၈၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၅၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၈၅၆၀ အထိ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်သူနှင့် သေဆုံးသူ အများဆုံးနေ့တစ်နေ့ ဖြစ်ခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၇၀၆၄၀ ရှိသည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၃၁၉၅၉၆၈၀ ရှိလာပြီ ဖြစ်သည်။ **ဆင်ဟွာ**

### ၃၁-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၉၄၆၇၀၈ | ၃၀၉၄၄၄၆၅ | ၆၅၆၃၉၃ |
| ၂။ | အိန္ဒိယ | ၃၂၇၆၈၈၈၀ | ၃၁၉၅၉၆၈၀ | ၄၃၈၅၉၂ |
| ၃။ | ဘရာဇီး | ၂၀၇၅၂၂၈၁ | ၁၉၆၉၂၈၉၈ | ၅၇၉၆၄၃ |
| ၄။ | ရုရှား | ၆၉၁၈၉၆၅ | ၆၁၈၁၀၅၄ | ၁၈၃၂၂၄ |
| ၅။ | ဗြိတိန် | ၆၇၅၇၆၅၀ | ၅၄၂၇၀၆၂ | ၁၃၂၄၈၅ |
| ၆။ | ပြင်သစ် | ၆၇၄၆၂၈၃ | ၆၂၂၅၂၀၁ | ၁၁၄၃၀၈ |
| ၇။ | တူရကီ | ၆၃၃၆၄၃၈ | ၅၈၂၃၁၁၁ | ၅၆၄၅၈ |
| ၈။ | အာဂျင်တီးနား | ၅၁၇၈၈၈၉ | ၄၈၆၉၁၀၄ | ၁၁၁၆၀၇ |
| ၉။ | အီရန် | ၄၉၉၂၀၆၃ | ၄၂၀၅၉၂၇ | ၁၀၇၇၉၄ |
| ၁၀။ | ကိုလံဘီယာ | ၄၉၀၇၂၆၄ | ၄၇၃၇၄၆၇ | ၁၂၄၈၈၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၁- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၈၉၈၀၁ | ၃၇၆၀၄၉၇ | ၁၃၃၀၂၃ |
| ဖိလစ်ပိုင် | ၁၉၈၉၈၅၇ | ၁၈၁၀၈၄၇ | ၃၃၄၄၈ |
| မလေးရှား | ၁၇၄၆၂၅၄ | ၁၄၆၁၇၂၇ | ၁၆၆၆၄ |
| ထိုင်း | ၁၂၀၄၇၂၉ | ၁၀၂၁၇၇၂ | ၁၁၅၈၉ |
| ဗီယက်နမ် | ၄၆၂၀၉၆ | ၂၃၈၈၆၀ | ၁၁၀၆၄ |
| မြန်မာ | ၃၉၉၂၈၂ | ၃၅၁၃၇၂ | ၁၅၃၈၉ |
| ကမ္ဘောဒီးယား | ၉၃၀၅၅ | ၈၈၇၈၆ | ၁၉၀၃ |
| စင်ကာပူ | ၆၇၆၂၀ | ၆၆၁၃၂ | ၅၅ |
| လာအို | ၁၅၀၁၅ | ၅၀၄၀ | ၁၄ |
| ဘရူနိုင်း | ၂၇၁၂ | ၉၆၆ | ၉ |

# အိုစမာဘင်လာဒင်ကို ရှာပုံတော်ဖွင့်ရင်း စစ်တလင်းဖြစ်ခဲ့ရတဲ့ အာဖဂန်နစ္စတန်ရဲ့ နောက်ဆုံးနေ့များ

လင်းဟန်သစ်

**နောက်ဆုံး အမေရိကန်တပ်ဖွဲ့ဝင်တွေ ကဘူးလ်လေဆိပ်က ထွက်ခွာပြီးတဲ့နောက်မှာ တာလီဘန်တို့က အာဖဂန်နစ္စတန်မြေက အမေရိကန်တပ်ဖွဲ့တွေ ဆုတ်ခွာသွားတဲ့အပေါ် ကြိုဆိုတယ်လို့ ပြောကြားလိုက်ပါတယ်။ ဒါဟာ အာရှနိုင်ငံတစ်နိုင်ငံကို နှစ်ပေါင်း ၂၀ ကျော်ကြာအောင် အမေရိကန်တို့ရဲ့ ကျူးကျော်စစ်ဆင်နွှဲတာကို အဆုံးသတ်လိုက်တာပဲ ဖြစ်ပါတယ်။**

**လွတ်လပ်သွားတဲ့ အာဖဂန်**

ဒီလိုအမေရိကန်တပ်ဖွဲ့ဝင်တွေ နိုင်ငံတွင်းက အပြီးတိုင် ဆုတ်ခွာသွားတဲ့အတွက် အာဖဂန်နစ္စတန်နိုင်ငံဟာ လုံးဝကို လွတ်လပ်သွားပြီလို့ တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာ မူဂျာဟစ်က တွစ်တာမှာ ပြောကြားထားပါတယ်။

နောက်ဆုံး ကယ်ဆယ်ရွှေ့ပြောင်းရေး လေယာဉ်ခရီးစဉ်ကို ဩဂုတ် ၃၀ ရက်ညက စီစဉ်ခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေနဲ့ စစ်ဘက်ဆိုင်ရာမဟုတ်တဲ့ အရပ်ဘက်ပုဂ္ဂိုလ်တွေလည်း ဩဂုတ် ၃၁ ရက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကတိပေးခဲ့တဲ့ နောက်ဆုံးအချိန်မတိုင်ခင်မှာ အိမ်ပြန်ခဲ့ပါပြီ။

**အာဖဂန်က အမေရိကန်တို့ဆုတ်ခွာ**

ဆယ်စုနှစ် နှစ်စုကြာပြီးတဲ့နောက်မှာ အမေရိကန်ဟာ အာဖဂန်နစ္စတန်က ဆုတ်ခွာသွားပါပြီ။ သို့သော်လည်း အမေရိကန်တွေဟာ ကျွန်တော်တို့နိုင်ငံကို အရှုပ်အထွေးတွေ၊ ကမောက်ကမ အခြေအနေနဲ့ ထားခဲ့ပြီလို့ အသက် ၄၂ နှစ်ရှိပြီဖြစ်တဲ့ ကဘူးလ်ဒေသခံတစ်ဦးဖြစ်တဲ့ ခိုဂျာဝါဟစ်က ပြောပါတယ်။

အမေရိကန်တွေ လက်လျှော့ခဲ့ပါပြီလို့ ခိုဂျာဝါဟစ်က ပြောပါတယ်။

**ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းဖို့**

အမေရိကန်တွေက ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုထိန်းသိမ်းဖို့၊ လူ့အခွင့်အရေးကို ထိန်းသိမ်းဖို့ဆိုပြီး အာဖဂန်နစ္စတန်နိုင်ငံကို လာရောက်ခဲ့ကြပါတယ်။ သို့သော်လည်း သူတို့ရဲ့ ဆုတ်ခွာရွှေ့ပြောင်းမှုကို ကြည့်မယ်ဆိုရင် တာဝန်ခံမှု၊ တာဝန်ယူမှုပုံစံမျိုး မတွေ့ရဘူး။ အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦး အပါအဝင် လူတွေ အများကြီးသေဆုံးခဲ့တယ်လို့ နောက်ထပ် ဒေသခံတစ်ဦးဖြစ်တဲ့ အာမက်ဖာဝက်က ပြောပါတယ်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးပြီး၊ အာဖဂန် ၁၆၀ ထက်မနည်း သေဆုံးကာ ၂၀၀ နီးပါး ဒဏ်ရာရရှိခဲ့တဲ့ ကဘူးလ်မြို့ အပြည်ပြည်ဆိုင်ရာ ဟာမစ်ကာဇိုင်းလေဆိပ်ရဲ့ ဂိတ်မှာ ဩဂုတ် ၂၆ ရက်က ကယ်ဆယ်ရေးလေယာဉ်ပေါ် တက်ဖို့ လူအုပ်ကြီး စောင့်ဆိုင်းနေတဲ့ အချိန်မှာ ဖြစ်ပွားခဲ့တဲ့ အသေခံဗုံးခွဲမှုနဲ့ သေနတ်ပစ်ခတ်မှုတို့ကို ရည်ရွယ်ပြီး ဖာဝက်က ပြောလိုက်ခြင်းဖြစ်ပါတယ်။

အဲဒီတိုက်ခိုက်မှုကို အာဖဂန်နစ္စတန်နိုင်ငံမှာရှိတဲ့ ဒေသတွင်း အစ္စလာမ္မစ်အဖွဲ့နဲ့ ဆက်သွယ်ထားတဲ့ အိုင်အက်စ်-ကေအဖွဲ့ရဲ့ တိုက်ခိုက်မှုလို့ အခိုင်အမာ ပြောဆိုကြပါတယ်။



အာဖဂန်နစ္စတန် ဟာမစ်ကာဇိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အမေရိကန်လေတပ် စီ-၁၇ ပေါ်သို့ စီအိတ်ချ်-၄၇ ချီနုတ်ခ်အား တင်ဆောင်နေသည်ကို တွေ့ရစဉ်။

- **အမေရိကန်ဗဟိုထိန်းချုပ်ကွပ်ကဲရေးဌာနက ဩဂုတ် ၃၀ ရက်က အာဖဂန်နစ္စတန်က အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ ပြန်လည်ဆုတ်ခွာမှုတွေ ပြီးဆုံးသွားပါပြီ။ အမေရိကန်ရဲ့ သမိုင်းမှာ အရှည်ကြာဆုံး စစ်ပွဲကြီးအဆုံးသတ်သွားပြီလို့ ကြေညာခဲ့ပါတယ်**
- **အာဖဂန်နစ္စတန် နိုင်ငံမှာ လတ်တလော သောင်တင်နေတဲ့ အမေရိကန်နိုင်ငံသားတွေဟာ ရာဂဏန်းထက် အများကြီးလျော့နည်းသွားပြီလို့ မက်ကန်ဇိုင်းက ပြောပါတယ်**

**အောင်ပွဲခံ**

လူမှုမီဒီယာပေါ်မှာ ဩဂုတ် ၃၁ ရက် မနက် ၁ နာရီလောက်က မူဂျာဟစ်ရဲ့ မှတ်ချက် တက်လာပြီးနောက်မှာ တာလီဘန်အဖွဲ့တွေက မြို့တော်ကဘူးလ်မှာ သေနတ်ပစ်ဖောက်ပြီး တစ်နာရီလောက် အောင်ပွဲခံနေကြပါတယ်။

သေနတ်ပစ်ဖောက်ပြီးနောက်မှာ မူဂျာဟစ်က ကဘူးလ်က ကြားခဲ့ရတဲ့ ဒီသေနတ်ပစ်ဖောက်မှုဟာ အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ ပစ်ဖောက်တဲ့ သေနတ်ပစ်ဖောက်မှုဖြစ်တယ်လို့ ကဘူးလ်ဒေသခံတွေအနေနဲ့ မစိုးရိမ်ကြပါနဲ့၊ ကျွန်တော်တို့ အခြေအနေတွေကို ထိန်းချုပ်နေပါပြီလို့ မူဂျာဟစ်က ပြောပါတယ်။

**ငြိမ်းချမ်းရေးထာဝရ တည်မြဲဖို့ မျှော်လင့်**

တခြားသူတွေလိုပဲ ကဘူးလ်မှာရှိတဲ့ ဆရာမတစ်ဦးဖြစ်သူ ဆာလီမာက နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးထာဝရ တည်မြဲစေဖို့ မျှော်လင့်ပါတယ်လို့ သူ့ရဲ့ ဆန္ဒကို ဖွင့်ဟခဲ့ပါတယ်။ အာဖဂန်နစ္စတန် မြေပေါ်က အမေရိကန်တွေ ဆုတ်ခွာသွားတာကို ကြိုဆိုတယ်လို့ သူက ပြောပါတယ်။

အနည်းဆုံး နောက်ထပ် ဘယ်လက်နက်ကိုင်အဖွဲ့ကမှ စစ်ပွဲနဲ့ တိုက်ခိုက်မှုတွေဆက်လုပ်မှာ မဟုတ်တော့ဘူးလို့ ဆာလီမာက ပြောပါတယ်။

**အခြေအနေတွေ ဒီထက်ပိုကောင်းမယ်လို့ မျှော်လင့်**

နိုင်ငံတွင်းမှာ အခြေအနေတွေ ဒီထက်ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။ နယ်စပ်တွေလည်း ပြန်ဖွင့်တော့မယ်။ ဈေးနှုန်းတွေလည်း ထိန်းချုပ်ထားလိုက်ပြီ။ အားလုံးအခြေအနေတွေ ပြန်ကောင်းဖို့ကတော့ အချိန်နည်းနည်း ယူရဦးမယ်လို့ ဆာလီမာက ဆက်ပြောပါတယ်။

အမေရိကန်ဗဟိုထိန်းချုပ်ကွပ်ကဲရေးဌာနက ဩဂုတ် ၃၀ ရက်က အာဖဂန်နစ္စတန်က အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ ပြန်လည်ဆုတ်ခွာမှုတွေ ပြီးဆုံးသွားပါပြီ။ အမေရိကန်ရဲ့သမိုင်းမှာ အရှည်ကြာဆုံး စစ်ပွဲကြီးအဆုံးသတ်သွားပြီလို့ ကြေညာခဲ့ပါတယ်။

**ရွှေ့ပြောင်းကယ်ဆယ်မှုတွေ အဆုံးသတ်ခဲ့ပြီ**

အာဖဂန်နစ္စတန်က အမေရိကန်ရဲ့ ဆုတ်ခွာမှုတွေ ပြီးဆုံးသွားတဲ့သတင်းကို ကြေညာဖို့ ကျွန်တော်ဒီမှာရှိနေတာပါ။ ထို့အတူ အမေရိကန်နိုင်ငံသားတွေ၊ တတိယနိုင်ငံမှ နိုင်ငံသားတွေ၊ အားနည်းတဲ့ အာဖဂန်နိုင်ငံသားတွေကို ရွှေ့ပြောင်းကယ်ဆယ်မှုတွေလည်း အဆုံးသတ်ခဲ့ပါပြီလို့ အမေရိကန် ဗဟိုထိန်းချုပ်ကွပ်ကဲရေးဌာနရဲ့ တပ်မှူး ကန်နက်မက်ကန်ဇိုင်းက ဝါရှင်တန်မှာလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားလိုက်ပါတယ်။

ဩဂုတ် ၃၀ ရက်မှာ ဟာမစ်ကာဇိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ နောက်ဆုံး စီ-၁၇ ကယ်ဆယ်ရေး လေယာဉ်လည်း ညနေ ၃ နာရီ ၂၉ မိနစ်က ထွက်ခွာသွားပါပြီ။ နောက်ဆုံး လူကိုယ်တိုင်မောင်းတဲ့ ကယ်ဆယ်ရေးယာဉ်လည်း အာဖဂန်ဝေဟင်က လုံးဝ ရှင်းလင်းသွားပါပြီလို့ မက်ကန်ဇိုင်းက ပြောပါတယ်။

အာဖဂန်နစ္စတန် နိုင်ငံမှာ လတ်တလော သောင်တင်နေတဲ့ အမေရိကန်နိုင်ငံသားတွေဟာ ရာဂဏန်းထက် အများကြီးလျော့နည်းသွားပြီလို့ မက်ကန်ဇိုင်းက ပြောပါတယ်။

**အာဖဂန်ကို ကျူးကျော်ခဲ့**

၉/၁၁ တိုက်ခိုက်မှု နောက်ကွယ်ရဲ့ ကြိုးကိုင်သူအဖြစ် စွပ်စွဲခံထားရတဲ့ အိုစမာဘင်လာဒင်ကို အပူတပြင်း လိုက်လံဖမ်းဆီးရင်းကနေ အမေရိကန်တပ်ဖွဲ့တွေဟာ အာဖဂန်နစ္စတန်ကို ကျူးကျော်ခဲ့ပြီး တာလီဘန်တွေကို မောင်းထုတ်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်စုကျော်လောက်က အာဖဂန်နစ္စတန်နိုင်ငံမှာ သေဆုံးခဲ့တဲ့ အမေရိကန်တပ်ဖွဲ့ဝင် ၂၄၀၀ ကျော်ရှိလာပြီလို့ ပင်တဂွန်က ထုတ်ပြန်ဖော်ပြလိုက်ပါတယ်။ အာဖဂန်တပ်ဖွဲ့ဝင် ၆၆၀၀၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်း ၂ ဒသမ ၇ သန်း အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြရပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၈-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀-၇-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့်ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

---

*✻ ကျောဖုံးမှ*

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃၀-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၉,၂၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၃၉၉)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၁၄,၁၀၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၉၉,၂၈၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၆၉၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၅၁,၃၇၂)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၃၈၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၃၅)ခု | (၆၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ | (၇)ခု | (၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၀)ခု | (၁၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၂)ခု | (၁၂၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၈)ခု | (၁၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၃၈)ခု | (၂၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၀၅)ခု | (၃၂၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆,၀၉၄)ခု | (၂,၈၂၆)ဦး |
| စုစုပေါင်း | (၃၉,၂၈၉)ခု | (၃,၃၉၉)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

---

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၅၆ ဦး၊ အမျိုးသမီး ၁၁၇ ဦး၊ စုစုပေါင်း ၂၇၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ခြောက်ဦး၊ စုစုပေါင်း ၁၁ ဦး၊ လောက်ကိုင်မြို့သို့ ဝင်ရောက်လာသည့် အမျိုးသား သုံးဦးနှင့် မြဝတီမြို့သို့ ဝင်ရောက်လာသည့် အမျိုးသား ၁၀၀ ၊ အမျိုးသမီး ၁၀၀ စုစုပေါင်း ၂၀၀ တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

သတင်းအဖွဲ့

*(ယမန်နေ့မှအဆက်)*

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဗိုလ်ချုပ် ဇော်မင်းထွန်းက မီဒီယာတစ်ခုကို မေးခွန်းတစ်ခုမေးမြန်းရန်နှင့် ထပ်နေသည့်မေးခွန်းများကို ထပ်မံမမေးမြန်းရန် မေတ္တာရပ်ခံလိုကြောင်း၊ နိုင်ငံတော်အဆင့် သတင်းစာရှင်းလင်းပွဲ ဖြစ်သည့်အတွက် အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြစ်နေသည့်အရာများကို မိမိတို့အနေဖြင့် မသိနိုင်ပါကြောင်း၊ ထိုမေးခွန်းများကို ရှောင်ရှားပေးရန် ပြောလိုကြောင်း ဦးစွာပြောကြားသည်။

**Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က ယခုအချိန်တွင် PDF များကို လက်ခံပြီး အကြမ်းဖက်လုပ်ငန်းများ၊ ဖောက်ခွဲရေးသင်တန်းများပေးနေသည့် လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့ထိတွေ့မှုဖြစ်စဉ်များကို သိလိုကြောင်း၊ အထူးသဖြင့် KIO/KIA ၊ ကရင်ပြည်နယ်တွင် တပ်မဟာ(၅)နယ်မြေကို သိမ်းပိုက်လိုက်ပြီ၊ တပ်မဟာ(၆)တွင် ထိုးစစ်ဆင်နေပြီဟု Online ပေါ်တွင် ထိုကဲ့သို့ သတင်းအမျိုးမျိုး တွေ့နေရသည့်အတွက် ထိုသတင်းများနှင့် ပတ်သက်ပြီး တိတိကျကျ သိရှိရရန်အတွက် ရှင်းလင်းပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က KIA နှင့် ပတ်သက်၍ ထိတွေ့တိုက်ပွဲများရှိကြောင်း၊ လက်တွေ့ဖြစ်ပွားနေသည်မှာ တစ်ပတ်ကိုနှစ်ကြိမ်၊ သုံးကြိမ်နီးပါး ရှိကြောင်း၊ အဆိုးဆုံး ဖြစ်စဉ်မှာ ခလရ (၅၈)ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်မျိုးရှိကြောင်း၊ ၎င်းတို့အနေဖြင့် လွန်ခဲ့သည့် ၂ ရက်ခန့်က ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကြေညာချက်ကဲ့သို့ ကြေညာလာခဲ့ကြောင်း၊ ထိုကြေညာချက်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်ရှိသည့် MNDAA နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိကြောင်း၊ ကယားဘက်တွင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားမှုများရှိကြောင်း၊ ယခင်က မြို့ပေါ်အထိ ဖြစ်ပွားခဲ့မှုများရှိကြောင်း၊ ဒီးမော့ဆိုမြို့တွင် ရဲစခန်းကို တိုက်ခိုက်မှုမျိုးရှိကြောင်း၊ နောက်ပိုင်းမရှိတော့ဘဲ ထိုနေရာ ပတ်ဝန်းကျင်တွင်သာရှိသည်ကို တွေ့ရကြောင်း၊ KNU တပ်မဟာ(၅) နယ်မြေဘက်တွင် တချို့ထိတွေ့တိုက်ပွဲများရှိသော်လည်း ပြင်းထန်သည့် ထိတွေ့တိုက်ပွဲများမရှိကြောင်း၊ ထူးခြားသည်မှာ ယခုရက်ပိုင်းအတွင်း တပ်မဟာ(၆) နယ်မြေ၌ ထိတွေ့မှုတချို့ ဖြစ်ပွားခဲ့ကြောင်း၊ တနင်္သာရီဘက်၌ ထိတွေ့တိုက်ပွဲဖြစ်စဉ်မရှိကြောင်း၊ ရခိုင်ပြည်နယ်ဘက်တွင် တိုက်ပွဲဖြစ်စဉ် မရှိကြောင်း၊ ချင်းပြည်နယ်ဘက်တွင် မင်းတပ်၊ ထန်တလန်၊ ဟားခါးတစ်ဝိုက်ရွာများဘက်၌သာ ဖြစ်ပွားခဲ့ကြောင်း၊ ယခင်က မင်းတပ်မြို့ပေါ်အထိ ဖြစ်ပွားခဲ့မှုရှိကြောင်း၊ ယခုနောက်ပိုင်းတွင် ရွာများဘက်တွင် လုံခြုံရေးအရ ဆောင်ရွက်ပေးနေရင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲမျိုးများရှိကြောင်း၊ အားလုံးခြုံငုံပြောရမည်ဆိုပါက EAO နယ်မြေများတွင် PDF အဖွဲ့များ ရောက်နေပြီး တိုက်ပွဲဖြစ်ပွားမှုများရှိကြောင်း၊ သို့သော် ပြောလိုသည်မှာ ယခင်ကတည်းကရှိခဲ့သည့် တိုက်ပွဲပုံစံ အမျိုးအစားများတော့ရှိကြောင်း၊ လုံခြုံရေးအရ ပိုမို၍ ဂရုတစိုက် ဆောင်ရွက်လျက်ရှိသည်ကို ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။



သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာသမားများကို ရှင်းလင်းပြသစဉ်။

ဆက်လက်၍ **Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က တပ်မဟာ(၆) နယ်မြေတွင် PDF များ အလုံးအရင်းဖြင့် အသတ်ခံရသည့် (Dead Body) များကို တပ်မတော်က ရှင်းလင်းရာ၌တွေ့ရှိသည် ဆိုသည့်သတင်းအား အတည်ပြု၍ ရပါသလားဟု မေးမြန်းသည်။

**စုံစမ်းဖော်ထုတ်နေဆဲ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုသတင်းမှာ အတည်ပြု၍မရကြောင်း၊ မိမိတို့ စုံစမ်းဖော်ထုတ်နေဆဲ သတင်းတစ်ခုအရ တပ်မဟာ(၅)နယ်မြေဘက်၌ PDF အဖွဲ့များမှ ထွက်ပြေးမှုများရှိကြောင်း၊ ထိုသို့ ထွက်ပြေးသည့်လူများကို လှောင်အိမ်ထဲ ထည့်ထားသည့် ဖြစ်စဉ်မျိုးများရှိသည်ကို အတည်ပြုဆဲ သတင်းများအရ သိရှိရကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်းမ် သတင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ ၊ ပုဒ်မ ၁၈၊ ပုဒ်မ ၅၂ တို့ကို လူငယ်တော်တော်များများက မသိရှိသည့်အတွက် လမ်းမှားသို့ရောက်ပြီး PDF များနှင့် ပူးပေါင်း၍ ပါသွားသည်ကို ကြားသိရကြောင်း၊ နောက်ထပ်လမ်းမှား မရောက်သေးသည့် လူငယ်များကို ကျယ်ကျယ်ပြန့်ပြန့်သိစေချင်သည့် သဘောတရားကြောင့် ထိုပုဒ်မများကို အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ခဲ့ရမှုများရှိကြောင်း၊ ပြင်ဆင်ခဲ့မှုများနှင့် ပတ်သက်ပြီး သတင်းထောက်များ သတင်းများမေးနေ၍ Information Team တွင် အသေးစိတ်ပြောထားကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြင်ဆင်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်လာမည့်အကြောင်းကို မိမိအနေဖြင့် အကျဉ်းချုံးပြောလိုကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်အုပ်စုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်သမားများ ပါဝင်ကြောင်း၊ ထိုအထဲတွင် ပုဒ်မ ၃၊ ပုဒ်ခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၅)တွင် အကြမ်းဖက်အုပ်စုတစ်ခုခုတွင် ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်စေ လူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများဟု ပြဋ္ဌာန်းထားသော်လည်း အခန်း(၁၄) ပြစ်မှုနှင့်ပြစ်ဒဏ်အပိုဒ်တွင် ပြစ်မှုပြစ်ဒဏ်ပြဋ္ဌာန်းချက် ထည့်သွင်းပြဋ္ဌာန်းရန် ကျန်ရှိကြောင်း၊ ပုဒ်မ ၃ တွင် အကြမ်းဖက်လုပ်ရပ်ကို အားပေးနေသည့်လူများ၊ တိုက်တွန်းနေသည့်လူများ၊ စည်းရုံးသိမ်းသွင်းနေသည့် လူများ၊ စုဆောင်းရန်ပြုနေသည့်လူများ၊ ထိုလူများကို အပြစ်ပေးရန် ပြစ်မှုပြစ်ဒဏ် ပြဋ္ဌာန်းရန်အတွက် အခန်း(၁၄)တွင် ကျန်ရှိနေသည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအား ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ (၂၁/၂၀၂၁) ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဖြည့်စွက်ပြဋ္ဌာန်းရာတွင် သဘောသဘာဝတူညီသည့် ပုဒ်မ ၅၂ ၊ ပုဒ်မခွဲ(က)ကို ဖြည့်စွက်ခြင်းဖြစ်ကြောင်း။

**ဥပဒေထဲအကျုံးဝင်**

ထိုသို့ ဆောင်ရွက်သည့်အတွက် ထိုသူများသည် အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ ၇ နှစ်အထိ ချမှတ်ခံရမည်ဖြစ်သည့်အပြင် ငွေဒဏ်လည်း ချမှတ်ခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိပေးလိုသည်မှာ လက်ရှိဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော CRPH၊ NUG ၊ PDF အဖွဲ့များကို တစ်ဦးတစ်ယောက်တည်းအနေဖြင့် ဖြစ်စေ၊ အခြားလူတစ်ဦးဦးအား ပါဝင်ရန် တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများ၊ ဝါဒဖြန့်မှုများ၊ လူသစ်စုဆောင်းမှုများ၊ သတင်းစုဆောင်းမှုများ၊ အချက်အလက်စုဆောင်းမှုများ ပြုလုပ်ပါက ထောင်ဒဏ် သုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်မှုကျူးလွန်ရန်အတွက် စာအားဖြင့်လည်းကောင်း၊ လူမှုကွန်ရက်တွင်ဖြစ်စေ၊ တယ်လီဖုန်း၊ အခြား ဆက်သွယ်ရေးကိရိယာတစ်ခုခုဖြင့်ဖြစ်စေ၊ နည်းပညာတစ်ခုဖြင့် တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများ၊ မဟုတ်မမှန် သတင်းဖြန့်ချိမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းဖြင့် ချိတ်ဆက်ရန်၊ လူသစ်စုဆောင်းမှုများ၊ အကြမ်းဖက်သမားများကို အကြမ်းဖက်မှုပြုနိုင်ရန် သတင်း စုဆောင်းပေးမှုများသည်လည်း ဥပဒေထဲတွင် အကျုံးဝင်မည်ဖြစ်၍ အားလုံးသိရှိကြရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**One News Channel မှ သတင်းထောက် ဦးမင်းဇင်**က အာဆီယံနှင့် မြန်မာနိုင်ငံကြားတွင် ဧပြီ ၂၄ ရက်က ဆွေးနွေး သဘောတူညီခဲ့သည့် ဘုံသဘောတူညီချက်(၅)ချက်၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သည့်အချက်များကို ဆောင်ရွက်ပြီးပြီလဲ၊ မည်သည့်အချက်များကို အဓိကထားဆောင်ရွက်နေသလဲ၊ ယခုအချိန် အာဆီယံအထူးကိုယ်စားလှယ်အဖြစ် Mr. Erywan Yusof ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးသည့် အချိန်တွင် မြန်မာနိုင်ငံက တာဝန်ရှိသူများနှင့် ဆွေးနွေးပြီးပြီလား၊ မည်သည့်အချက်များကို ဆွေးနွေးနေသည်ကို သိလိုကြောင်း၊ နောက်တစ်ချက်မှာ အာဆီယံ ဘုံသဘောတူညီချက် (၅) ချက်တွင်

❖ **အကြမ်းဖက်မှုကျူးလွန်ရန်အတွက် စာအားဖြင့်လည်းကောင်း၊ လူမှုကွန်ရက်တွင် ဖြစ်စေ၊ တယ်လီဖုန်း၊ အခြားဆက်သွယ်ရေးကိရိယာတစ်ခုခုဖြင့် ဖြစ်စေ၊ နည်းပညာတစ်ခုဖြင့် တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများ၊ မဟုတ်မမှန် သတင်းဖြန့်ချိမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းဖြင့် ချိတ်ဆက်ရန်၊ လူသစ် စုဆောင်းမှုများ၊ အကြမ်းဖက်သမားများကို အကြမ်းဖက်မှုပြုနိုင်ရန် သတင်း စုဆောင်းပေးမှုများသည်လည်း ဥပဒေထဲတွင် အကျုံးဝင်မည်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အရေးကြီးသည့် နိုင်ငံအတွင်း၌ အကြမ်းဖက်မှုကန့်သတ်ရေးနှင့် သက်ဆိုင်သူများကြားတွင် အပြုသဘောဆောင် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး အဖြေရှာမည့် အခြေအနေကို အသေးစိတ် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**သဘောတူ တုံ့ပြန်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အာဆီယံကိုယ်စားလှယ် ခန့်အပ်ရန်အတွက် သတင်းထုတ်ပြန်ခဲ့မှုရှိကြောင်း၊ ယခင်က အာဆီယံ ကိုယ်စားလှယ်ခန့်အပ်ရန် အာဆီယံနိုင်ငံများက သုံးဦး အဆိုပြုခဲ့ကြောင်း၊ ထိုသုံးဦးထဲတွင် ထိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီးကို ၎င်းတို့ အဆိုပြုသည့်လူကိုသာ မိမိတို့က သဘောတူသည်ဟု တုံ့ပြန်ခဲ့ကြောင်း၊ ထိုသို့ တုံ့ပြန်သည့်အခါ ၂၀၂၁ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည့် (၅၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဘုံသဘောတူညီချက်မရဟုဆိုကြောင်း၊ ဘရူနိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး(၂)ကို ခန့်အပ်ပေးရန်ပြောကြောင်း၊ ထို့ကြောင့် ယင်းအစည်းအဝေးတွင် မိမိတို့က တရားဝင်စာထုတ်ရန်တုံ့ပြန်ခဲ့၍ တရားဝင်စာပေးပြီး ဆက်လက်ဆွေးနွေးရာ မိမိတို့က ၂၀၂၁ ခုနှစ် ဩဂုတ် ၄ ရက် အစည်းအဝေးတွင် အဆိုပါ ဘရူနိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး(၂)ကို သဘောတူသည်ဟု တုံ့ပြန်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် လုပ်ဆောင်ဖွယ်ရာရှိသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအထဲတွင် ဘုံသဘောတူညီချက်(၅)ရပ် ရှိပြီးဖြစ်ကြောင်း၊ ခန့်အပ်သည့်အချိန်တွင် မိမိတို့အနေဖြင့် မှတ်တမ်းတင်ပေးပါဟု မေတ္တာရပ်ခံခဲ့သည့် အချက်(၃)ချက်ရှိကြောင်း၊ ထိုအချက်(၃)ချက်ကို အနှစ်ချုပ်ပြောပေးမည်ဖြစ်ကြောင်း၊ ယခု ခန့်အပ်လိုက်သည့် အာဆီယံကိုယ်စားလှယ်အနေဖြင့်လည်း အာဆီယံခေါင်းဆောင်များ အစည်းအဝေးကြေညာချက်ပါ တူညီဆန္ဒ(၅)ချက်နှင့်အညီ ၎င်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါဟု မိမိတို့ပြောထားကြောင်း၊ ထိုအတိုင်း မိမိတို့က လိုက်နာဆောင်ရွက်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားလုံးကို အာဆီယံသဘောတူချက် (၅)ချက် အတိုင်းသာ ဆောင်ရွက်ပေးရန်အတွက် လမ်းဖွင့်ပေးပြီး၊ သဘောတူပြီးဖြစ်သည်ဟုပြောလိုကြောင်း၊ မည်သည့်အဆင့်ရောက်ပြီဆိုလျှင် မိမိတို့အနေဖြင့် ထိုအာဆီယံ ကိုယ်စားလှယ်နှင့်ပတ်သက်ပြီး သဘောတူသည့်အဆင့် လမ်းဖွင့်ပေးထားသည့် အဆင့်ရောက်ပြီဖြစ်ကြောင်း၊ ဥပမာပြောရမည်ဆိုပါက ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်နိုင်ရန်လည်း ဖိတ်ခေါ်ခဲ့ပါကြောင်း ပြန်လည်ဖြေကြားသည်။

**Sankei Shimbun သတင်းစာ၏ ဌာနေသတင်းထောက် ဒေါက်တာ ဇော်သန်း**က ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်ပြီး သေဆုံးမှုနှုန်းက ဇူလိုင်လတွင် တစ်ရက်ကို ၂၀၀ ကျော်ခန့်ရှိနေပြီး




နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

ယခုဩဂုတ်လ တတိယအပတ်တွင် အတော်ပင် ကျဆင်းသွားကြောင်း၊ ဤသည်မှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု၊ တစ်နေရာမှ တစ်နေရာ ကူးလူးမသွားလာခြင်းလည်း ပါကြောင်း၊ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် ပိုပြီးထိုးပေးနိုင်သည့် အတွက်ကြောင့်လည်းပါကြောင်း၊ ယခင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောခဲ့ဖူးသည့် မိန့်ခွန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်နိုင်ရန်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းထုတ်လုပ်နိုင်ရန် အစီအစဉ်ရှိသည့် အလားအလာကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိပြောပြမည့် အကြောင်းအရာသည် ပညာရှင်တစ်ယောက်အနေဖြင့် ပြောခြင်းမဟုတ်ကြောင်း၊ မိမိနားလည်သမျှကို သတင်းထောက်များကို Share လုပ်ခြင်းဖြစ်ကြောင်း၊ မိမိပြောမည့် အကြောင်းအရာများထဲတွင် ပညာရှင်ဆန်ဆန်ပြောခြင်း မဟုတ်သည့်အတွက် မှားနိုင်သည့် အချက်အလက်များပါကြောင်း၊ သို့သော်လည်း ယေဘုယျအားဖြင့် ဤအတိုင်းသာဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးလည်းရှိကြောင်း၊ ဖြည့်စွက်၍ ပြောပြပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြန်မာနိုင်ငံအတွင်း၌ ထုတ်ချင်သည့် နံပါတ်(၁) အချက်မှာ အိန္ဒိယမှ ကာကွယ်ဆေးအလုံးသန်း ၃၀ ဝယ်ခဲ့ကြောင်း၊ ဝယ်ယူသည့်အခါ ၂ သန်းရရှိပြီး ၁ ဒသမ ၅ သန်းကို လှူကြောင်း၊ ထိုသို့ရရှိပြီး နောက်ပိုင်းတွင် ကာကွယ်ဆေးကို မရတော့ကြောင်း၊ ၎င်းကိုလည်း အပြစ်ပြော၍မရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့နိုင်ငံတွင်လည်း ရောဂါဖြစ်နေ၍ အခြားနိုင်ငံများကိုလည်း မရောင်းနိုင်တော့ကြောင်း။

ယခုအချိန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရန် မိမိတို့တစ်နိုင်ငံတည်း ကြိုးစားနေခြင်းမဟုတ်ဘဲ ကျန်နိုင်ငံများကလည်း ကြိုးစားနေကြကြောင်း၊ အမှာစာများကို ယခင်ကတည်းက ပို့ထားပြီးဖြစ်ကြောင်း၊ သို့သော်မရတော့၍ တရုတ်နိုင်ငံသို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးဝယ်မည်ဟု အမှာစာပို့ရကြောင်း၊ မိမိတို့၏ အရှေ့၌ တရုတ်နိုင်ငံတွင် အမှာစာများ များစွာရှိကြောင်း၊ သို့သော် ၎င်းတို့က အိမ်နီးနားချင်းကောင်း ပီသစွာပေးသည့်အတွက် ယခုအချိန်မီ ထိုးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ( ဥပမာ မိမိတို့အားကိုးနေသည့် နိုင်ငံတစ်နိုင်ငံက ကိုဗစ်- ၁၉ ရောဂါထပ်ပြီးဖြစ်သည်ဆိုလျှင် မိမိတို့ကိုပေးသည့် ဆေးပေးနိုင်ဦးမည်လား ) မည်မျှပင် ပိုက်ဆံပေးထားသည်ဖြစ်စေ အိန္ဒိယနိုင်ငံဆိုလျှင် အလုံးသန်း ၃၀ အတွက် ငွေချေပြီးဖြစ်ပါကြောင်း၊ မပေးနိုင်သေးပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ထုတ်နိုင်လျှင် စိတ်အချရဆုံးဆိုပြီး မိမိတို့နိုင်ငံတွင် ထုတ်ရန်လုပ်နေပါကြောင်း၊ မိမိတို့လုပ်သည့်အခါတွင် ရုရှားနှင့် ညှိနှိုင်းပါကြောင်း၊ **တရုတ်နိုင်ငံနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးနှင့် ဆောင်ရွက်ပြီးလုပ်နေပါကြောင်း၊ မိမိပြောနိုင်သည်မှာ မြန်မာနိုင်ငံအတွင်းတွင် ယခုနှစ်မကုန်မီတွင် ထုတ်လုပ်နိုင်သည့် အလားအလာများသည်ဟုပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**ဆောင်ရွက်ဆဲအဆင့်သာ**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး**က ဖြည့်စွက်ဖြေကြားရာတွင် ကာကွယ်ဆေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံက Viral Vector ဟုခေါ်သည့် Modify လုပ်ထားသည့် ဆေးကိုဝယ်ယူပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း Inactivated ဟုခေါ်သည့် ပိုးအရှင်နှင့်သုံးသည့် ဆေးကိုလည်းသုံးပါကြောင်း၊ ထို့အတူ ရုရှားနိုင်ငံက Sputnik ဆေးကလည်း Viral Vector အမျိုးအစားတစ်မျိုးပင် ဖြစ်ကြောင်း၊ ယင်းကိုလည်း မိမိတို့ကြိုးစားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာနတွင်ရှိသည့် ကာကွယ်ဆေးစက်ရုံတွင် ထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာကုမ္ပဏီ၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးပြီးပါက ၎င်းတို့မှ ပစ္စည်းများ လာရောက်လုပ်မည်ဆိုပါက မိမိတို့က ပုလင်းထဲထည့်ပြီး ကာကွယ်ဆေးများ ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုကာကွယ်ဆေးကို နိုင်ငံတကာအဆင့်မီသုံးစွဲနိုင်သည့် အဆင့်ရောက်ရန်၊ ပြည်သူများ အန္တရာယ်မရှိရန် FDA Approval ရရန် ကြိုးစားပြီး ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုအခါ ဆောင်ရွက်ဆဲအဆင့်တွင်သာရှိသည်ကို မိမိအနေဖြင့်ပြောလိုပါကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး **ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးနေမင်း(သထုံ)**က မြို့နယ်အသီးသီးတွင်ရှိသည့် ပုဒ်မ-၅၀၅ နှင့် ဖမ်းဆီးခံထားရသည့် လူများကို ပထမအကြိမ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန် ၃၀ ရက်တွင် စိစစ်ပြီး လွှတ်ပေးသည်ဟု သိရပါကြောင်း၊ ဒုတိယအကြိမ် ပြန်လွှတ်ပေးရန်ရှိ/ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်၍ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းဟူ၍ ဇူလိုင် ၂၀ ရက်တွင် ကြေညာပြီးဖြစ်ပါကြောင်း၊ အပိုဒ် ၁ တွင် ကိုဗစ်- ၁၉ ရောဂါကြောင့် နှောင့်နှေးကြန့်ကြာနေခြင်းများရှိပါကြောင်း၊ ထို့ကြောင့် စွပ်စွဲခံရသည့်နိုင်ငံသားများကို သက်ညှာစွာစဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄၁၉ အရ အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုအထဲတွင် ဖေဖော်ဝါရီ ၁ ရက်နှင့် ထိုနေ့မတိုင်မီက ပြစ်မှုများနှင့် သက်ဆိုင်ရာတရားရုံးတွင် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများကို အမှုမှလွှတ်ရမည်ဟု ပြောပါကြောင်း၊ ထိုအထဲတွင် အမှုအမျိုးအစားပေါင်း ၁၁ မျိုးပါဝင်ပြီး ထို ၁၁ မျိုးတွင် ပါဝင်သူများက လွှတ်ခွင့်ရမည် ဖြစ်ပါကြောင်း၊ သတင်းထောက်ကြီးပြောသည့် ပုဒ်မ မပါဝင်သေးပါကြောင်း၊ သို့သော် ပုဒ်မ- ၅၀၅ သည် ထိုထဲတွင် မပါဝင်ဘဲ အဘယ့်ကြောင့် လွှတ်လဲဆိုလျှင် ကန့်သတ်ချက်များ၊ စံချိန်စံညွှန်းများရှိကြောင်း၊ ထဲထဲဝင်ဝင် ပတ်သက်ခြင်းမရှိသည့်သူများ၊ အခြားသူများ၏ သွေးထိုးမှုကြောင့် လုပ်ရသူများ၊ ယခုအချိန်တွင် မလုပ်ပါဟု ဝန်ခံထားသူများ၊ ထိုသူများကို စိစစ်ပြီး လုပ်ဆောင်နေဆဲဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခင်တစ်ပတ်က လူ ၃၀၀ ကျော် စိစစ်ပြီး တင်ပြီး လူ ၂၀၀ ခန့် လွှတ်ပေးခဲ့ပါကြောင်း၊ အစီအစဉ်ရှိပါကြောင်း၊ ထိုအတိုင်းသာလုပ်မည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ကျော်လင်း**က ၅၀၅(က) နှင့်ပတ်သက်ပြီး ၂၀၂၁ ခုနှစ်၊ ဇွန် ၃၀ ရက်တွင် ၂၂၉၆ ဦးကို ပြန်ပြီးဖြေလျှော့ပေးခဲ့ခြင်း ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖြေလျှော့ပေးရန် တင်ပြသည်များကို သေချာစိစစ်ပြီး ထဲထဲဝင်ဝင် မဟုတ်သည်များကိုလည်း စိစစ်ပြီး ဖြေလျှော့ပေးနေခြင်းများလည်းရှိပါကြောင်း၊ အချို့မှာလည်း စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေခြင်းများလည်းရှိပါကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက်သတင်းပို့ဆက်သွယ်လာပါက ရေးဖွင့်ထားသည့်အမှုများကို ပြန်လည်ပိတ်သိမ်း၊ ရုပ်သိမ်းပေးမည်ဖြစ်ကြောင်းကို တရားဝင်သတင်းစာများ၌ ကြေညာထားခြင်းများရှိပါကြောင်း၊ ယခုအချိန်ထိ ထိုသို့လာရောက် ဆက်သွယ်သူ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူ အရပ်သားများ စုစုပေါင်း ယမန်နေ့အထိ ၅၉၁ ဦးရှိပါကြောင်း၊ ၎င်းတို့၏ အမှုများကို စိစစ်ပြီး ဖြေလျှော့ပေးခြင်းများ ရှိပါကြောင်း **ဖြည့်စွက်**ဖြေကြားသည်။

*စာမျက်နှာ ၁၈ သို့*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စေတနာရှင် အလှူရှင်များက အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေလှူဒါန်း

နေပြည်တော် ဩဂုတ် ၃၁

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များသို့ စေတနာရှင်အလှူရှင်များက ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။**



ထိုသို့လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဦးတင်မြင့်နှင့်ဇနီး ဒေါ်တင်ငွေ မိသားစုက အောက်ဆီဂျင်အိုး အလုံး ၅၀၊ Oxygen Flow Meter ၂၅ ခုနှင့် Mask ၃၀၀၀၀ တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် အတွက် မြန်မာ့အားမာန်စီးပွားရေး လုပ်ငန်းရှင်များအသင်း၏ နာယက ဦးတင်မောင်နှင့် ဇနီး ဒေါ်စီစီမိုး (Xie Family Co,Ltd) က ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ Oxygen Generation System တစ်လုံး၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (YMBA) ဗဟို ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ဇနီး ဒေါ်မို့မို့ အေးကျော် မိသားစုက လူနာတင်ယာဉ် တစ်စီး၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်က ငွေကျပ်သိန်း ၄၆၀ တန်ဖိုးရှိ Medical Oxygen Concentrator အလုံး၂၀ နှင့် Medical Ventilator ငါးလုံး၊ Esperado Lake View Hotel မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကောင်းမြတ်ဇော်က ငွေကျပ် သိန်း ၃၀၀၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)က ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ Liquid Oxygen ၂၅ တန်၊ ဦးသက်မျိုးနှင့် ဇနီး ဒေါ်မိုးသီတာဇော် (မိုးရတနာထွန်း ဆောက်လုပ်ရေး ကုမ္ပဏီမိသားစု)နှင့် ဒေါက်တာစည်သူဝင်း (Future Bright Co. Ltd)က ငွေကျပ် ၂၁၅ သိန်း တန်ဖိုးရှိ Liquid Oxygen Tank 499 L (1) unit နှင့် Air Hearted Vaparizer (1) unit၊ လှိုင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့အားမာန်စီးပွားရေးလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်သိန်း ၁၀၀၊ Royal Home Pro Co,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဦးက ငွေကျပ်သိန်း ၁၀၀၊ Great Calio Construction Company Limited မှ ဥက္ကဋ္ဌ ဦးအောင်ထွေးက ငွေကျပ် သိန်း ၁၀၀၊ ဦးမောင်မောင်တင် မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ကွယ်လွန်သူ ဦးရာမေ့စ်အား ရည်စူး၍ မိခင် ဒေါ်နီတာအား အမှူးထားကာ ကိုနီတော့ရ် (သူရိယဒီပ ကုမ္ပဏီ)က ငွေကျပ် ၃၂၅၀၀၀ တန်ဖိုးရှိ အဝတ်အခြောက်ခံစက်တစ်လုံး၊ တော်ဝင်ချမ်းသာကုမ္ပဏီမိသားစုမှ (MD) သုခမ္မမဏိဇောတရေ ဦးငွေးဦး (ရန်ကုန်တိုင်းဒေသကြီး YMBA အသင်း အလုပ်အမှုဆောင်) က ငွေကျပ် ၃၂၅၀၀၀ တန်ဖိုးရှိ အဝတ်လျှော်စက် တစ်လုံး၊ ဦးအောင်ဖြိုးလင်း (Ceberge Co. Ltd)က ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ Flow Meter နှင့် ပိုက် ၁၀ စုံ၊ အနောက်ပိုင်းခရိုင် YMBA အသင်းဥက္ကဋ္ဌ ဦးစန်းဝေ က ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ Flow Meterနှင့် ပိုက် ၁၀ စုံ၊ ရန်ကုန်တိုင်းဒေသကြီး YMBA အသင်းက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ Flow Meter နှင့် ပိုက် ၁၀ စုံတို့ကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြကန်သာ ရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံ၊ ပန်းတနော်မြို့ရှိ အောင်သပြေ ကုမ္ပဏီမိသားစုက လှူဒါန်းသည့် အောက်ဆီဂျင်စက်ရုံနှင့် အိမ်မဲမြို့ တို့ရှိ အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုများနှင့် ငပုတောမြို့၌ အောက်ဆီဂျင် ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေသည့် အခြေအနေများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၃၁

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ပေါင်း ခုနစ်မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၄၅၉ ဦးကို လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၆၅၆၀ တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၇၇ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၂၇၈ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အတွင်းမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၅၅၄ ဦး၊ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၁၁၅၆ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် မုံရွာမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၉၅ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၇၃၃၁ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၆၆၃ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ခြောက်လတာ သက်တမ်းတစ်လျှောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏မိန့်ခွန်းကို နားထောင်ပြီးသည့်အချိန်တွင် တပ်မတော်အပေါ်ကို များစွာကိုယ်ချင်းစာမိပါကြောင်း၊ မိမိတို့မပြောလျှင် ဗိုလ်ချုပ်တို့အနေဖြင့် မသိနိုင်ခြင်းကြောင့်သာ အားနာနာနှင့် မေးရခြင်းဖြစ်ပါကြောင်း၊ အဓိက မီတာဘေလ်များ ဖြစ်ပါကြောင်း၊ မီတာဘေလ်စာရွက်များသည် လစဉ်မရောက်ရှိပါကြောင်း၊ ရောက်လာသည့်အချိန်တွင် ပေါင်းပြီးရောက်လာပါကြောင်း၊ အချို့မီတာများသည် ပုဂ္ဂလိကကို ပေးထားသည်ဟု သိရပါကြောင်း၊ မီတာဘေလ်သွားတောင်းသော်လည်း မီတာဘေလ်က မရှိသေးဘူးဟု ပြောပါကြောင်း၊ နောက်မှ ၄/ ၅ စောင် ပေါင်းပြီးရောက်ပါကြောင်း၊ ယခုအချိန်တွင် ပြည်သူကပေးသည့် ဒဏ္ဍကို ပြည်သူများခံစားနေရပါကြောင်း၊ မီတာဘေလ်ကို ပုံမှန်လာစေလိုပြီး **Mobile Banking** များဖြင့် ဆောင်လိုပါကြောင်း၊ ခြောက်လတာ သက်တမ်းတစ်လျှောက်တွင် ယုံကြည်စွာနှင့် **ATM** ကတ်များကို တစ်နေ့ငါးသိန်း ထုတ်ပေးသည့်အချိန်ကပင် မိမိတို့ မထုတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့တွင် ငွေကြေးခက်ခဲမှုများ ရှိပါကြောင်း၊ မိမိသာမဟုတ်ပါဘဲ မိမိတို့ဖြစ်ပါကြောင်း၊ ငွေကြေးအခက်အခဲ အများကြီးရှိသည့်အတွက် **Mobile Banking**ဖြင့် တရားဝင်ဆောင်၍ရသည်ဆိုသော်လည်း အမှန်တကယ်ပေးဆောင်ရာတွင် အခက်အခဲများစွာရှိနေပါကြောင်း၊ မိမိတို့သည် အခွန်ထမ်းလိုသည့် ပြည်သူများဖြစ်သည့်အတွက် မီတာဘေလ်ပေးဆောင်ရာတွင် **Mobile Banking** ဖြင့် လွယ်လွယ်ကူကူ ပေးဆောင်နိုင်ရန်အတွက် ဗိုလ်ချုပ်တို့အနေဖြင့် စီစဉ်ပေးရန်အစီအစဉ်ရှိ/ မရှိ မေတ္တာရပ်ခံမေးမြန်းလိုပါကြောင်း၊ ငွေကြေးအခက်အခဲသည် ငွေသားအခက်အခဲ အတော်ပင်ခက်ခဲနေ၍ ဖြစ်ပါကြောင်း မေးမြန်းသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အစီအစဉ်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးလုပ်သည့်အခါတွင် အချို့ကောင်စီဝင်များတင်ပြပါကြောင်း၊ သတင်းထောက်ကြီးတင်ပြသလို အခက်အခဲရှိသည်များကို တင်ပြပါကြောင်း၊ မီတာနှင့်ပတ်သက်ပြီး မီတာဘေလ်စာရွက်ရောက်ရုံမကဘဲ ဖုန်းများထဲသို့ရောက်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အချိန်တော့ နည်းနည်းစောင့်ရမည်ဖြစ်ကြောင်း၊ နောက်တစ်ခုက မိမိတို့လည်း သိပါကြောင်း၊ အချို့ဘဏ်များက ၎င်းတို့ထဲတွင် မီတာခပေးဆောင်သည့်စနစ်ရပြီဟု ပြောကြောင်း၊ သို့သော် တမင်သက်သက်ကို ပိတ်ထားတာရှိကြောင်း၊ ၎င်းတို့ Website ထဲက ညွှန်ကြားထားသည့်အတိုင်း မီတာခသွင်းလိုလျှင် လုပ်ဆောင်ရမည့် ညွှန်ကြားချက်အတိုင်း လိုက်လုပ်သော်လည်း သွင်း၍မရဟု သိရကြောင်း၊ ယင်းတို့ကိုလည်း တိတိကျကျ စုံစမ်းဖော်ထုတ်လျက်ရှိပြီး ပြောရန်အချိန်မကျသေးသည့်အတွက် မပြောနိုင်သေးကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **Myanmar National Post သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ကိုဗစ်ကိစ္စနှင့်ပတ်သက်ပြီး ကာကွယ်ဆေးထိုးရန် ပြောသွားသည်ကို ထောက်ခံပါကြောင်း၊ မိမိနှင့် မိမိအမျိုးသားကိုယ်တိုင် ကိုဗစ်ရောဂါဖြစ်ခဲ့ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးလည်း ထိုးခဲ့ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးထားသော်လည်း ကိုဗစ်ရောဂါဖြစ်တတ်ကြောင်း၊ သို့သော် ခံစားရနှုန်းက များစွာသက်သာကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးပေးခဲ့သည့် တပ်မတော်အစိုးရကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၉-၂၀၂၁ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ ပေမတ္တသုတ်၊ ရတနသုတ်၊ မောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သူတို့ဒေသ သူတို့ဘဝ 'ဇန်းဖော်မြေမှ ကချင်တိုင်းရင်းသား'
၀၉:၁၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ပြည်သူ့နီတိ 'ဝိုင်သာလက်'
၁၁:၃၀ MRTV National News
၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
၁၈:၁၀ ရှမ်းကန်လှုပ်ရှားဘဝများ
၁၈:၃၅ MRTV Travelogue
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ မြန်မာပြည်တောင်ဘက်ဖျားမှ သဘာဝအစွမ်းကမ်းဇော်ဆီ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၅၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ ဩဂုတ်လ) (ပထမပိုင်း)
၂၁:၃၀ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ

mitv

07:01 News
07:27 Myanmar's Traditions and Culture "A stir about of Rainbows"
07:5 Wet Markets in Yangon: Shwe Pa Dauk Fish Market
08:01 Unique Art of Stucco Work
08:18 Dragon Boats And Traditional Customs In Tanintharyi
08:44 Mulberry Art Painting: Muu Muu
09:01 Myanmar's Traditions and Culture: Novicehood in Myanmar
09:26 Amazing: Sayargyi Nyein Chan Aung
09:37 Bridge On The River Tapam
10:01 A Historic Town: 9 Pagodas
10:01 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
11:17 Inlay Traditional Lotus Fabric
11:34 Gardener of Royal Thazin Floral
11:54 Myanmar Bamboo Xylophone (or) Pattala

MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၄)
ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
သစ်ပင်ပေါ်မှာငှက်ရှိသည်
အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
ထီလာပုံဂံ
အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ကျွန်တော်တို့ရွာ
ချင်း (လိုင်းဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
ငါးမာလာဟင်း
ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
ချင်းပြည်နယ်၏အလှအပများ
မွန် (၁၃:၀၀ မှ ၁၅:၀၀)
ကော့နပ်ရွာက ဦးနာအောက်ဘုရား
ရခိုင် (၁၅:၀၀ မှ ၁၈:၀၀)
ကောန့်ဗျိုင်နှင့်ရွှေပဂုံသီးချက်
ရှမ်း (၁၈:၀၀ မှ ၁၉:၀၀)
ဒေသထွက်အစားအစာရောက်ချိုသီးစိုက်ပျိုးနည်း
ဝ (၁၉:၀၀ မှ ၂၁:၀၀)
ကျိုင်းတုံဝရိုးရာဆန်ပြုတ်
ကချင် (၂၁:၀၀ မှ ၂၃:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၄)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မဟုတ်သတင်းပေးခြင်း'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဩဂုတ် ၃၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၂၈ ခုမှ Piracetam သုံးခု၊ Meloxicam ၁၀ ခု၊ Salbutamol ငါးခု၊ Pralidoxime Chloride ခြောက်ခု၊ Cimetidine သုံးခု၊ Cyanoco-balamine သုံးခု၊ Remdesivir Injection ၆၀၃၀၊ Coenzyme Q 10 50 Mg Vitamin E 50Mg Soya Lecithin 20 Mg Vitamin B6 10 Mg ၃၅၀၀၊ Vitamin C ၁၀၃၄ ခု၊ Enoxa K (Enoxaparin) ၇၀၀၀၊ Harmaceutical (Raw Material) (50)KGS သုံးခု၊ Cetirizine Tablets ၉၈၂ ခု၊ Zinc Sulphate Tablets ၉၄၀၊ Yesom 40 Capsule ၁၇၄၀၊ Lazine Tablets ၃၃၀၀၊ Triverm 40 Mg ၁၀ ခု၊ M-noxa ၁၅၀၀၀၊ Atocor 10 Tablets ၇၉၅၄၄ ခု၊ Cyclcserine ၁၃၄ ခု၊ Oxygen Concentractor ၁၃၂ ခု၊ Medical Care HPV Test CE (96) Test ၂၅ ခု၊ Thermometer ၁၀၂၀၀၊ Machine Equipment တစ်ခု၊ HSW Pneumatic Vaccinator တစ်ခု၊ Test Strip ၁၀၀၊ Gas Outlet ၄၀၊ Humidifer ၅၀၊ Spiometer ၁၀၀၀၊ Brand New Medical Reageant ၁၅ ခု၊ Oximeter ၃၅၀၀၊ Medical Reagent UF Cellpack ၁၂ ခု၊ Medical Device Electrolyte Analyzer ၁၈ ခု၊ Flow Meter ၄၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးမျိုးစုံ ၅၂ မျိုး ၁၇၇၃၂၉ ဒသမ ၄၁၁ Kg၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ) တွင် ကုမ္ပဏီ ၁၉ ခုတို့မှ Oxygen Cylinder ၃၉၅၂ ခု၊ Oxygen Concentrator ၈၁ ခု၊ Mask ၁၃၂၁၆ ခု၊ Liquid Oxygen ၄၀ ဒသမ ၁၃ တန်၊ Flow Meter ၁၂၁၇၅ ခု၊ PPE ၂၅၀၀၊ Oxygen Plant နှစ်ခု၊ Air Compressor တစ်ခု၊ Glove ၇၉၂၅ ဒသမ ၀၄ Kg၊ Sai Bcom (Injection) ၁၀၃၀၄ Kg၊ SAI B 1 (Injection) ၁၂၁၆၆ Kg၊ Vitamin C Tablets ၇၉၃၅ Kg ၊ Cimetidine Injection ၄၄၃၉ Kg၊ Syringe ၁၅၀၄ ခု၊ Trolley ၃၀၀၊ Sodium Chloride Injection ၈၅၇၂၅ Kg တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၈ - ၂၀၂၁

ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၇၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၀၀/၁၀၃၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၇၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၁၁၅ ကျပ် | ၁၁၇၅/၁၂၁၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၈၃ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၅၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၁၇၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၂ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၀၄ . ၉၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၆၀ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၀၃၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၇၈၂ | ၆၈၈၁၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၈၂၄ | ၅၈၃၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၅ | ၁၅၅၀၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၂၁၄ | ၁၀၂၇၆၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဝေဿန္တရာဇာတ်တော်

**မြတ်မင်းလှိုင်**

*(ယမန်နေ့မှအဆက်)*

သားတော် သမီးတော်တို့သည် လက်မှန္တယ်ကြိုးကိုဖြေကာ ခမည်းတော်ထံပါး ပြန်ပြေးကြ၏။ မယ်တော်ရောက်မှ ပေးလှူရန်တောင်းပန်ကြသည်။ ခမည်းတော်သည် မတုန်မလှုပ်နေသောကြောင့် ငိုကြွေးကြပြန်သည်။ ထိုသို့ သားတော်သမီးတော်တို့ ငိုကြွေးနေစဉ် ပုဏ္ဏားရောက်လာပြီး ဘုရားလောင်းရှေ့မှောက်၌ပင် နွယ်ဖြင့် တုပ်နှောင်ရိုက်ခတ်ပြန်သည်။

ဘုရားလောင်းလည်း မိမိရှေ့တွင်ပင်သားတော်သမီးတော်တို့အား မညှာမတာရိုက်ပုတ်နေသည်ကို မြင်တွေ့ရ၍ ကြီးစွာယူကျုံးမရဖြစ်မိသည်။ ထို့ကြောင့် ပုဏ္ဏားအား သန်လျက်ဖြင့် သတ်ပြီးသားတော်သမီးတော်တို့အား ပြန်လည်လုယူရန် ကြံရွယ်မိလေသည်။ သို့သော် ဘုရားလောင်းသည် သတိတရားဖြင့် စိတ်ရိုင်းကိုထိန်းကာ ကျောင်းသင်္ခမ်းတံခါး ကျောက်ပျဉ်၌ပင် ရွှေအဆင်းကဲ့သို့ ငြိမ်သက်စွာ ထိုင်နေတော်မူ၏။ ဇူဇကာပုဏ္ဏားသည် ခမည်းတော်ရှေ့မှောက်ပင် ရိုက်ပုတ်ခေါ်ဆောင်သွားပြန်သည်။ သားတော်သမီးတော်တို့သည် ဝမ်းနည်းမဆုံး ငိုကြွေးကြစဉ် ပုဏ္ဏားသည် ချော်လဲပြန်သည်။ ထိုအခါ သားတော်သမီးတော်တို့သည် ခမည်းတော်ထံအတူတကွ ပြေးလာကြပြန်သည်။ ပုဏ္ဏားသည် လျင်မြန်စွာ ထပြီးလျှင် ဘုရားလောင်းရှေ့တွင်ပင် ပြင်းစွာဆဲရေးမောင်းမဲရိုက်ပုတ်လျက် လက်နှစ်ဖက်ကို နွယ်ကြိုးဖြင့် ကြပ်အောင်ချည်နှောင်၍ ခေါ်ဆောင်သွားပြန်သည်။ ထိုညတွင် ဝင်္ကပါတောင်တံခါးသို့ ရောက်ရှိကြကုန်သည်။

ဝေဿန္တရာမင်းကြီးသည် သားတော်သမီးတော်တို့အား ပေးလှူလိုက်သောကြောင့် မဟာပထဝီမြေကြီးသည် ပွဲတင်ထပ်မျှ တုန်လှုပ်ခဲ့သည်။ ဗြဟ္မာပြည်တိုင်အောင် အုတ်အုတ်ကျက်ကျက် အသံဖြစ်စေသည်။ ဟိမဝန္တာတောစောင့်နတ်တို့သည် ထိုအသံနှင့်အတူ မင်းသားမင်းသမီးတို့၏ ငိုကြွေးသံကို ကြားကြလေသည်။ မဒ္ဒီဒေဝီသည် ကျောင်းသင်္ခမ်းသို့စောစောပြန်ရောက်၍သားတော်သမီးတော်တို့အား မင်းကြီးက လှူလိုက်ကြောင်း သိရှိရလျှင် ခြေရာခံလိုက်တော့မည်။ ထိုအခါ မဒ္ဒီဒေဝီသည် အန္တရာယ်တွေ့ကြုံရပေမည်။ ထို့ကြောင့် နတ်တို့ချင်းတိုင်ပင်၍ သစ်၊ ကျား၊ ခြင်္သေ့အသွင်ဖြင့် လမ်းခရီးမှ ကာဆီးထားကြလေသည်။ မဒ္ဒီဒေဝီက အတန်တန်တောင်းပန်စကားဆိုမှ ခြင်္သေ့၊ သစ်၊ ကျားတို့က လမ်းဖယ်ပေးသည်။

မဒ္ဒီဒေဝီသည် ကျောင်းသင်္ခမ်းသို့ ရောက်သောအခါ တိတ်ဆိတ်လျက်ရှိသည်။ သားတော်သမီးတော်တို့က နေ့စဉ်အမြဲ ကြိုဆိုနေပါလျက် ယခုလာရောက်ကြိုဆိုခြင်းမရှိ၍ စိုးရိမ်စိတ်ဖြစ်ပေါ်ခဲ့သည်။ မဒ္ဒီဒေဝီသည် ဘုရားလောင်းအနီးတွင် ဦးခေါင်းမှသစ်သီးတောင်းကို ချပြီးသော် ဘုရားလောင်းအား မေးမြန်းလေသည်။ မဒ္ဒီဒေဝီသည် ငိုမြည်တမ်းလျက်ရှိသော်လည်း ဘုရားလောင်းသည် တစ်ခွန်းသောစကားကိုမျှ ပြန်မပြောဘဲ တိတ်ဆိတ်နေလေသည်။ ထိုအခါ မဒ္ဒီဒေဝီက အကယ်၍ယနေ့ညဥ့်ပတ်လုံး စကားမပြောဆိုပါက မနက်ဖြန်မိုးသောက်ပါက မိမိ၏ ထွက်သက်ဝင်သက်မဲ့သော ကိုယ်ကိုသာ မြင်ရပါလိမ့်မည်ဟု ဆိုသည်။

ထိုအခါ ဘုရားလောင်းသည် မဒ္ဒီဒေဝီ၏ ပူဆွေးသောက စိတ်မှ ပြောင်းလဲစေအောင် အပြစ်တင်စကား ဆိုလေသည်။ သင်သည် အချိန်လွန်မှ ရောက်ရှိလာပြီး ငါ့စိတ်နှလုံးကို မသာမယာရှိအောင် ပြုဘိ၏။ ထိုသို့အချိန်လွန်၍ ရောက်လာခြင်းသည် သင်၏အပြစ်ပင်ဖြစ်သည်ဟု ဘုရားလောင်းက ဥပါယ်တံမျဉ်ဖြင့် ပြောဆိုလိုက်သည်။ မဒ္ဒီဒေဝီက မိမိသည် သားရဲတို့ကြောင့် အချိန်လွန်ခဲ့ရကြောင်း ရှင်းလင်းပြောဆိုပြီးနောက် သားနှင့်သမီးတို့အကြောင်းကိုသာ ထပ်ကာမေးမြန်းလေသည်။ ဘုရားလောင်းသည် မတုန်မလှုပ်နေမြဲသာနေ၏။

ဘုရားလောင်းသည် ထိုသို့စကားမပြောမဆိုဘဲနေခြင်းကြောင့် မဒ္ဒီဒေဝီသည် လူးလာခေါက်ပြန်ငိုကြွေးကာ ဘုရားလောင်း၏ ခြေရင်း၌ လဲလေသည်။ မဒ္ဒီဒေဝီသည် အတန်ကြာမှ သတိရလေသောအခါ သားတို့သမီးအကြောင်းကိုသာ မေးပြန်သည်။ ထိုအခါ ဘုရားလောင်းသည် သားနှင့်သမီးတို့အား အလှူခံပုဂ္ဂိုလ်ရောက်လာ၍ လှူလိုက်ကြောင်း ပြောကြား၏။ မဒ္ဒီဒေဝီက မင်းကြီး၏အလှူကို ဝမ်းမြောက်ပါ၏။ ထိုထက်လွန်၍လည်း အဖန်တလဲလဲ အလှူပေးရသည် ဖြစ်ပါစေသတည်းဟု အနုမောဒနာပြု၏။

ထိုသို့ဘုရားလောင်းနှင့် မဒ္ဒီဒေဝီတို့ အချင်းချင်းပြောဆိုကြလျက်ရှိနေစဉ် သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ ဝေဿန္တရာမင်းကြီးထံမှ မဒ္ဒီဒေဝီအား အလှူခံလေသည်။ မင်းကြီးလည်း မဆိုင်းမတွပင် မဒ္ဒီဒေဝီအား ရေစက်ချပေးလှူပြန်သည်။ သိကြားမင်းလည်း မင်းကြီးအား ဆုပေးကာ မဒ္ဒီဒေဝီအားပြန်၍ပေးအပ်ပြီး တရားစကားပြောဆိုကာ သိကြားမင်းအသွင်ကိုပြလေသည်။ သိကြားမင်းသည် ဤသို့ပုဏ္ဏားဟန်ဆောင်၍ မဒ္ဒီဒေဝီအား အလှူခံခြင်းမပြုပါက အခြားပုဏ္ဏားတစ်ဦးအား ပေးလှူခဲ့လျှင် ဘုရားလောင်းအား အလုပ်အကျွေးပြုမည့်သူ မရှိဖြစ်မည်ကိုစိုး၍ ဖြစ်ပေသည်။

သိကြားမင်းက တရားစကားပြောကြားပြီးနောက် မင်းကြီးသည် သိကြားမင်းခွင့်ပြုချက်ဖြင့် ဆုရှစ်ပါးကို တောင်းယူသည်။ ဘုရားလောင်းတောင်းသောဆုရှစ်ပါးသည်–

(က) ခမည်းတော်က အမျက်ပြေ၍ ပြည်သို့ခေါ်ပြီး ယခင်ကကဲ့သို့ မင်းအဖြစ်ကို ဆောင်နှင်းပေးအပ်စေသတည်း။

( ခ ) မင်းအဖြစ်သို့ ရောက်ပြီးလျှင် မင်းပြစ်မင်းဒဏ်သင့်၍ သတ်အပ်သောသူကိုပင် သတ်လိုစိတ်မရှိသည် ဖြစ်စေသတည်း။

( ဂ ) ကြီးငယ်မဟူ ခပ်သိမ်းကုန်သော သူတို့သည် မိမိကိုသာလျှင် မှီ၍ အသက်မွေးကြသည် ဖြစ်စေသတည်း။

(ဃ) သူတစ်ပါး၏မယားကို တပ်မက်သောစိတ်ဖြင့် မကြည့်လို၊ ကိုယ်ပိုင်မယား၌သာ ရောင့်ရဲပြီး မိန်းမအလိုသို့ မလိုက်ခြင်းသည် ဖြစ်စေသတည်း။

( င ) မိမိသားမယားဆွေမျိုးတို့သည် အနာမရှိအသက်ရှည်ကြ၍ တရားသဖြင့် ရန်သူတို့ကိုအောင်ကာ မင်းစည်းစိမ်၌ စံပျော်ရစေသတည်း။

( စ ) နေ့စဉ်ညဥ့်မိုးသောက်၍ နေအာရုံတက်ချိန်၌ ထမင်းအဖျော်စသော အသုံးအဆောင်တို့သည် ရှေ့သို့ ရောက်လာစေသတည်း။

(ဆ) ဥစ္စာစည်းစိမ်တို့သည် ပေးလှူ၍မကုန်နိုင်ဘဲ ထိုအလှူကိုသာလျှင် ဝမ်းမြောက်ဝမ်းသာ အောက်မေ့မိစေသတည်း။

( ဇ ) ဤသို့အဖြစ်မှစုတေခဲ့သည်ရှိသော် တုသိတာနတ်ပြည်၌ဖြစ်၍၊ ထိုနတ်ပြည်မှလူပြည်၌ တစ်ကြိမ်သာလျှင် ပဋိသန္ဓေနေရပြီးသော် သဗ္ဗညုတဉာဏ်ကို ရပါစေသတည်း။

ဘုရားလောင်းသည် ထိုသို့ဆုရှစ်ပါးကို တောင်းပြီးသော် သိကြားမင်းက သင်၏ခမည်းတော်သည် မကြာမီပင်လာ၍ ခေါ်ဆောင်လာလိမ့်မည်။ ခပ်သိမ်းသော သင်၏နှလုံးအလိုသည် အပြီးသို့ သွားရောက်လတ္တံ့၊ မစိုးရိမ်လင့်၊ မမေ့မလျော့ လုံ့လပြုလော့ဟု ဆို၍တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။ ဘုရားလောင်းနှင့် မဒ္ဒီဒေဝီတို့သည် နှစ်လိုဝမ်းမြောက်စွာ သိကြားမင်းပေးသော ကျောင်း၌နေကြ၏။

ထိုအချိန်တွင် ဇူဇကာပုဏ္ဏားသည် မင်းသား၊ မင်းသမီးတို့အား ယူဇနာခြောက်ဆယ်ရှိသော ခရီးသို့ခေါ်ဆောင်သွားနေသည်။ လမ်းခရီးတွင် ညဥ့်အခါ၌ ပုဏ္ဏားသည် သစ်ပင်ပေါ်တက်၍ အိပ်၏။ သားတော်၊ သမီးတော်တို့ကိုမူ သစ်ပင်ရင်း၌ ချည်နှောင်ထား၏။ ထိုသို့ခရီးနှင်ခဲ့ကြရာ ၁၅ ရက်ကြာသောအခါ စေတုတ္တရာပြည်သို့ ရောက်ရှိကြသည်။ ဇူဇကာပုဏ္ဏားနှင့် မင်းသား၊ မင်းသမီးတို့ ရောက်မည့်ညတွင် သိဉ္စည်းမင်းကြီးသည် ကြီးစွာသောတရားသဘင်၌ မင်းကြီးအား လူမည်းကြီးတစ်ယောက်သည် ပဒုမ္မာကြာနှစ်ပွင့်ကို ဆက်သဖြင့် နားတစ်ဖက်တွင် တစ်ပွင့်စီပန်ထားရာ ဝတ်ဆံတို့သည် မင်းကြီး၏ ရင်ဘတ်ပေါ်သို့ ကြွေကျသည်ဟု အိပ်မက်မြင်မက်လေသည်။

ထိုနေ့နံနက် မင်းကြီးသည် တရားစီရင်ရာ လွှတ်သဘင်၌ မှူးမတ်အပေါင်းခြံရံလျက် နေတော်မူ၏။ ထိုအခါ ဇူဇကာပုဏ္ဏားသည် မင်းကြီးမျက်နှာမူရာတူရူသို့ ရောက်ရှိလာသည်။ မင်းကြီးသည် ခရီးလမ်းကို မျှော်ကြည့်လိုက်ရာ ကလေးငယ်နှစ်ယောက်ကိုမြင်လျှင် မိမိ၏မြေးများဖြစ်မည်ဟု ထင်တော်မူ၍ သူငယ်နှစ်ယောက်နှင့်တကွ ပုဏ္ဏားကိုခေါ်လာစေ၏။ မင်းကြီး၏ရှေ့တော်သို့ရောက်လျှင် ဇူဇကာပုဏ္ဏားက မိမိအား ဝေဿန္တရာမင်းကြီးက ထိုသူငယ်နှစ်ယောက်ကို ပေးလှူလိုက်ရာ ၁၅– ရက်ပင်ရှိပြီဟု လျှောက်ထားလေသည်။ လွှတ်သဘင်၌ ရှိကြသော မှူးမတ်အပေါင်းတို့က ဝေဿန္တရာမင်းကြီးအား ရင်နှစ်သားသမီးများကို ပေးလှူ၍ ကဲ့ရဲ့ပြစ်တင်ကြသည်။

ထိုသို့မှူးမတ်တို့၏ ကဲ့ရဲ့ပြစ်တင်စကားကို ကြားရသောအခါ ဇာလီမင်းသားက ကာကွယ်ပြောဆိုလေသည်။ ထို့အပြင် မိမိတို့အား လှူဒါန်းစဉ်က အဖိုးဖြတ်၍ လှူလိုက်ခြင်းဖြစ်ကြောင်း မင်းကြီးအား လျှောက်ထားသည်။ သိဉ္စည်းမင်းကြီးလည်း ပုဏ္ဏားအားတန်ဖိုး ဥစ္စာတို့ကိုပေး၍ မြေးတော်တို့ကို ရွေးယူသည်။ ဇူဇကာပုဏ္ဏားသည် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော စည်းစိမ်ကိုရလျှင် ပြာသာဒ်ထက်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စားလျက် မြတ်သောအိပ်ရာထက် ဝယ် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် နေ၏။

သိဉ္စည်းမင်းကြီးသည် မြေးတော်တို့အား ဦးခေါင်းဆေးမင်္ဂလာပြုစေပြီး မြတ်သောအဝတ်တန်ဆာတို့ကို ဝတ်ဆင်စေသည်။ အဆင်း၊ အနံ့ဂုဏ်နှင့် ပြည့်စုံသောမင်္ဂလာပန်းတို့ကို ပန်ဆင်စေသည်။ ထို့နောက် ဇာလီမင်းသားအား သိဉ္စည်းမင်းကြီး၏ ရင်ခွင်ပေါ်၌ လည်းကောင်း၊ သမီးတော်ကဏှာဇိန်အား ဘွားတော် ဖုဿတီမိဖုရားကြီး၏ ရင်ခွင်ပေါ်၌လည်းကောင်းနေစေပြီး ပဋိသန္ထာရစကားဆိုကြ၏။ ထိုအခါ ဇာလီမင်းသားသည် ခမည်းတော်ဘုရားလောင်း ဝေဿန္တရာမင်းနှင့် မယ်တော်မဒ္ဒီဒေဝီတို့အား ပြည်တော်သို့ပြန်လည်ခေါ်ရန် တိုက်တွန်းလျှောက်ထား၏။ သိဉ္စည်းမင်းကြီးလည်း သားတော်နှင့် ချွေးမတော်တို့အား ပြန်လည်ခေါ်ယူရန် စစ်ရထားတို့ကို ပြင်ဆင်စေ၍ လမ်းခရီးကိုလည်း တန်ဆာဆင်စေသည်။

ထိုအချိန်တွင် ဇူဇကာပုဏ္ဏားသည် တစ်ကြိမ်တစ်ခါမျှ မတွေ့မကြုံဖူးသော စည်းစိမ်တို့ကို ခံစားကာ အာဟာရကို အတိုင်းအဆမရှိ မရောင့်ရဲနိုင်ဘဲ စားခြင်းကြောင့် စားပိုးနင့်၍သေတော့သည်။ ကျန်ရှိသော စည်းစိမ်တို့ကို စေတုတ္တရာပြည်၌ အမွေဆက်ခံမည့်သူမရှိ၍ မင်းဘဏ္ဍာအဖြစ် သိမ်းယူလေသည်။ ထို့နောက် သိဉ္စည်းမင်းကြီးသည် ဇာလီမင်းသားတို့ရောက်သည့်နေ့မှ ခုနစ်ရက်မြောက်သောနေ့တွင် မှူးမတ်စစ်သည်တို့နှင့်အတူ ဝင်္ကပါတောင်သို့ ထွက်ချီလေသည်။ ကာလိင်္ဂရာဇ်မင်းက ပြန်လည် ဆက်သခဲ့သော ဝေဿန္တရာမင်းကြီး၏ ဆင်ဖြူတော်ပစ္စယကိုလည်း တန်ဆာဆင်ဆောင်ယူခဲ့လေသည်။

သိဉ္စည်းမင်းကြီးသည် စေတုတ္တရာပြည်မှ ယူဇနာခြောက်ဆယ်ကွာဝေးသော ဝင်္ကပါတောင်ရှိ ဝေဿန္တရာမင်း၏ ကျောင်းသင်္ခမ်းအနီးသို့ ရောက်ရှိကြလေသည်။ မုစလိန္ဒာအိုင်ကြီးသို့ ရောက်လျှင် ဇာလီမင်းသား သည် သစ်တပ်တဲစခန်းချ၍ တစ်သောင်းလေးထောင်ကုန်သော ရထားတို့ကို လာခဲ့သောခရီးလမ်းမသို့ ရှေးရှုထား၏။ တစ်ဆယ့်နှစ်ခေါဘဏီရှိသော စစ်သည်ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထားတို့၏ အသံသည် ဟိမဝန္တာတောင်အလုံး ပွဲတင်ထပ်လျက်ရှိ၏။ ဘုရားလောင်း ဝေဿန္တရာမင်းသည် ထိုအသံများကိုကြားလျှင် မဒ္ဒီဒေဝီနှင့်အတူ တောင်ထိပ်သို့ တက်၍ မှန်းမျှော်ကြည့်လေသည်။ ဘုရားလောင်းသည် ရန်သူများဝိုင်းနေသည်ဟု စိုးရိမ်မိသည်။ မဒ္ဒီဒေဝီက ခမည်းတော် သိဉ္စည်းမင်းကြီး ဖြစ်မည်ဟု နှစ်သိမ့်ကာ ကျောင်းသင်္ခမ်းသို့ပြန်ကြသည်။

❖ **သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ ဝေဿန္တရာမင်းကြီးထံမှ မဒ္ဒီဒေဝီအား အလှူခံလေသည်။ မင်းကြီးလည်း မဆိုင်းမတွပင် မဒ္ဒီဒေဝီအား ရေစက်ချပေးလှူပြန်သည်။ သိကြားမင်းလည်း မင်းကြီးအား ဆုပေးကာ မဒ္ဒီဒေဝီအားပြန်၍ပေးအပ်ပြီး တရားစကားပြောဆိုကာ သိကြားမင်းအသွင်ကို ပြလေသည်။ သိကြားမင်းသည် ဤသို့ပုဏ္ဏား ဟန်ဆောင်၍ မဒ္ဒီဒေဝီအား အလှူခံခြင်းမပြုပါက အခြားပုဏ္ဏားတစ်ဦးအား ပေးလှူခဲ့လျှင် ဘုရားလောင်းအား အလုပ်အကျွေးပြုမည့်သူမရှိ ဖြစ်မည်ကိုစိုး၍ ဖြစ်ပေသည်**

*စာမျက်နှာ ၂၁ သို့*

## ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများအတွက် ကျန်းမာရေးသုံးပစ္စည်းများထောက်ပံ့

**ကျောက်ပန်းတောင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများအတွက် ကျန်းမာရေးသုံးအကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မျက်နှာစာတွင် ပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသည့် ရောဂါကာကွယ်ရေးဝတ်စုံ၊ N 95 နှာခေါင်းစည်း၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ မျက်နှာအကာ၊ ရော်ဘာလက်အိတ်၊ ပိုးသတ်ဆေးရည်၊ ဆေးဖျန်းပုံး၊ အရက်ပြန်၊ လက်ကိုင်အသံချဲ့စက်၊ ဗီတာမင်-စီ ဆေးပြား၊ Enervon-C ဆေးပြား အစရှိသည်တို့ ပါဝင်ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာလူမှုရေးအသင်းများ၊ နာမှုကူညီရေးအသင်းများမှ စေတနာ့ဝန်ထမ်း ၇၅ ဦးတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတာဝန်ရှိသူက ပြောသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ရပ်ကွက်/ကျေးရွာများရှိ ပရဟိတအသင်းများမှ စေတနာ့ဝန်ထမ်း ၇၅ ဦးတို့က တစ်ဦးချင်း လက်ခံယူကြကြောင်း သိရသည်။



နေအောင်(ပြန်/ဆက်)

## မင်းဘူး(စကု)မြို့နယ်၌ ကမ်းပြိုဘေးနှင့် ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်

**မင်းဘူး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ သဘာဝဘေးကြောင့် ဖြစ်ပွားခဲ့သော ကမ်းပြိုဘေးနှင့်ရေဘေးသင့်အိမ်ထောင်စုများအားလုံးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၂ သိန်းကျော်နှင့် နှာခေါင်းစည်းများ ပေးအပ်ပွဲကို ယမန်နေ့က မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး၌ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ် ကျောင်းကုန်းကျေးရွာတွင် ဩဂုတ် ၂၃ ရက်က ရေဝတီမြစ်ရေ တိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသည့် နေအိမ်ကိုးလုံးမှ အိမ်ထောင်စုကိုးစုအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀ နှင့် လူဦးရေ ၃၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၇၃၅၀၀ စုစုပေါင်း ထောက်ပံ့ပေးအပ်ငွေကျပ် ၉၇၃၅၀၀ တိတိကို ထောက်ပံ့ပေးအပ်သည်။



ထို့နောက် ထုံးမကြီးကျေးရွာတွင် ဩဂုတ် ၂၈ ရက်က ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၃၃ စုမှ လူဦးရေ ၈၆ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၈၀၆၀၀ တိတိကိုလည်းကောင်း၊ ဩဂုတ် ၂၉ ရက်က ထုံးမကြီးကျေးရွာ၌ မြစ်ရေထပ်မံဝင်ရောက်ခဲ့ပြီး အလားတူ တပင်ကျေးရွာတွင်လည်း မြစ်ရေများ ဝင်ရောက်ခဲ့ကြောင်း၊ အဆိုပါ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၁၃ စုတို့မှ လူဦးရေ ၄၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၆၁၀၀ စုစုပေါင်းထောက်ပံ့ပေးအပ်ငွေ ၂၆၆၇၀၀ တိတိကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်းထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

## ညောင်တုန်းမြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**ညောင်တုန်း ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တတိယ(၃)လပတ်အတွက် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ထောက်ပံ့ငွေပေးအပ်ရာတွင် ညောင်တုန်းမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၂၄ အုပ်စုမှ ဘိုးဘွား ၄၈၉ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် သုံးသောင်းကျပ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၆၇၀၀၀၀ကို တာဝန်ရှိသူများက ဘိုးဘွားများကိုယ်စား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်သူများကို ဆန်များဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ငပုတော ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ပြည်သူများအနေဖြင့် ကိုဗစ်- ၁၉ ရောဂါကူးစက်မှုဖြစ်ပွားနေစဉ်ကာလအတွင်း ဆန်များအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ပြည်သူတစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်းဖြင့် ကမ်းနားလမ်းရှိ စားသုံးသူရေးရာဦးစီးဌာနရုံးတွင် နေ့စဉ်နံနက်၇ နာရီမှ ၁၂ နာရီ အထိ ရောင်းချပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် မနောသုခဆန်အမျိုးအစား တစ်ပြည်လျှင် ငွေကျပ်တစ်ထောင်နှုန်း၊ ဧယာဆန် အမျိုးအစားတစ်ပြည်လျှင် ငွေကျပ်ကိုးရာကျပ်နှုန်းဖြင့် နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ထို့နောက် သိဒ္ဓည်းမင်းကြီးသည် ဘုရားလောင်း၏ ဖွားဖက်တော်အမတ်ခြောက်သောင်းခြံရံလျက် ဆင်ဖြူတော်ပစ္စယကိုစီး၍ သားတော်ဘုရားလောင်းထံသို့ သွားတော်မူ၏။ အနီးသို့ရောက်လျှင် ဆင်ဖြူတော်ထက်မှဆင်းပြီး အမတ်ခြောက်သောင်းခြံရံလျက် ဘုရားလောင်းကျောင်းသခ်မ်းသို့ သွားတော်မူသည်။ ကျောက်ဖျာပေါ်၌ မွေ့လျော်သောစိတ်၊ တည်ကြည်သောစိတ်နှလုံးဖြင့် ငြိမ်သက်နေသော ဝေဿန္တရာအား ရှုမြင်ရလေသည်။ ဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီတို့သည် ခမည်းတော်ကိုမြင်လျှင် ခရီးဦးကြိုဆိုကြလျက် ရှိခိုးဖူးမြော်ကြ၏။ ထို့နောက် ဝေဿန္တရာမင်းကြီးက တောအရပ်၌ ပင်ပန်းဆင်းရဲပုံနှင့် သားတော်သမီးတော်တို့အား ဇူဇကာပုဏ္ဏားလက်သို့ လှူလိုက်ကြောင်း လျှောက်တင်လေသည်။ သိဒ္ဓည်းမင်းကြီးက မြေးတော်တို့ကို ရွေးယူထားပြီဖြစ်ကြောင်း ပြောပြ၏။ ထိုအခိုက် မယ်တော်ဖုဿတီဒေဝီမိဖုရားကြီး ရောက်ရှိလာသည်။ မင်းသားနှင့်မင်းသမီးတို့လည်း ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြသည်။ မဒ္ဒီဒေဝီ မိဖုရားလည်း သားနှင့်သမီးကိုတွေ့ရလျှင် သည်းထန်စွာငိုကြွေးမြည်တမ်းကာ မိန်းမော၍ မြေ၌လဲလေသည်။ နုနယ်လှသော သားတော် သမီးတော်တို့လည်း သည်းစွာငိုကြွေးလျက် အမိ၏ အပေါ်၌လဲလေသည်။ ဝေဿန္တရာမင်းကြီးလည်း မိဖုရား၊ သားနှင့်သမီးတို့ မိန်းမော၍ မြေ၌လဲနေသည်ကိုမြင်လျှင် ပူဆွေးခြင်းကို မဖြေနိုင်၍ မိန်းမောလျက်ပင် မိမိထိုင်ရာကပင် မြေ၌လဲလေသည်။ သိဒ္ဓည်းမင်းကြီးနှင့် ဖုဿတီမိဖုရားကြီးတို့သည်လည်း သားတော်၊ ချွေးမတော်နှင့် မြေးများ၏ အဖြစ်ကိုမြင်ကာ မိမိတို့ထိုင်ရာကပင်လျှင် မိန်းမောလျက် လဲကြကုန်၏။ ဘုရားလောင်း၏ ဖွားဖက်တော်အမတ်ခြောက်သောင်းတို့သည်လည်း မြေ၌လူးလဲလျက်ငိုကြွေးကြ၏။

ထိုအခါ သိကြားမင်းသည် သိဒ္ဓည်းမင်းကြီး၊ ဖုဿတီမိဖုရား၊ ဝေဿန္တရာမင်း၊ မဒ္ဒီဒေဝီနှင့် သားတော်၊ သမီးတော်တည်းဟူသော မင်းခြောက်ပါးတို့ သက်သာရာရစေအောင် ပေါက္ခရဝဿမိုး ရွာသွန်းပေးလေ၏။ ထိုပေါက္ခရဝဿမိုးသည် ရွာသည့်အခါ စိုစွတ်စေလိုသော မင်းခြောက်ပါးတို့သည်သာ စွတ်စိုကြ၏။ မင်းခြောက်ပါးတို့သည်လည်း သက်သာရာရကြကုန်၏။ ဆွေတော်မျိုးတော်တို့သည် မင်းကြီးသိဒ္ဓည်းအား သနားဖွယ်သောအသံဖြင့် ဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီတို့အား စေတုတ္တရာပြည်သို့ဆောင်၍ ပြည့်စည်းစိမ်နှင့်တကွ ထီးဖြူနှင်းလျက် မင်းပြိုင်ပြုတော်မူပါရန် လျှောက်ထားတောင်းပန်ကြကုန်၏။ ဖုဿတီမိဖုရားကြီးလည်း သားတော်နှင့် ချွေးမတော်တို့အား ထီးနန်းအပ်နှင်းရန် သိဒ္ဓည်းမင်းကြီးအား လျှောက်တင်လေသည်။

ထိုအခါ သိဒ္ဓည်းမင်းကြီးသည် ဘုရားလောင်း ဝေဿန္တရာအား ရသေ့အသွင်ကိုစွန့်၍ ထီးနန်းဆက်ခံရန်ဆိုလေသည်။ ဝေဿန္တရာမင်းလည်း ဝန်ခံကာ ရသေ့အသွင်ကို စွန့်လွှတ်လိုက်၏။ မဒ္ဒီဒေဝီလည်း ရသေ့အသွင်ကိုစွန့်၍ မိဖုရားကြီးအဖြစ် ဘိသိက်ခံယူလေသည်။ ဘိသိတ်ခံယူသည့် အထိမ်းအမှတ်အဖြစ် ဝင်္ကပါတောင်၌ ပွဲသဘင်ခံပြီးနောက် သိဒ္ဓည်းမင်းကြီးစခန်းချရာသို့ အဆောင်အယောင်ဖြင့် သွားကြသည်။

သိဒ္ဓည်းမင်းကြီးသည် ထိုစခန်း၌ တစ်လကြာမျှ တောင်ထိပ်ပွဲကစားပြီးနောက် စေတုတ္တရာပြည်သို့ ပြန်ခဲ့ကြသည်။ ဝေဿန္တရာမင်းကြီးသည် နန်းတော်သို့ရောက်လျှင် လှူဒါန်းရန်ပစ္စည်းကို တောင့်တလေသည်။ ထိုအခါ သိကြားမင်းက မြို့တံခါးတွင်းအပြည့် ခါးနစ်အောင် ရတနာမိုးရွာသွန်းပေး၏။ ထို့အပြင် မြို့တံခါးအပြင်၌ ဒူးဆစ်နစ်အောင် ရတနာမိုးကိုလည်း ရွာစေ၏။ ပြည်သူပြည်သားအပေါင်းတို့သာယာဝပြောကြလေသည်။ ဝေဿန္တရာမင်းကြီးသည်လည်း အသက်ထက်ဆုံးခြောက်ဆောင်သော ဇရပ်တို့၌ နေ့တိုင်းကြီးစွာသောအလှူကို ပေး၏။ အသက်အဆုံးတွင် တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏။

## ဒေါ်လာဈေးကြောင့် ကွန်ပျူတာပစ္စည်းများ ဈေးတက်ပြီး အရောင်းအဝယ်နည်းပါးနေ

**ရန်ကုန် ဩဂုတ် ၃၁**

ဩဂုတ်လဆန်းမှစ၍ မြင့်တက်နေသည့် ဒေါ်လာဈေးနှုန်းကြောင့် ဒေါ်လာဈေးအပေါ် အခြေခံ၍ ဈေးနှုန်းအပြောင်းအလဲဖြစ်လေ့ရှိသည့် ကွန်ပျူတာ၊ လက်ပ်တော့ပ်များနှင့် ဆက်စပ်ပစ္စည်းအများစု ဈေးနှုန်းများမြင့်တက်ကာ အရောင်းအဝယ်လည်း နည်းပါးနေကြောင်း ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်အချို့မှ သိရသည်။

ပြည်တွင်း ကွန်ပျူတာဈေးကွက်တွင် စားပွဲတင်ကွန်ပျူတာ၊ လက်ပ်တော့ပ်နှင့် ဆက်စပ်ပစ္စည်းအများစုကို ကျပ်ငွေဖြင့် ရောင်းသော်လည်း တန်ဖိုးကို ဒေါ်လာဖြင့်သာ သတ်မှတ်ထားလေ့ရှိပြီး ရောင်းချချိန်တွင် ပြင်ပဒေါ်လာဈေးကွက်မှ ဈေးနှုန်းအပေါ် မူတည်၍ မြန်မာငွေဖြင့် ဈေးနှုန်းတွက်ချက်ရောင်းချခြင်းဖြစ်ရာ ယခုလို ဒေါ်လာဈေး မငြိမ်ဘဲ မြင့်တက်လာချိန်တွင် ပစ္စည်းတန်ဖိုးများမှာလည်း တစ်ရက်နှင့်တစ်ရက်ပင် မတူဘဲ မတည်မငြိမ်ဖြစ်နေကြောင်းနှင့် ဈေးနှုန်းမြင့်တက်သဖြင့် ရောင်းအားမှာလည်း ကျဆင်းလျက်ရှိကြောင်း သိရသည်။


"မဖြစ်မနေ ကွန်ပျူတာဝယ်ရမယ့်လူတွေနဲ့ လုပ်ငန်းတွေကတော့ ဝယ်ကြတာပေါ့။ လက်ပ်တော့ပ်ရော၊ Desktop ရော တစ်ဦးချင်း ဝယ်ကြတာတွေ နည်းနည်းပါးပါးရှိပေမယ့် တစ်ကြိမ်တည်းနဲ့ အရေအတွက်များများ ရောင်းရတဲ့ သင်တန်းတွေ၊ ကုမ္ပဏီတွေ၊ ရုံးဌာနတွေဘက်ကဝယ်တာတော့ မရှိတာကြာပြီ။ ကွန်ပျူတာဘက်ကဆို အမြတ်တောင်မရှိပါဘူး။ ဒေါ်လာဈေးတက်ပေမယ့် ဖုန်းဈေးကွက်ကတော့ အဝယ်မပျက်လို့ ဆိုင်ဆက်ဖွင့်ထားနိုင်တာပါ"ဟု ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဒေါ်လာဈေးနှုန်းကို ထိန်းနိုင်ရန်အတွက် နိုင်ငံတော်ဗဟိုဘဏ်က လုပ်ဆောင်နေသော်လည်း ပြင်ပဈေးနှုန်းများမှာ မြင့်တက်နေဆဲဖြစ်သည်။ တရားဝင်ငွေလဲကောင်တာများတွင် ဝယ်ဈေး ကျပ် ၁၆၆၀ ခန့်နှင့် ရောင်းဈေး ကျပ် ၁၆၇၀ ခန့် သတ်မှတ်ထားသော်လည်း အရောင်းမရှိဘဲ ပြင်ပဈေးကွက်တွင်မူ ဩဂုတ်လဆန်းပိုင်းမှစ၍ တစ်ဒေါ်လာလျှင် ကျပ် ၁၇၀၀ အထက်သို့ စရောက်လာခဲ့ပြီး နေ့စဉ် အနည်းငယ်စီ မြင့်တက်လာခဲ့ရာ ဩဂုတ်လကုန်ပိုင်းတွင် ကျပ် ၁၇၆၀ ဝန်းကျင်အထိ ရောက်ရှိနေသည်။

**ကိုစိုး**

## Application Guide

### တယ်လီဂရမ်မှ အသုံးဝင်သော လုပ်ဆောင်ချက်များ



တယ်လီဂရမ်ဆိုတာ အခုအချိန်မှာ လူသုံးအများဆုံး Messaging App တွေထဲက တစ်ခုဖြစ်ပြီး မက်ဆင်ဂျာအဖြစ်သာမက ဓာတ်ပုံနဲ့ ဗီဒီယိုတွေ မျှဝေတဲ့ နက်ဝပ်အငယ်စားတစ်ခုလိုလည်း သုံးနိုင်ပါတယ်။ တယ်လီဂရမ် မက်ဆင်ဂျာဟာ သုံးရလွယ်ခြင်း၊ လုံခြုံခြင်းနဲ့ လုပ်ဆောင်ချက်တွေ ကောင်းမွန်ခြင်းတို့ကြောင့် အချိန်တိုအတွင်း အောင်မြင်မှုတွေရလာပြီး ကမ္ဘာတစ်ဝန်းမှာ သုံးစွဲသူ အများအပြားရှိလာတာပါ။

တယ်လီဂရမ်မက်ဆင်ဂျာကို သုံးနေသူတွေအတွက် အသုံးဝင်တဲ့ လုပ်ဆောင်ချက်အချို့ကို ဖော်ပြလိုက်ပါတယ်။

**Self-destruct**

ဒီလုပ်ဆောင်ချက်က တစ်ယောက်ယောက်ဆီ စာ၊ ဓာတ်ပုံနဲ့ ဗီဒီယိုတွေ ပို့ပေးတဲ့အခါမှာ ကိုယ်ကြိုက်သလို အချိန်သတ်မှတ်ပြီး ပို့ပေးနိုင်တာဖြစ်ပါတယ်။ Self-destruct လုပ်ဆောင်ချက်ကိုသုံးပြီး အချိန်သတ်မှတ် ပေးပို့လိုက်ရင် ကိုယ်သတ်မှတ်တဲ့အချိန်ပြည့်တာနဲ့ ပုံတွေ ဗီဒီယိုတွေက တစ်ဖက်လူကြည့်မရအောင် အလိုလိုပျက်သွားမှာဖြစ်ပါတယ်။

**Youtube Search**

Youtube ထဲက ဗီဒီယိုတွေကို တယ်လီဂရမ်မှာ မျှဝေချင်ရင် Youtube ထဲကိုဝင်၊ Link ကို ကော်ပီယူလာပြီးမှ ပို့ရတာမျိုး လုပ်စရာမလိုတော့ပါဘူး။ မက်ဆင်ဂျာထဲမှာတင် @youtube လို့ရိုက်ပြီး နောက်က ကိုယ်ရှာချင်တာကို စာရိုက်ထည့်ရုံနဲ့ Youtube ထဲက ဗီဒီယိုတွေကိုရှာပြီး ပြပေးမှာဖြစ်ပါတယ်။

**Edit Video**

တစ်ယောက်ယောက်ဆီပေးပို့မယ့် ဗီဒီယိုတွေကို မက်ဆင်ဂျာထဲမှာပဲ တည်းဖြတ်ပေးနိုင်မယ့် လုပ်ဆောင်ချက်ပါ။ ဗီဒီယိုတည်းဖြတ်တဲ့ အက်ပလီကေးရှင်းတစ်ခုနဲ့ တည်းဖြတ်၊ အသစ်ပြန်သိမ်းပြီးမှ ပို့ရတဲ့ အလုပ်ရှုပ်တဲ့အဆင့်တွေကို ကျော်ပစ်လိုက်နိုင်ပါတယ်။ ပို့မယ့်ဗီဒီယိုရဲ့ အလင်းအမှောင်နဲ့ Contrast တွေကို မက်ဆင်ဂျာထဲမှာပဲ ပြင်ဆင်ပြီး တန်းပို့ပေးနိုင်မှာဖြစ်ပါတယ်။

**Schedule Message**

ဒီလုပ်ဆောင်ချက်ကတော့ စာတွေ၊ ပုံတွေကို တစ်ဖက်လူဆီ ရောက်စေချင်တဲ့အချိန်ကို သတ်မှတ်ပြီး ပေးပို့တာဖြစ်ပါတယ်။ မေ့တတ်သူတွေအနေနဲ့ သတိရတုန်းမှာ Schedule Message နဲ့ အချိန်ရွေးပြီး စာပို့ထားလိုက်ရင် ကိုယ်ရွေးထားတဲ့အချိန်မှာ တယ်လီဂရမ် မက်ဆင်ဂျာက အလိုအလျောက် ပို့ပေးလိုက်မှာဖြစ်လို့ စာပို့ဖို့မေ့သွားတာမျိုး ဖြစ်တော့မှာမဟုတ်ပါဘူး။

**ကျော်ဇင်ဦး**

## Game Preview

### တစ်ကမ္ဘာလုံးမှာ ကစားနိုင်တော့မယ့် PUBG: New State

နာမည်ကြီးပြီး ကမ္ဘာတစ်ဝန်းမှာ ကစားသူအများဆုံး မိုဘိုင်းဂိမ်းဖြစ်တဲ့ PUBG ဂိမ်းကို အခြေခံထားတဲ့ PUBG: New State ဂိမ်းအသစ်ကို စာရင်းသွင်းထားတဲ့ စမ်းသပ်ကစားသူ အချို့အတွက် Test နှစ်ကြိမ် ပေးကစားခဲ့ပြီးနောက် အောက်တိုဘာလဆန်းပိုင်းလောက်မှာ တရားဝင်ထွက်လာတော့မှာဖြစ်ပြီး တစ်ကမ္ဘာလုံးမှာ စတင်ကစားနိုင်တော့မှာ ဖြစ်ပါတယ်။




ဒီဂိမ်းသစ်ဟာ PUBG လိုပဲ ကျွန်းတစ်ခုပေါ်ခုန်ဆင်း၊ လက်နက်တွေကောက်ပြီး ရန်သူတွေကို ပစ်ခတ်ရင်း ကိုယ့်အဖွဲ့ တစ်ဖွဲ့ပဲ အသက်ရှင်ကျန်အောင် ကစားရတဲ့ဂိမ်းမျိုး ဖြစ်ပါတယ်။ ဒါပေမယ့် ဂိမ်းဇာတ်လမ်းကို လာမယ့် ၂၀၅၁ ခုနှစ်မှာ အခြေခံထားလို့ ပိုစုံလင်ပြီး စိတ်ကြိုက် တပ်ဆင်နိုင်တဲ့ လက်နက်တွေ၊ ပိုစုံတဲ့ ယာဉ်အမျိုးအစားတွေနဲ့ Drone တွေ၊ ပိုပြီး အသေးစိတ်ကျတဲ့ မြေပုံအနေအထား၊ ပိုသွက်တဲ့ Gameplay နဲ့ ပိုသဘာဝကျတဲ့ တိုက်ပွဲမြင်ကွင်းတွေကို ခံစားနိုင်မှာဖြစ်ပါတယ်။

ဂရပ်ဖစ်ပိုင်းမှာလည်း New State ဟာ လက်ရှိ PUBG ရဲ့ ကာတွန်းဆန်ဆန်ရုပ်ထွက်ထက် ပိုကောင်းပြီး လက်တွေ့နဲ့ပိုနီးစပ်တဲ့ရုပ်ထွက်မျိုးနဲ့ တွေ့မြင်ကစားနိုင်မှာပါ။ အခြားထူးခြားချက်တွေ အနေနဲ့ Knock နေတဲ့ ရန်သူကို ဆေးကုပေးပြီး ကိုယ့်အဖွဲ့ထဲကို ပါလာအောင်လုပ်နိုင်တာ၊ သေပြီးသားအဖွဲ့ဝင်ကို Flare Gun သုံးပြီး ပြန်ခေါ်တာ စတာတွေကိုလည်း လုပ်နိုင်ပါတယ်။

PUBG: New State ကို စတင်ကစားနိုင်ဖို့အတွက် ဖုန်းဟာ အနိမ့်ဆုံးအနေနဲ့ Android 6 (Marshmallow) နဲ့ အနည်းဆုံး RAM 2GB ရှိရမယ်လို့ PUBG က ကြေညာထားပါတယ်။ ဂိမ်းရဲ့ ဖိုင်ဆိုက်ကလည်း စစချင်းမှာ 2GB လောက်သာ လိုအပ်မှာဖြစ်ပါတယ်။ ဒါပေမယ့် PUBG ရဲ့ ထုံးစံအတိုင်း နောက်ပိုင်းမှာ Update တွေ ထပ်ထွက်လာပြီး မူရင်းဂိမ်းထဲမှာပဲ ထပ်ပေါင်းပေးမှာဖြစ်တဲ့အတွက် RAM အနည်းဆုံး 4GB နဲ့ မင်မိုရီနေရာလွတ် အနည်းဆုံး 5GB လောက်ရှိမှသာ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## New Product

### ဈေးနှုန်းနဲ့ စွမ်းဆောင်ရည်ပိုင်း သင့်တော်တဲ့ Realme C21Y

Realme C21Y ဟာ နိုင်ငံတကာဈေးကွက်မှာ ဇူလိုင်လဆန်းက စရောင်းပြီး ပြည်တွင်းကိုတော့ ဩဂုတ်လလယ်နောက်ပိုင်းမှဝင်လာတဲ့ဖုန်းဖြစ်ပါတယ်။ ဖုန်းရဲ့ စွမ်းဆောင်ရည်ပိုင်းမှာ အဓိကကျတဲ့ အသေးစိတ်အချက်အလက်တွေကို ဖော်ပြလိုက်ပါတယ်။

Realme C21Y ဟာ စွမ်းဆောင်ရည်ပိုင်းအရ အသင့်အတင့်ပဲရှိပေမယ့် ဈေးနှုန်းနဲ့ယှဉ်ကြည့်ရင် တန်ဖိုးနည်းဖုန်းအမျိုးအစားထဲက ရွေးချယ်စရာဖုန်းတစ်လုံးဖြစ်ပါတယ်။ ဈေးနှုန်းက 3/32 က ကျပ် ၁၉၉၉၀၀ နဲ့ 4/64 က ကျပ် ၂၂၉၉၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD(Full Screen) |
| Resolution | 720 x 1600 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 10, Realme UI |
| RAM နဲ့ မင်မိုရီ | 3/32, 4/64 (SD ကတ် ထပ်စိုက်နိုင်) |
| Chipset & CPU | Unisoc T610(12 nm), Octa-core |
| ပင်မကင်မရာ | ၁၃+၂+၂ မဂ္ဂါပစ်ဇယ် Triple(Zoom) |
| ဆယ်လ်ဖီကင်မရာ | ၅ မဂ္ဂါပစ်ဇယ်(Mini-drop) |
| USB | microUSB 2.0, On-The-Go |
| ဘက်ထရီနဲ့ အားသွင်းစနစ် | Li-Po 5000 mAh, Reverse charging |



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်နိုင်ရေး ကျန်ရှိခဲ့ခြင်းမရှိစေရန် စိစစ်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ နိုင်ငံသားစိစစ်ရေးကတ်များကို သတ်မှတ်ချက်များနှင့် ကိုက်ညီပြီးဖြစ်သည့် နိုင်ငံသားတိုင်း လက်ဝယ်ကိုင်ဆောင်နိုင်စေရန်နှင့် ကျန်ရှိခဲ့ခြင်းများ မရှိစေရေးအတွက် ရပ်ကွက်များအလိုက် သေချာစွာ စိစစ်ပေးကြရန်လိုကြောင်း၊ ထို့အပြင် ရပ်ကွက်များအလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်စုမှူးများ၊ ဆယ်အိမ်စုမှူးများ၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့များက စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဦးစီးမှူး ဦးသက်ခိုင်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ရာတွင် လက်ရှိဇာတိတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းရှိသော်လည်း ကိုင်ဆောင်လက်မှတ်မရှိသူများ၊ လက်ရှိဇာတိတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်း(မရှိ) ကိုင်ဆောင်လက်မှတ်မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုစာရင်းရှိပြီး လက်ရှိဒေသသို့ ပြောင်းရွှေ့လိုသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုစာရင်း (မရှိ) လက်ရှိဒေသတွင်လည်း အိမ်ထောင်စုစာရင်းမရှိသူများ စသည့်စာရင်းများကို ရပ်ကွက်များအလိုက် မြေပြင်စာရင်းများ ကောက်ယူလျက်ရှိပြီး ပြန်လည်ရရှိလာသော စာရင်းအချက်အလက်များအရ ကိုင်ဆောင်လက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကိုင်ဆောင်လက်မှတ်ပြုလုပ်ရန် ကျန်ရှိသူများ မရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဆွေးနွေးသည်။



လက်ရှိတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ စာရင်းများအရ အသက် ၁၈ နှစ်ပြည့်ပြီး ကိုင်ဆောင်လက်မှတ် ထုတ်ပေးရန် စိစစ်ရမည့်လူဦးရေ ၅၆၇၉ ဦး ရှိပြီး အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား လူဦးရေမှာလည်း ၂၄၀၅ ဦး ရှိကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

# မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ်

**မိုးကောင်း ဩဂုတ် ၃၁**

မိုးကောင်းမြို့နယ် အတွင်းရှိ ကိုဗစ်- ၁၉ ရောဂါပိုးတွေ့လူနာများအား ဆေးကုသမှုပေးရာတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်မြို့နေ ဦးတင်မောင်- ဒေါ်စီစီမိုး (XIE Family Company Ltd) ရှယ်မိသားစုကုမ္ပဏီက လှူဒါန်းသည့် မြို့နယ်ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံနှင့်အဆောက်အအုံသည် ၁၀၀ ရာခိုင်နှုန်း တပ်ဆင် တည်ဆောက်ပြီးစီးပြီဖြစ်ရာ ယမန်နေ့က စတင်လည်ပတ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ စက်လည်ပတ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် မြို့မိ/မြို့ဖများက သွားရောက်ကြည့်ရှုကြောင်း သိရသည်။

တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ ၁၅ လုံးကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မိုးကောင်းမြို့နယ်ပြည်သူ့ဆေးရုံအတွက် ခုနစ်လုံး၊ နမ္မတီးစံပြ တိုက်နယ်ဆေးရုံအတွက်လေးလုံး၊ ပင်းဘော တိုက်နယ်ဆေးရုံအတွက် လေးလုံး ဖြန့်ခွဲ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

# ဇလွန်မြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်

**ဇလွန် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တတိယသုံးလပတ်ဖြစ်သည့် (ဧပြီ ၊ မေ ၊ ဇွန် ) လများအတွက် တစ်လလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာငွေကျပ် ၃၀၀၀၀ ကို မြို့ပေါ် ငါးရပ်ကွက်ရှိ ဘိုးဘွားပေါင်း ၁၇၇ ဦးအတွက် ငွေကျပ် ၅၃၁၀၀၀၀ ၊ ကျေးရွာအုပ်စု ၆၆ အုပ်စုရှိ ဘိုးဘွားပေါင်း ၁၀၅၁ ဦး အတွက်ငွေကျပ် ၃၁၅၃၀၀၀၀ ကို ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်၊

မြို့နယ်(ပြန်/ဆက်)



# မောင်တောမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မောင်တော ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းအောင် ဦးဆောင်ကြီးကြပ်၍ မြို့နယ်ဦးစီးမှူး ဦးကျော်ရှိန်ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၈ ရက်က ပန်းခင်းစီမံချက်ဖြင့် ငါးခူရကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာများရှိ ပြည်သူများသို့ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ စီမံချက်ဖြင့် မောင်တောမြို့နယ်အတွင်းရှိ လူဦးရေ ၇၉၃ ဦးနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ လူဦးရေ ၈၅၅ ဦး စုစုပေါင်း လူဦးရေ ၁၆၄၈ ဦးကို နိုင်ငံ သားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း ဆက်လက်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ခရိုင်ပြန်/ဆက်)


**လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍**
**အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား**
**ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရှေ့ပြေးလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရှေ့ပြေး လျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများ ထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊



**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း**
**(ပန်းခင်းစီမံချက်)**

- အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

# အကြမ်းဖက်သမားအတွက် နေရာမရှိစေရေး ပူးပေါင်းဖော်ထုတ်သတင်းပေး

**လင်းမှူးအိမ်**

**D-Day လုပ်ပြီး အစိုးရကို ဖြုတ်ချမယ်၊ PDF တွေက တစ်နိုင်ငံလုံးအနှံ့ တော်လှန်မယ် စတဲ့သတင်းတွေက ဖေ့စ်ဘွတ်ပေါ်မှာတော့ ပလူပျံနေကြဆဲ။ ဖေ့စ်ဘွတ်လို Virtual World ပေါ်က ပြည်ဖျက်ဆွယ်လုံးတွေကို ယုံကြည်သူတွေရှိနေတာကို ခံယူချက်အမျိုးမျိုးမို့ မှတ်ချက်မပြုလိုပါ။ ဒါပေမယ့် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်ဖို့ လက်နက်သယ်ယူပို့ဆောင်သူတွေ၊ မြို့နယ်အလိုက် အကြမ်းဖက်လုပ်ငန်းဆောင်ရွက်နေတဲ့ PDF အဖွဲ့ဝင်တွေ၊ မိုင်းထောင်ဖောက်ခွဲသူတွေ၊ စေခိုင်းသူတွေ၊ ပူးပေါင်းပါဝင်သူတွေ၊ အားပေးသူတွေ၊ မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေနေသူတွေ၊ လက်နက်မဲ့ပြည်သူတွေကို ဒလန်လို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး သတ်ဖြတ်သူတွေ ...... တဖြုတ်ဖြုတ်နဲ့ ဖမ်းဆီးရမိနေတဲ့သတင်းတွေကို နေ့စဉ်ဖတ်ရတော့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရဲ့ စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက်နေမှုတွေကိုတော့ အသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး။ အလွန့်အလွန်ကို လေးစားဂုဏ်ယူပါကြောင်း ပြောလိုပါတယ်။**

အခုဆိုရင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က သတင်းပေးသူနဲ့ ဖမ်းဆီးသူတွေကို ထိုက်တန်စွာ ဆုချီးမြှင့်မည်ဆိုပြီး ကြေညာလိုက်တော့ အကြမ်းဖက်သမားတွေ ပြေးပေါက်မှားတော့မယ့် အရေး မြင်ယောင်နေမိပါတယ်။

ဗုံးခွဲ ဖျက်ဆီး၊ မီးရှို့ဖျက်ဆီးရတာကို အရသာတွေ့နေတဲ့ အကြမ်းဖက်အုပ်စုက ပြည်သူ့ဘဏ္ဍာနဲ့ တည်ဆောက်ထားတဲ့ ဌာနဆိုင်ရာရုံးတွေ၊ အဆောက်အအုံတွေကို ဖျက်ဆီးတာကို အမှန်တရားလို့ ယုံကြည်နေတော့ NUG , PDF အဖွဲ့ဝင်တွေဟာ တစ်ကမ္ဘာလုံးက လက်မခံတဲ့ အကြမ်းဖက်အဖွဲ့စာရင်းထဲ အလိုလိုရောက်သွားပါပြီ။

D-Day လာမယ်ဆိုတာကိုလည်း ဘယ်နေရာကမှန်းမသိတဲ့ NUG နဲ့ သူတို့ မြှောက်ပေးထားတဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)လို့ ဆိုသူတွေက ကြုံးဝါးနေပါသေးတယ်။ တစ်လသင်တန်း၊ နှစ်ပတ်သင်တန်း၊ ဆင့်ပွားသင်တန်းလောက်နဲ့ စိတ်ကူးတွေ ယဉ်နေကြတာက မြန်မာ့တပ်မတော်အကြောင်း မသိတာလည်းမဟုတ်။ ပစ် ပြေးအဆင့်၊ အင်အားနည်းတဲ့စခန်းကို အလစ်ဝင်တိုက်လို့ အောင်ပွဲရတာလောက်နဲ့ မိုးပြော၊ ချိုးပြောမို့ ဖေ့စ်ဘွတ်ကွန်မန့်တွေမှာ တောက်ချလိုက်မယ်တို့၊ ဘယ်ဈေးလဲ ဖြစ်သွားမယ်တို့နဲ့ လှောင်ရယ်ခံတာကိုလည်း မမှတ်ကြဘူး။

ပိတ်ကားပေါ်မှာလောက် တိုက်ပွဲဝင်ဖူးတဲ့ သူတွေကလည်း တိုက်မယ်၊ ခိုက်မယ် တကဲကဲနဲ့။ တိုက်ပွဲခပ်လတ်လတ် တစ်ပွဲလောက်နွှဲပြီးရင်တော့ သူတို့တွေ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ဖြစ်တော့မယ်လို့ ကြိုတင်မှန်းဆမိပါတယ်။ တိုက်ပွဲမှာ ထိခိုက်ဆုံးရှုံးမှု မရှိခဲ့ရင်ပေါ့လေ။

## နောင်တရပါပြီဆိုပြီး သွေးကြောင်နေလို့မရ

D-Day ဆိုဆို၊ တော်လှန်ရေးဆိုဆို ဒီလို ပြည်ဖျက်၊ ပြည်သိမ်းလုပ်ရပ်တွေမှာ ပူးပေါင်းပါဝင်သူတွေ၊ ပါဝင်ချင်နေသူတွေအနေနဲ့ အဲဒီရဲ့ အကျိုးဆက်က ဘာတွေဖြစ်လာမယ်ဆိုတာကို သေချာတွက်ဆထားဖို့ လိုပါတယ်။ စိတ်အား၊ လူအား၊ ငွေအားနဲ့ ပူးပေါင်းပါဝင်မိလို့ ဖမ်းဆီးရမိတော့မှ ဥပဒေကို မသိလို့ပါ၊ အဲဒီလိုမှန်း မသိလို့ပါ၊ နောင်တရပါပြီဆိုပြီး သွေးကြောင်နေလို့ မရပါဘူး။ နောက်ကျမှ ခွင့်လွှတ်ပါဆိုပြီး မျက်နှာငယ်လေးနဲ့ မျက်ရည်ခံထိုးလို့ မရတော့တာ ကြိုတင်သိထားဖို့ လိုပါတယ်။ စစ်တိုက်တယ်ဆိုတာ ရဲဘော်တွေပြောနေသလို ပန်းနဲ့ပေါက်တာမဟုတ်လို့ တိုက်ပွဲတွေဖြစ်ရင် PDF တွေပစ်တဲ့ ကျည်ဆန်က NUGဘက်ကမို့၊ PDF အားပေးမို့ မထိဘူး၊ မိုင်းမကွဲဘူးလို့ မထင်မိကြဖို့ တချို့မြို့ပေါ်က အကြမ်းဖက်အားပေးအဖွဲ့တွေကို ပြောလိုက်ချင်ပါသေးတယ်။

D-Day လို့သာ ကြွေးကြော်နေတာ တကယ့်အခြေအနေမှာတော့ တော်လှန်ရေးဦးဆောင်လုပ်မယ်ဆိုတဲ့ PDF တွေမှာ လက်နက်ကိုင် တိုက်ဖို့ထက် မိုးထဲလေထဲ ရိက္ခာရဖို့ ခက်ခဲနေသံတချို့ထွက်လာပါတယ်။ တစ်ဖက်ကလည်း PDF ကို ထောက်ပံ့ပေးမယ်ဆိုပြီး အလှူငွေကောက်ခံမှုရှိနေပေမယ့် ဟိုအဖွဲ့မရဘူး၊ ဒီအဖွဲ့မရဘူး ဆိုတာက တစ်မျိုး၊ အလှူငွေကောက်ပေးတဲ့ သူတွေက မညီမျှဘူးဆိုတာက တစ်မျိုးနဲ့ ဖေ့စ်ဘွတ်ပေါ်မှာ ပေါက်ကွဲကြပြန်ပါတယ်။ တိုက်ပွဲမဝင်ရသေးဘူး အုပ်ချုပ်မှု ဖြစ်စဉ်တွေ ဖြစ်နေကြပြီ။ ရေရှည် တိုက်ပွဲဝင်ချင်ရင် အုပ်ချုပ်ထောက်ပံ့မှုကောင်းခြင်းဆိုတာ လိုအပ်ကြောင်း မေတ္တာစကားဆိုပါရစေ။ မြန်မာ့တပ်မတော်သားတွေ ရှေ့တန်းစစ်မြေပြင်မှာ အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲဘဝတွေ မြင်တိုးက ကိုယ်ချင်း မစာတတ်တဲ့သူတွေ ကိုယ်တိုင်တောထဲတောင်ထဲမှာ စားဝတ်နေရေးအတွက် ရုန်းကန် လှုပ်ရှားကြဦးပေါ့၊ စည်းကမ်းမရှိတဲ့ နိုင်ရာစား လက်နက်ကိုင်တွေနဲ့ ပေါင်းသင်းကြည့်ဦးပေါ့၊ သူတို့ နှစ် ၆၀ ကျော် တွန်းလှန်တိုက်ခိုက်တဲ့ နေရာမှာ အစားဝင်တိုက်ပေး၊ အစားဝင်ခံပေးကြဦးပေါ့လို့ပဲ သတိမူနိုင်၊ ဂူမြင်နိုင်ဖို့ အသိပေးလိုက်ပါတယ်။

## တလွဲဆံပင်ကောင်း အားပေးနေ

NUG က ပြည်ပကနေ အေးအေးဆေးဆေး မြှောက်လုံးတွေနဲ့ တော်လှန်ရေး၊ တော်လှန်ရေးနဲ့ ကြွေးကြော်နေပေမယ့် လက်တွေ့မှာက တောကြား၊ တောင်ကြား မိဝေးဖဝေးနဲ့ ဟိုတစ်စု၊ ဒီတစ်စု PDF ဇာတ်လမ်းက မစခင် လမ်းဆုံးမယ့်အခြေအနေကို ဦးတည်နေပါတယ်။ အကြမ်းဖက်မှုတွေကို ဦးဆောင်အစပြုနေရတာက လူငယ်တွေ အများစုဖြစ်ပါတယ်။ လူငယ်သဘာဝ စွန့်စားလုပ်ကိုင်ရတာကို နှစ်သက်တဲ့ သဘောစရိုက်ကို အပိုင်ကိုင်ထားပြီး အကြမ်းဖက်လုပ်ရပ်တွေနဲ့ စွန့်စားစေပါတယ်။ အာဇာနည်နာမည်သာ အဖတ်တင်ကျန်ပြီး ကြွေလွင့်ခဲ့ရတဲ့ လူငယ်တွေအတွက် ဝမ်းနည်းစရာပါ။ အသက်မသေသော်လည်း လက်လုပ်ဗုံးဖန်တီးစမ်းသပ်ရင်း ကိုယ်လက်အင်္ဂါ ချို့ယွင်းခဲ့ရတဲ့ လူငယ်တွေလည်း မနည်းပါ။ နှမြောမိပါတယ်။ ဒါပေမယ့် တချို့သော မိဘတွေကတော့ အာဇာနည်မိခင်ဖြစ်ဖို့ကို မြှောက်ပင့်ပေးနေ၊ တလွဲဆံပင်ကောင်း အားပေးနေတာကို အံ့သြဖွယ်တွေ့မိပါတယ်။

ပြည်ပကနေ NUG က အင်အားရှိသယောင် အရောင်ပြ ဆွယ်လုံးတွေနဲ့ ဗုံးခွဲ၊ မီးရှို့၊ လူသတ်၊ ဥပဒေမဲ့လုပ်ရပ်တွေကို ပြည်တွင်းမှာ ကျူးလွန်ခိုင်းနေပေမယ့် နိုင်ငံတကာ မျက်နှာစာမှာ အကြမ်းဖက်လုပ်ရပ်တွေ လုပ်တဲ့အဖွဲ့အဖြစ် နာမည်ပေါက်နေပြီဆိုတာ သူတို့ကိုယ်သူတို့လည်း သိနေကြပါပြီ။

အခုချိန်မှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကို အစိုးရအနေနဲ့ ထိန်းချုပ်နိုင်ဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒီနေ့ဒီအချိန်ဟာ နိုင်ငံရေးနဲ့ သက်ဆိုင်မှုမရှိဘဲ ပြည်သူ့ကျန်းမာရေးအတွက် ဆောင်ရွက်နေရချိန်ပါ။ ဒီလိုအချိန်ကို အခွင့်ကောင်းယူပြီး အစိုးရအနေနဲ့ ပြည်သူ့ကျန်းမာရေးကို အလေးပေး မဆောင်ရွက်နိုင်အောင် ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးပေးတဲ့ နေရာတွေ ဗုံးခွဲတာ၊ ကိုဗစ်ရောဂါ ကာကွယ်ရေး စစ်ဆေးရေးဂိတ်တွေကို ဗုံးခွဲတိုက်ခိုက်တာ၊ ဆေးရုံက အောက်ဆီဂျင်ပိုက်လိုင်းတွေကို ဖျက်ဆီးတာ၊ ကာကွယ်ဆေးထိုးလုပ်ငန်းနဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းမှာ ပါဝင်တဲ့ သူတွေကို သတ်ဖြတ်တာတွေကို ဒီမိုကရေစီတိုက်ပွဲ၊ အာဏာရှင်တိုက်ပွဲအဖြစ် ပုံဖော်နေတာ စဉ်းစားကြည့်ကြဖို့ လိုပါတယ်။ မိမိကိုယ်ပိုင်စိတ်ကူးနဲ့ မိမိဘာသာ နဖူးပေါ်လက်တင် သေချာစဉ်းစားကြည့်သင့်ပါတယ်။

အကြမ်းဖက်မှုတွေ ဆောင်ရွက်ခြင်းကြောင့် အပြစ်မဲ့ပြည်သူတွေ သေဆုံးမှုတွေ ရှိနေပါတယ်။ ဒီလို ပြည်သူတွေအတွက် အသက်အိုးအိမ် ထိခိုက်လာစေမယ့် အကြမ်းဖက်လုပ်ရပ်တွေကို ဖယ်ရှားရမှာ၊ နှိမ်နင်းရမှာက အစိုးရတစ်ရပ်ရဲ့ တာဝန်ပါ။ ဒါကြောင့် ပြည်သူလူထု အကျိုးစီးပွား အသက်အိုးအိမ်ကို တိုက်ရိုက်ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေ အမြစ်ကနေ တွန်းလှန်ဖယ်ရှားနိုင်ဖို့အတွက် ဥပဒေလမ်းကြောင်းအတိုင်း အစိုးရအနေနဲ့ စီမံဆောင်ရွက်တာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ပြည်တွင်းမှာ အကြမ်းဖက်လုပ်ရပ်တွေ ကျူးလွန်ပြီး ပြည်ပနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေတဲ့ အကြမ်းဖက်သမားတွေကို ဖမ်းဆီးအရေးယူနိုင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေကို အကြောင်းကြားစာတွေ ပေးပို့ထားတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့ နိုင်ငံတကာသံရုံးတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး အမှုဆောင်အရာရှိချုပ်ရုံး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနဲ့ အာဆီယံအကြမ်းဖက်မှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းရုံး၊ အာဆီယံအမျိုးသား ရဲအဖွဲ့အတွင်းရေးမှူးရုံးနဲ့ အာဆီယံရဲအဖွဲ့ ၉ နိုင်ငံ၊ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့တွေ၊ အင်တာပိုအထွေထွေအတွင်းရေးမှူးချုပ်နဲ့ အင်တာပို အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာန၊ BIMSTEC အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၊ တရုတ်၊ ရုရှား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတို့က ပြည်ထဲရေးဝန်ကြီးတွေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့တွေကို ပူးပေါင်းပါဝင်ပေးဖို့ အကြောင်းကြားစာ ပေးပို့ထားတယ်လို့ ထုတ်ပြန်ထားတာကို သိရှိရပါတယ်။

## အစိုးရနဲ့ပြည်သူ ပူးပေါင်းဟန့်တား

ဒီလိုအစိုးရရဲ့ ပြည်သူ့အသက်အိုးအိမ် အန္တရာယ်ကာကွယ်ရေးအတွက် လုပ်ဆောင်မှုတွေမှာ ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်အားက အရေးကြီးပါတယ်။ ဒီလိုပူးပေါင်းပါဝင်တဲ့ ပြည်သူတွေကို အကြမ်းဖက်သမားတွေက ရန်သူအဖြစ် သတ်မှတ်ပြီးတော့ သူလျှိုဒလန်အဖြစ် စွပ်စွဲမှုတွေနဲ့ အကြမ်းဖက်တာတွေရှိနေတဲ့အတွက် ဒီလိုလုပ်ရပ်တွေ မကျူးလွန်နိုင်အောင် အစိုးရနဲ့ ပြည်သူကပဲ ပူးပေါင်းဟန့်တားကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့အားကို အလေးထားတဲ့အတွက် စိုးရိမ်စိတ်နဲ့ ရှောင်ခွာနေတဲ့ နိုင်ငံသားတွေကို အစိုးရအနေနဲ့ ပြန်လည်ဖိတ်ခေါ်နေပါတယ်။ အကြမ်းဖက်အုပ်စုတွေရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် EAOs တွေရှိရာနေရာတွေနဲ့ ပြည်ပနိုင်ငံတွေကို စိုးရိမ်စိတ်နဲ့ တိမ်းရှောင်သွားတဲ့ နိုင်ငံသားတွေကို သတင်းထုတ်ပြန်ပြီး ပြန်လည်ဖိတ်ခေါ်လျက်ရှိပါတယ်။

ထုတ်ပြန်ချက်မှာ လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်တွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းတွေနဲ့ ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊အစိုးရပိုင်အဆောက်အအုံတွေ၊ ပုဂ္ဂလိကပိုင် အဆောက်အအုံတွေ ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွေမှာ ငွေကြေးအရ၊ တခြား နည်းလမ်းအရ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူတွေကလွဲပြီး စိုးရိမ်စိတ်ကြောင့် ထွက်ပြေးနေတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေအပါအဝင် နိုင်ငံသားတွေအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အထူးသက်ညှာစွာ ဆောင်ရွက်ပေးမယ်လို့ ဖော်ပြထားပါတယ်။

## ဆက်သွယ်ဖို့ ဖိတ်ခေါ်ထား

ဒီလို ကိုယ့်နိုင်ငံ၊ ကိုယ့်အိုး ကိုယ်အိမ်ကို ပြန်လည်လာရောက်နိုင်ဖို့အတွက် နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီတွေကို ဆက်သွယ်ဖို့၊ ပြည်ပရောက်နေရင် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးတွေကို ဆက်သွယ်ဖို့ ဖိတ်ခေါ်ထားတာကို တွေ့ရပါတယ်။

လက်ရှိအစိုးရအနေနဲ့ ဆူပူအကြမ်းဖက်လုပ်ရပ်တွေ ပေါ်ပေါက်နေတာဟာ ပြည်သူလူထုအတွက် အကျိုးမရှိတာကို နားလည်တဲ့အတွက် အကောင်းဆုံး၊ အဖြစ်နိုင်ဆုံး နည်းလမ်းတွေနဲ့ ကြံဆဆောင်ရွက်နေတာကို သိမြင်လက်ခံရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ လွဲမှားတဲ့အကြမ်းဖက်မှု လမ်းစဉ်ပေါ်မှာသာ အင်အားပြနေကြရင် ဆူပူမှုသံသရာမှာ ဝဲလည်ရင်း နိုင်ငံနဲ့ ပြည်သူပဲ ထိခိုက်စေတာ ဖြစ်ပါတယ်။ ဒီလို ဝဲလည်နေရင် နိုင်ငံသားတိုင်း လိုလားတဲ့ ဒီမိုကရေစီနိုင်ငံကို ရှေးရှုဖို့လည်း ခက်ခဲပါတယ်။ ဒါကြောင့် အကြမ်းဖက်မှုတွေ ဖယ်ခွာရှင်းလင်းနိုင်ဖို့အတွက် ပြည်သူတွေအနေနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပါဝင်ပေးကြပါလို့သာ နှိုးဆော်တိုက်တွန်း လိုက်ရပါတယ်။

**အကြမ်းဖက်မှုတွေ ဆောင်ရွက်ခြင်းကြောင့် အပြစ်မဲ့ပြည်သူတွေ သေဆုံးမှုတွေရှိနေပါတယ်။ ဒီလို ပြည်သူတွေအတွက် အသက်အိုးအိမ် ထိခိုက်လာစေမယ့် အကြမ်းဖက်လုပ်ရပ်တွေကို ဖယ်ရှားရမှာ၊ နှိမ်နင်းရမှာက အစိုးရတစ်ရပ်ရဲ့ တာဝန်ပါ။ ဒါကြောင့် ပြည်သူလူထု အကျိုးစီးပွား အသက်အိုးအိမ်ကို တိုက်ရိုက်ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေ အမြစ်ကနေတွန်းလှန်ဖယ်ရှားနိုင်ဖို့အတွက် ဥပဒေလမ်းကြောင်းအတိုင်း အစိုးရအနေနဲ့ စီမံဆောင်ရွက်**

# ဓနုဖြူမြို့နယ် တောင်ဇီးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

နေပြည်တော် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ပေါများစေရန်ရည်ရွယ်၍ တောင်ဇီးကျေးရွာ တောင်ဇီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံ အင်းသူကြီးများနှင့် ရေလုပ်သားကြီးများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးသားပေါက် ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပွင့်ဖြူမြို့ သဘာဝရေပြင်မှန်းချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်

ပွင့်ဖြူ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင်အတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါများစေရေး၊ ငါးမျိုးပြုန်းတီးမှု လျော့ပါးစေရေး၊ ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်း မြင့်မားစေရေးတို့အတွက် မြစ်ချောင်းများ၊ သဘာဝရေပြင်များနှင့် ဆည်/တမံ ရေလှောင်ကန်များအတွင်းသို့ နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်က ပွင့်ဖြူမြို့နယ် သက်တော်ရှည်ရပ်ကွက်အနီး သဘာဝရေပြင်မှန်းချောင်းအတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ လေးသိန်း ငါးမျိုးစိုက်ထည့်ခဲ့သည်။

အခမ်းအနားသို့ ပွင့်ဖြူမြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ၊ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် တာဝန်ရှိသူများ၊ သက်တော်ရှည်ရပ်ကွက် ပြည်သူများက ပွင့်ဖြူငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း သုံးသိန်းနှင့် ငါးခုံးမကြီး တစ်သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ လေးသိန်းတို့ကို မှန်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်**
**ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း**

၁။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တွင် အောက်ပါသင်တန်းများဖွင့်လှစ်ပါမည်-

(က) သမဝါယမတက္ကသိုလ်(သန်လျင်၊ စစ်ကိုင်း)တို့မှ ပေးအပ်မည့်ဘွဲ့များမှာ-
- (၁) B.BSc (Regional Development)
- (၂) B.BSc (Accounting and Finance)
- (၃) B.BSc (Applied Statistics)
- (၄) B.BSc (Marketing Management)
- (၅) B.BSc (Social Enterprise Management)

(ခ) သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး)တို့မှ ပေးအပ်မည့်ဒီပလိုမာများမှာ-
- (၁) Diploma in Social Enterprise Management (Dip. S.E.M)
- (၂) Diploma in Business Management (Dip. B.M)
- (၃) Diploma in Banking, Finance and Insurance (Dip. B.F.I)
- (၄) Diploma in Regional Development (Dip. R.D)
- (၅) Diploma in Financial Management (Dip. F.M)
- (၆) Diploma in Business Accounting (Dip. B.Acct)
- (၇) Diploma in Marketing Management (Dip. M.M)
- (၈) Diploma in Applied Statistics (Dip. A.S)

(ဂ) ယွန်းပညာကောလိပ် (ပုဂံ)မှ ပေးအပ်မည့်ဒီပလိုမာမှာ-
Diploma in Lacquerware Technology (Dip. L.T)

၂။ ဘွဲ့အတွက် သင်တန်းကာလမှာ (၄)နှစ်ဖြစ်ပြီး ဒီပလိုမာများအတွက် သင်တန်းကာလမှာ(၂)နှစ် ဖြစ်ပါသည်။

၃။ အဆိုပါ သင်တန်းများသို့လျှောက်ထားသူများသည် ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူ(မည်သည့်ဘာသာတွဲဖြင့်မဆို)ဖြစ်ရမည်။

၄။ သမဝါယမတက္ကသိုလ်/ကောလိပ်အသီးသီးသို့ လျှောက်ထားလာသူများအနက် တက္ကသိုလ်/ကောလိပ်အလိုက် လက်ခံနိုင်မည့်လူဦးရေသတ်မှတ်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ် မူတည်၍ ရမှတ်အများအနည်းအလိုက် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူအောက်ပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) အောင်ကြောင်းထောက်ခံစာမူရင်း

(ခ) အမှတ်စာရင်းမူရင်း

၆။ လျှောက်လွှာနှင့်လမ်းညွှန်များကို သမဝါယမဦးစီးဌာန(ညွှန်ကြားရေးမှူးချုပ်ရုံး)၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ညွှန်ကြားရေးမှူးချုပ်ရုံး)၊တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများ၊ သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့တွင် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ (၃၀-၉-၂၀၂၁)ရက်နေ့ဖြစ်ပါသည်။ အသေးစိတ်သိလိုသော အချက်အလက်များကို ၀၆၇-၃၄၁၀၃၄၃၊ ၀၆၇-၃၄၁၀၂၇၃၊ ၀၅၆-၂၃၂၅၆၊ ၀၇၂-၂၀၁၅၊ ၀၂-၄၀၅၇၁၆၊ ၀၁-၈၆၂၆၀၇၄၊ ၀၆၁-၆၀၂၆၇ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအားထောက်ပံ့

နေပြည်တော် ဩဂုတ် ၃၁

ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၃ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်အတွင်းသို့ ရေဝင်ရောက်ခဲ့သဖြင့် အဆိုပါရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာ အေးစေတီဘုရားဝင်းနှင့် ချမ်းသာကြီးဘုရားဝင်းတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများထံသို့ ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်၍ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၅ ဦးတို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းကြောင်း သတင်းရရှိသည်။ (အောက်ပုံ) **သတင်းစဉ်**



## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်း(၁) ခုအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ဝန်ကြီးဌာနမှသတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာတင်သွင်းနိုင်သော စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါ သည်-

(က) Lot-1 အပြည်ပြည်ဆိုင်ရာဝင်/ထွက်ပေါက်များဖြစ်သည့် နယ်စပ်ဂိတ် (၁၃) ဂိတ်နှင့်ဝန်ကြီးရုံး၌ Video Conferencing System အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

**တင်ဒါလျှောက်လွှာပုံစံ**
**စတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၂၁ရက်မှ ၁၄-၉-၂၀၂၁ရက် ညနေ ၄:၃၀နာရီအထိ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၉-၂၀၂၁ရက် ညနေ ၄:၃၀နာရီအထိ
**တင်ဒါတင်သွင်းရန်နေရာ** - ရုံးအမှတ်(၄၈)၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် (၁-၉-၂၀၂၁)ရက်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**တင်ဒါကော်မတီ**
ဖုန်း-၀၆၇-၄၃၁၃၅၀၊ ၀၆၇-၄၃၁၃၅၁



## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အ မှတ်(CC-မြနန္ဒာ)၊ ဦးပိုင်အမှတ်(၁၆-က)၊ မြေယာအမှတ်(16-A)၊ မြေဧရိယာ(၀.၁၄၅)ဧကရှိ မြေအား ဒေါ်ခင်သန်းနွယ်က အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာ အဆိုပါမြေအနက် မြေဧရိယာ(၀.၀၈၀)ဧကရှိ မြေအားခွဲစိတ်ရောင်းချခဲ့ပြီးနောက် ကျန်မြေအစိတ်အပိုင်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(CC-မြနန္ဒာ)၊ ဦးပိုင်အမှတ်(၁၆-က)၊ မြေယာအမှတ်(16-A)၊ မြေဧရိယာ(၀.၀၆၅)ဧကရှိ မြေနှင့်အိမ်ရာ ဦးပိုင်ခွဲမြေငှားဂရန်သစ် လျှောက်ထားရရှိနိုင်ရေးကို ဒေါ်ခင်သန်းနွယ် ၅/စကန(နိုင်)၀၁၈ ၂၄၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်သန်းနွယ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖြိုးအမှုလိုက်နှင့် ဥပဒေအတိုင်ပင်ခံရုံး**
**အခန်းအမှတ်(၁၃)၊ မြေတိုင်းတိုက်တန်း၊**
**ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၄၉၉၀၀၁၅၅၊ ၀၉-၄၃၁၈၉၃၉၉**


**စာပေမြင့်မှ လူမျိုးတင့်မည်**


## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၃၁-၈-၂၀၂၁ ရက်နေ့**အထိ နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း ယခုအခါ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေများအရ ဗိုလ်လောင်းလျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းကိုလည်း **၃၀-၉-၂၀၂၁ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ သံပျင်စွာဘုရား ဘုရားအမှတ်(၈၀၁)တောင်ဘက်ခြမ်း တိုက်မနံရံပြိုကျ

**ညောင်ဦး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ အနောက်ဖွားစောကျေးရွာ၏ အနောက်မြောက်ဘက်၊ ဆုတောင်းပြည့် အုတ်ကျောင်း မြောက်ဘက်ရှိ ဘုရားအမှတ် (၈၀၁)သံပျင်စွာဘုရားသည် ဩဂုတ် ၃၁ရက် နံနက် ၄ နာရီခန့်က ဘုရား၏ တောင်ဘက်ခြမ်း တိုက်မနံရံ ပြိုကျပျက်စီးခဲ့ကြောင်း ညောင်ဦးခရိုင် စီမံအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးလွင်ပြောပြချက်အရ သိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဩဂုတ် ၃၁ရက် နံနက် ၂နာရီမှ ၅နာရီခန့်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဘုရားအမှတ်(၈၀၁) သံပျင်စွာဘုရား၏ တောင်ဘက်ခြမ်း တိုက်မနံရံမှ အလျား ၁၇ပေ၊ အနံ ၁၄ပေ၊ ထု ၃ ပေခန့်အုတ်များ ထွက်၍ ပြိုကျပျက်စီးခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။ အဆိုပါ ဘုရားအမှတ်(၈၀၁) သံပျင်စွာဘုရားသည် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသတွင်တည်ရှိပြီး အရွယ်အစား အလျား ပေ ၁၀၀၊ အနံ ပေ ၆၀၊ အမြင့် ၄၅ ပေ ခန့်ရှိသည့် လိုဏ်ဘုရားတစ်ဆူဖြစ်ပြီး နံရံဆေးရေးပန်းချီများမရှိဘဲ ၂၀၀၄ခုနှစ်တွင် မူလကျန်ရှိသည့် ရှေးဟောင်း အဆောက်အအုံကိုငုံ၍ အင်္ဂါစုံပြုပြင်ထားသည့် ဘုရားတစ်ဆူဖြစ်ကြောင်းသိရသည်။ ကိုရီးယားနိုင်ငံ YOE LAY BUDDHIST, SECT SUK IN WANG က ပြန်လည်ပြုပြင်လှူဒါန်းထားသည့်ဘုရားဖြစ်၍ (၂၄-၈-၂၀၁၆) ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကွမ်းတောင်ပိုင်းကို အလေးဝန်လျှော့ချထိန်းသိမ်းထားရာမှ တိုက်မအတွင်းနံရံမှ မူလအုတ်များသည် နှစ်ကာလကြာမြင့်ပြီဖြစ်၍ အုတ်များ တွဲဆက်ခိုင်မာမှု အားနည်းခြင်းကြောင့်လည်းကောင်း၊ ဩဂုတ် ၃၁ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းသည့် မိုးရေများ စိမ့်ဝင်ခြင်းကြောင့်လည်းကောင်း အုတ်များ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သံပျင်စွာဘုရားတိုက်မ တောင်ဘက်နံရံပြိုကျရာသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်မှုဥက္ကဋ္ဌ ဦးတိုးလွင်၊ မြို့နယ် စီမံအုပ်ချုပ်မှုဥက္ကဋ္ဌ ဦးနန်းတင့်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဒေါက်တာသန်းထိုက် (ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်၊ ကျောက်ပန်းတောင်း**

## ထားဝယ်မြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းလှေနစ်မြုပ်မှုကြောင့် လှေသားများအား ကူညီကယ်ဆယ်

**နေပြည်တော် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေ သည့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၀ ရက် နံနက် ၆ နာရီခန့်က ထားဝယ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၆ မိုင်ခန့်အကွာသို့ အရောက်၌ အောင်သန့်ဇင် (၆၃) အမည်ရှိ ငါးဖမ်းဝါးလတ်လှေ နစ်မြုပ်မှုကြောင့် ယင်းလှေပေါ်ပါ လှေသား ၁၈ ဦးကို ကယ်တင်၍ တင်ဆောင်လာသည့် ဒေသခံ ငါးဖမ်း လှေတစ်စင်းကို တွေ့ရသဖြင့် အဆိုပါလှေသား ၁၈ဦးအား တပ်မတော်ရေယာဉ်သို့ လွှဲပြောင်း ကူညီကယ်တင်မှုများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ အောင်သန့်ဇင် (၆၃) အမည်ရှိ ငါးဖမ်းဝါးလတ်လှေသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဦးအောင်မိုး ပိုင်ဆိုင်သော လှေဖြစ်ပြီး ယင်းလှေသည် ကျောက်ဆောင်နှင့် တိုက်မိ၍ နစ်မြုပ်ခဲ့ခြင်းဖြစ်ကာ တပ်မတော် ရေယာဉ်မှ တပ်မတော်သားများက လွှဲပြောင်း ကယ်တင်ခဲ့သည့် လှေသား ၁၈ ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ အလှူရှင်စာရင်း

| | | |
|---|---|---|
| ၁၀၆၂။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း နှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်းမိသားစု | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၀၆၃။ ဒေါ်မြင့်မြင့်ကြည် | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၁၀၆၄။ ဦးဟန်ဆွေ+ဒေါ်သိန်းလှ | လှည်းကူး | ၃၀၀၀၀၀ |
| ၁၀၆၅။ ဒေါ်စိန်ခ | ဓနုဖြူမြို့ | ၂၅၀၀၀၀၀ |
| ၁၀၆၆။ ဦးအောင်ရေချမ်း | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၁၀၆၇။ ဗိုလ်ပြည့်စုံဖြိုး | တပ်ကုန်းမြို့ | ၁၀၀၀၀ |
| ၁၀၆၈။ ဦးဝင်းမြင့် | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၀၆၉။ ဒုအရာခံဗိုလ်တင်မောင်(ငြိမ်း) | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၀၇၀။ ကွယ်လွန်သူ ဒေါ်စန်းစန်းလှိုင်အား ရည်စူး၍ ဆရာကြီးမောင်လင်း၏ တပည့်များကောင်းမှု | နေပြည်တော် | ၁၃၅၀၀၀ |
| ၁၀၇၁။ ဒေါ်ဝင်းဝင်း | ဝေါ | ၅၀၀၀၀၀ |
| ၁၀၇၂။ ကွယ်လွန်သူ ဗိုလ်မှူးနေထွန်း(ငြိမ်း) OTS အပတ်စဉ်(၃၀)အားရည်စူး၍ ဇနီး ဒေါ်ဆွေဆွေရီကောင်းမှု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၇၃။ ဦးကျော်အောင်(ငြိမ်း)+ဒေါ်အောင်မေရီ နှင့်သားသမီးမြေးတစ်စု | နေပြည်တော် | ၅၀၀၀၀ |
| ၁၀၇၄။ ဦးဝင်းနိုင်ဦး+ဒေါ်စန္ဒာထွေး (သား)မောင်ရဲနိုင်အောင်မိသားစု | နေပြည်တော် | ၃၀၀၀၀ |
| ၁၀၇၅။ ဖခင်ကြီး ဦးတင်လှိုင်အားရည်စူး၍ (သမီး)ဒေါ်ဖြူပြာလှိုင်(တရားလွှတ်တော်ရှေ့နေ)မိသားစုကောင်းမှု | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| (Garden Light ၁ တိုင်လှူဒါန်း) | | |
| ၁၀၇၆။ ကွယ်လွန်သူဖခင်ကြီး ဦးမြင့်သိန်း အားရည်စူး၍ (သား)ဗိုလ်ချုပ်ဝင်းသိန်း(ငြိမ်း)+ ဒေါ်ခင်သန်းရင်နှင့်သားသမီးမြေးမိသားစုကောင်းမှု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၀၇၇။ အလှူရှင်တစ်ဦး | နေပြည်တော် | ၅၀၀၀၀၀၀၀ |
| ၁၀၇၈။ ဒုအရာခံဗိုလ်အောင်ကျော်မိုး(ငြိမ်း)+ ဒေါ်စောညွန့်မိသားစု | ပြင်ဦးလွင် | ၁၀၀၀၀၀ |
| ၁၀၇၉။ အထည်ချုပ်စက်ရုံ(ဝါယာလက်)၊ ချုပ်လုပ်မှု(၁၀)မှ တာဝန်ခံနှင့်ဝန်ထမ်းများ | ရန်ကုန်မြို့ | ၈၀၀၀၀ |
| ၁၀၈၀။ အရာခံဗိုလ်ညိုဝင်း+ဒေါ်ခင်ဌေးမိသားစု | ရန်ကုန်မြို့ | ၈၀၀၀၀ |
| ၁၀၈၁။ ဦးကျော်ဉာဏ်ဝင်း+ဒေါ်အေးအေးဝင်း မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၁၀၈၂။ ဗိုလ်ကြီးဝင်းမင်းထွန်း | ရပ်စောက် | ၁၀၀၀၀၀ |
| ၁၀၈၃။ အင်းဝဘဏ်(ခိုလမ်)မှ မန်နေဂျာနှင့် ဝန်ထမ်းများ | ခိုလမ် | ၅၀၀၀၀ |
| ၁၀၈၄။ ဦးရဲထက်အောင် | မြိုင်ကလေး | ၃၀၀၀၀ |
| ၁၀၈၅။ ဦးအလိမ္မာ | တိုက်ကြီး | ၁၀၀၀၀၀ |
| ၁၀၈၆။ မိဘများအားရည်စူး၍ တပ်ကြပ်ခင်အောင်+ ဇနီး ဒေါ်တူးတူးမာ(သမီး)မအေးမြတ်မွန်မိသားစုကောင်းမှု | ပြည် | ၁၀၀၀၀၀ |
| ၁၀၈၇။ ဦးမြသန်း+ဒေါ်လှတင် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၁၀၈၈။ နှစ်ဖက်မိဘများကိုရည်စူးအမှုထား၍ ဦးမောင်မောင်ကျော်+ဒေါ်ချိုချိုမြင့်မိသားစုကောင်းမှု | ရန်ကုန်မြို့ | ၁၅၀၀၀၀၀ |
| (မဟာရံတံတိုင်းရှိ ထောင့်တိုင်- စကျင်မြန်မာမှုပါလှူဒါန်း) | | |
| ၁၀၈၉။ အနောက်တောင်တိုင်းစစ်ဌာနချုပ် နှင့်ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/စစ်သည်နှင့် မိသားစုဝင်များ | ပုသိမ်မြို့ | ၉၀၀၀၀၀၀ |
| (ဆလိုက်မီး(၁၀)မီတာ) ၁ တိုင်(ပထမအကြိမ်)လှူဒါန်း) | | |
| ၁၀၉၀။ တပ်ကြပ်ကြီးခင်အောင်ဆင့်+ ဒေါ်စန်းစန်းယု(သမီး)မမြစန်းကြည်မိသားစု | နေပြည်တော် | ၇၀၀၀၀၀ |
| ၁၀၉၁။ ဒေါ်နွယ်နွယ်စန်း | ချောက်မြို့ | ၁၀၀၀၀ |
| ၁၀၉၂။ ဦးတိုးအောင်+ဒေါ်စန်းဝင်းမိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၀၉၃။ (ဦးကျော်မင်း)+ဒေါ်ကြူကြူစိန်မိသားစု | မိတ္ထီလာ | ၅၀၀၀၀ |
| ၁၀၉၄။ ဦးတင်ရွှေ+ဒေါ်သန်းရီ | မော်လမြိုင်မြို့ | ၂၀၀၀၀၀ |
| ၁၀၉၅။ ကွယ်လွန်သူ ဒေါ်သန်းကြင်အား ရည်စူး၍ ဦးမြတ်သူနှင့်မိသားစုကောင်းမှု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၀၉၆။ ဒေါ်ခင်စန်းဝေ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၀၉၇။ ဒေါ်ချိုချိုမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၀၉၈။ ဗိုလ်မှူးခိုင်ဇင်မြင့် | နေပြည်တော် | ၁၀၀၀၀ |
| ၁၀၉၉။ ဒေါ်မြင့်မေ(သား) တပ်ကြပ်ကြီးသိန်းထွန်းဦးကောင်းမှု | မိုးညှင်း | ၅၀၀၀၀ |
| ၁၁၀၀။ ဗိုလ်ကြီးမောင်မောင်+ ဒေါ်ခင်မျိုးညွန့်နှင့်သားသမီးများ | တောင်ငူ | ၃၀၀၀၀၀ |
| ၁၁၀၁။ ဦးလှတင် | ပြင်ဦးလွင် | ၁၀၀၀၀၀ |
| ၁၁၀၂။ ဒေါက်တာအောင်ကျော် ဒေါက်တာစန္ဒာထွန်း(သား)မောင်အောင်ခန့်ကျော်မိသားစု | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| (Garden Light ၁ တိုင်လှူဒါန်း) | | |

# Dr. စိန်မောင်

## ဥက္ကဋ္ဌနှင့် တည်ထောင်သူ၊ ပထမပုဂ္ဂလိကဘဏ် (First Private Bank)

## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၅၊ တေးနုယဉ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်နေ (ဦးကျော်-ဒေါ်မြ)၊ (ဦးဖိုးမြ-ဒေါ်ကြေး)၊ (ဦးချိန်ငါး-ဒေါ်ထူး)တို့၏မြစ်၊ (ဦးကျော်ငါး-ဒေါ်ကျင်ရှု)၊ (ဦးတွမ်းနား-ဒေါ်ငွေကျင်)တို့၏မြေး၊ ဒါးပိန်မြို့အလယ်ပိုင်းနေ (ဦးစိန်ယုံ-ဒေါ်မြရင်)တို့၏သား၊ ဒေါ်ကျင်အိ၊ (ဒေါ်ကျင်လှ)တို့၏မောင်၊ ဒေါ်တင်လှိုင်၊ ဒေါ်တိုးတိုးတို့၏အစ်ကို၊ (ဒေါက်တာရင်ရင်မေ)၏ခင်ပွန်း၊ ဒေါ်အေးအေးမာ-Dr.Robert J. Czincila၊ ဒေါ်ရင်ရင်မာ-Johannes Chan၊ ဒေါက်တာအောင်မင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ May Gangaw Chan နှင့် Megan Thazin Chan တို့၏ ချစ်လှစွာသောအဘိုး ပထမပုဂ္ဂလိကဘဏ် (First Private Bank)၏ ဥက္ကဋ္ဌ (Chairman)နှင့် တည်ထောင်သူ (Founder) Dr. စိန်မောင်သည် ၃၀-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၀:၄၅ နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အာရှတော်ဝင်ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းကြေကွဲစွာဖြင့် အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူ၏ရုပ်ကလာပ်ကို ၃-၉-၂၀၂၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်တရားတော်နာယူမည်ဖြစ်ပါသဖြင့် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာစိန်မောင်

### ဥက္ကဋ္ဌ၊ ပထမ ပုဂ္ဂလိက ဘဏ်လီမိတက်

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနုယဉ်လမ်း၊ အမှတ်(၅၅)နေ (ဒေါက်တာရင်ရင်မေ)၏ခင်ပွန်း ဒေါက်တာစိန်မောင် (ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)သည် ၃၀-၈-၂၀၂၁ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းထွန်း(ဥက္ကဋ္ဌ)နှင့် ဒါရိုက်တာအဖွဲ့**
**ထွန်းကော်မာရှယ်ဘဏ်လီမိတက်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ စိန်မောင်(ဥက္ကဋ္ဌ)

### ပထမပုဂ္ဂလိကဘဏ် (First Private Bank)

### အသက် (၈၅)နှစ်

ပထမပုဂ္ဂလိကဘဏ် (First Private Bank) ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာစိန်မောင်သည် ၃၀-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ စိန်မောင်

### အသက် (၈၅)နှစ်

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်သည် ၃၀-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲမိပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**ရန်ကုန်စတော့အိတ်ချိန်း**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမြင့်ငွေး

### B.E(Chemical)1973

### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းငွေး-ဒေါ်ကျင်ရီ)တို့၏ဒုတိယသမီး၊ ဦးမြတ်သူ-ဒေါ်ညွှန့်ညွှန့်အေးတို့၏ ညီမ၊ ဦးတင်ထွန်းစိုး-ဒေါ်သိန်းသိန်းနွယ်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိုးစိုးနောင်-ဒေါ်ယုယုဝင်း၊ (ဦးစိုးစိုးအောင်)၊ (ဦးလှထွန်းအေး)၊ ဒေါ်သန်းသန်းထွေးတို့၏ အစ်မကြီး၊ ကိုကောင်းနိုင်ထွန်း-မမေမီလင်းထွန်းတို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ တူ၊ တူမ မြေးကြက်ယောက်တို့၏အဒေါ် ဒေါ်အေးမြင့်ငွေးသည် လူကြီးရောဂါဖြင့် ၃၀-၈-၂၀၂၁ရက်(တနင်္လာနေ့) ည ၇:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၁ရက် (အင်္ဂါနေ့) တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၁ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးကောင်းမှုကုသိုလ်များ ပြုလုပ်သွားမည်ဖြစ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးသန်းဦး

### အထက(၁)ဒဂုံကျောင်းသားဟောင်း

### အသက်(၇၀)

(ဦးလှဦး-ဒေါ်ခင်သန်း)ပေါင်းတည်မြို့တို့၏သားကြီး၊ ရန်ကုန်မြို့၊ လှိုင်ရတနာမွန်အိမ်ရာနေ (ဒေါ်ခင်သန်းသန်း)၊ (ဒေါ်တင်တင်နု)၊ ဒေါ်ခင်လေးကြည်(အထက-၂၊ စမ်းချောင်း-ငြိမ်း)တို့၏တူကြီး၊ ရန်ကုန်မြို့၊ ဖဆပလအိမ်ရာနေ ဒေါ်နိုင်နိုင်ကြည်၏ချစ်လှ စွာသောခင်ပွန်း၊ (ဒေါ်ခင်မေဦး)(အလက-၂၊ ဒဂုံ-ငြိမ်း)၏မောင်၊ ဦးဝင်းအောင်ဦး-ဒေါ်နန့်မြမြဝင်း၊ ဦးဝေဇင်ဦး-(ဒေါ်တင်တင်စိုး)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဦးသူရလွင်-ဒေါ်စုလှိုင်ဦး(Super Shine Design)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မနှင်းဖြူဖြူအောင်၊ မဝင့်သန္တာဦးတို့၏ဘကြီး၊ မထက်သီရိလွင်(ILBC-P2I)၏ ချစ်လှစွာသောအဘိုးသည် ၃၀-၈-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာဦးသိန်းအောင်

### ပါမောက္ခဌာနမှူး(ငြိမ်း)

### ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၄၀)နေ (ဦးကိုကိုကြီး-ဒေါ်ငွေစု)တို့၏တတိယသား၊ (ဦးဘပို-ဒေါ်စောမြ)တို့၏သားသမက်၊ (ဦးငွေသိန်း)(ညွှန်မှူး၊ ဗဟိုစာရင်းအင်းအဖွဲ့)-ဒေါ်စိုးစိုးငြိမ်း(လ/ထ၊ ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေး)၊ (ဦးအောင်ငွေ)(လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ရုပ်မြင်သံကြား)တို့၏ညီ၊ ဦးငွေထွန်း၊ (ဦးမျိုးမြင့်)၊ ဦးဇော်ဝင်း-ဒေါ် ခင်မို့မို့ဝင်း၊ ဦးလှရွှေတို့၏အစ်ကို၊ မရည်မွန်သိန်း၊ မောင်ထူးမြတ်၊ မောင်ဘုန်းပြည့်မိုး၊ မသက်ထက်စံတို့၏ဦးလေး/ဘကြီး၊ ဒေါ်ခင်ဝင်း ကြည်(ဗဟိုစည်ဆေးရုံ-ငြိမ်း)၏ခင်ပွန်းသည် ၄-၈-၂၀၂၁ရက် ည ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေတင်

### အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နေ (ဦးရွှေတင်-ဒေါ်ကေသီ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နယ်စပ်စည်ပင်ဗဟိုလေ့ကျင့်ရေးကျောင်း၊ ဝန်ထမ်းအိမ်ရာ၊ တိုက်(စီ)၊ အခန်း (၁၀၄)နေ ဦးထွန်းအောင်(အရာခံဗိုလ်-ငြိမ်း)၏ဇနီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နေ ဗိုလ်ကြီးသန်းအောင်(ငြိမ်း)-ဒေါ်မေမြင့်ရီ၊ မင်္ဂလာဒုံမြို့နေ (ဒုအရာခံဗိုလ်လှကျော်)-ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းမြင့်ဇော် (မင်္ဂလာတောင်ညွန့်မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)-ဒေါ်ဖြူဖြူထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာန၊ ဒုအရာခံဗိုလ်ခင်မောင်ထွန်း-ဒေါ်စမ်းစမ်းမော်၊ ဒေါ်ခင်မာထွန်း၊ ဒေါ်တင့်တင့်ခိုင်(ဦးစီး အရာရှိ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ နယ်စပ်စည်ပင်)တို့၏မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက် တို့၏ အဘွား ဒေါ်ငွေတင်သည် ၃၀-၈-၂၀၂၁ရက် ညနေ ၅:၄၅နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ၃၁-၈-၂၀၂၁ရက် နံနက် ၁၀နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာစောသူရိန်လှ(John Hla)

### MBBS(ဆေး-၁)ရန်ကုန်

### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၃)၊ အမှတ်(၁၅၅-I)နေ ဦးစောဂျိမ်း(စ်)လှ-နော်ရိုးဒီတို့၏သား၊ ဦးစောဝင်းထင်လှ-ဒေါ်ဇင်မာလာခိုင်၊ ကိုကျော်စိုးမိုး-ဒေါ်တင်နုနုထွေးအောင်တို့၏ချစ်လှစွာသောအစ်ကို၊ ဒေါ်နေဝဒီလှ၊ ဒေါ်စိမ်းမြမြ၊ ဒေါ်နှင်းယုနွယ်တို့၏ ချစ်လှစွာသောမောင်၊ မဂျူးသက်ချယ်၊ မပန်းမြတ်ပွင့်ချယ်၊ မောင်ကောင်းမြတ်ဘုန်းပြည့်တို့၏ ဦးလေး၊ (ဒေါ်ဂရေ့စ်လှ)၊ (ဒေါ်ဂျူးလီယက်လှ)၊ (ဦးစောဒယ်နီယာယ်လှ)တို့၏တူသားသည် ၃၀-၈-၂၀၂၁ရက် ည ၁၀:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၈-၂၀၂၁ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်ခန်းမ၌ ဝတ်ပြုပြီး သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့မြေ ဒါယကာကြီး

## ဒေါက်တာမျိုးမြင့်အောင်

### (ပါမောက္ခ/ဌာနမှူး၊ ရူပဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်)

### အသက်(၅၆)နှစ်

ရွှေဘိုမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ (ဦးညိုဆောင်)-ဒေါ်ထွေးကြည်တို့၏သား၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပွဲကြိုရပ်၊ (၁၅)လမ်း၊ အမှတ်(၁၄၈)နေ (ဦးထွန်းဆိုင်-ဒေါ်စန်း)တို့၏သမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်(၁၅/ခ)နေ ဒေါ်မော်မော်ညို (မော်-အလှပြင်+ဓာတ်ပုံ)၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာမျိုးမြင့်အောင်သည် ၂၈-၈-၂၀၂၁ ရက်(စနေနေ့) ည ၈:၅၀ နာရီတွင် မကွေးမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၂၁ ရက် (တနင်္ဂနွေနေ့)နံနက် ၇:၃၀ နာရီတွင် မကွေးမြို့၊ ဝေဠုဝန်ကုန်းမြေ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် အရိုးပြာကို တရားထိုင်ပလ္လင်ဂူအဖြစ် လှူဒါန်းခဲ့ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်မောင်မြင့် အသက်(၅၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ကြီးထောင့်မြို့၊ အမှတ်(၁) ဥယျာဉ်စုရပ်ကွက်နေ ဒေါ်သောင်းအေး၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်မြင့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြို့နယ်အလုပ်အမှုဆောင်)သည် ၂၉-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ နှမြောတသဖြစ်ရပါသည်။

**ဦးသက်နိုင်ဦး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(ကန်ကြီးထောင့်မြို့နယ်)**

---

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁ဂ (ဌ) တွင် ပြဋ္ဌာန်းထားသော "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း" ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများအား စနစ်တကျဆောင်ရွက်ထားမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီမှစတင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ဥတ္တရသီရိမြို့နယ် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လည်းကောင်း **(ယာပုံ)**၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] ကို ဥတ္တရသီရိမြို့နယ် ဥတ္တရခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ဖြင့် ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်



# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အားကစားနည်း ၁၁ မျိုး ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာ မသန်စွမ်းအားကစားအဖွဲ့ ယှဉ်ပြိုင်မည့် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရပြီး ပါဝင်မည့် အားကစားနည်းများ မပြောင်းလဲကြောင်း သိရသည်။

၂၀၂၀ ဆီးဂိမ်းပြိုင်ပွဲနှင့် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲနှစ်ခုစလုံးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး ကပ်ရောဂါအခြေအနေကြောင့် ပြိုင်ပွဲနှစ်ခုစလုံးကို လာမည့်နှစ်သို့ ရွှေ့ဆိုင်းထားရသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၁ မျိုးသာ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲရွှေ့ဆိုင်းသွားသော်လည်း ထည့်သွင်းကျင်းပမည့် အားကစားနည်းပြောင်းလဲမည် မဟုတ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် ရေကူး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ မြားပစ်၊ ဂျူဒို၊ Boccia၊ အလေးမ၊ ကြက်တောင်၊ စစ်တုရင်၊ ဝှီးချဲတင်းနစ်နှင့် Goalball ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဧပြီလကုန်

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

# ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၉၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၀၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၃၈၉ ဦးရှိ

### (၃၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ✻

## ယနေ့ သတင်းအညွှန်း

ကယ်လီဖိုးနီးယား၌ တောမီးကြောင့် အမျိုးသား သစ်တောများကို ပိတ်ထားမည် စာ ၁၂

အိုစမာဘင်လာဒင်ကို ရှာပုံတော်ဖွင့်ရင်း စစ်တလင်းဖြစ်ခဲ့ရတဲ့ အာဖဂန်နစ္စတန်ရဲ့ နောက်ဆုံးနေ့များ စာ ၁၄

အကြမ်းဖက်သမားအတွက် နေရာမရှိစေရေး ပူးပေါင်းဖော်ထုတ် သတင်းပေး ဆောင်းပါး စာ ၂၄